## ဆရာများအတွက် အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် အဖြေများဟူ၍ အဓိကအပိုင်း ၃ ပိုင်းပါရှိသည်။ ဝေါဟာရစာရင်းကို လိုအပ်သောဘာသာရပ်တွင် ဖော်ပြထားသည်။

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းကို ခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သော သင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) ၂၁ ရာစုကျွမ်းကျင်မှုများ(21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(စ) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(ဆ) အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လုပ်ငန်းရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

### (က) ကျောင်းသားဗဟိုပြုသင်ကြားနည်းကို ခြုံငုံတင်ပြခြင်း

ကျောင်းသားဗဟိုပြုသင်ကြားသည့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများ ဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (Problem Solving)နှင့် အဆင့်မြင့်ဆန်းစစ်တွေးခေါ်ခြင်း (Higher Level Critical Thinking)ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်၊ မေးခွန်းများမေးသည်၊ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်၊ မေးခွန်းများမေးကြသည်၊ နားထောင်ကြသည်။

DBE BOX Copyright Protected

## (ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ

ထိရောက်သောသင်ကြားသင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများ အတူတကွ အောက်ပါတို့ကိုဆောင်ရွက်ကြသည်။

- ✔ ကျောင်းသားများအတွက် ဆရာကသင်ယူမှုကိုရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။ ⇨ **သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ**
- ✔ ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံအသုံးပြုကြသည်။ ⇨ **သင်ကြားနည်းပညာ**
- ✔ ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက် (Feedback)များကို အပြန်အလှန်ပေးကြသည်။ ⇨ **စစ်ဆေးအကဲဖြတ်ခြင်း**

**သင်ယူမှုရလဒ်များ (Learning Outcomes)**

သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကို သိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည်။ (သင်ခန်းစာအစီအစဉ်များ (Lesson Plans) ကိုကြည့်ပါ။)

## (ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

အထက်တန်းအဆင့်ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှု စွမ်းရည်များ (Higher Order Thinking Skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (Lesson Plans)နှင့် သင်ယူမှုလုပ်ငန်းများ (Activities)တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များ ထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကို ဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်)ကို ရှာဖွေကြည့်ပါ။




ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ



DBL BOX - Copyright Protected

## (ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်–**

- ✔ ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- ✔ စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့ စုစည်းမည်နည်း။
- ✔ ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။
- ✔ ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။
- ✔ သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- ✔ မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

**သင်ခန်းစာအလယ်တွင်–**

- ✔ သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ မရှိ။
- ✔ ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ မရှိ။

**သင်ခန်းစာအဆုံးတွင်–**

- ✔ မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ မရှိ။
- ✔ သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ မရှိ။
- ✔ အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ။
- ✔ ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ✔ ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ မရှိ။
- ✔ ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

DBE BOX - Copyright Protected

## (င)　၂၁ ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့် ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C - ၅ လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက်အရေးကြီးသော ကျွမ်းကျင်မှုများမှာ -

- ✔ **ပူးပေါင်းဆောင်ရွက်ခြင်း(Collaboration)/အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (Group Work)** - ကျောင်းသားများအား အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန် အားပေးသည်။
- ✔ **ဆက်သွယ်ပြောဆိုခြင်း(Communication)** - နှုတ်အားဖြင့် ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း - စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- ✔ **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)** - ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- ✔ **တီထွင်ဖန်တီးခြင်း(Creativity and Innovation)** - အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကို ဖြေရှင်းခြင်းတို့ပြုလုပ်ရန် 'ဘောင်ခတ်ထားသည့်အခြေအနေ' မှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။
- ✔ **နိုင်ငံသားကောင်းစိတ်ဓာတ်ရှိခြင်း(Citizenship)** - ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း စိတ်ဓာတ်ရှိခြင်း တို့ဖြစ်သည်။

## (စ)　စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပြခြင်း

သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (Feedback) ချက်ချင်း ပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်အောင်မြင်စွာသင်ယူလိုပါက နောင်တွင်မည်သို့သင်ယူရန် လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

DRE BOX - Copyright Protected

**(၁) စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းတွင်အောက်ပါနည်းလမ်းများပါဝင်သည်။**

- **ကျောင်းသားဗဟိုပြုမှု–** ဆရာနှင့် ကျောင်းသားများသည် သင်ကြားရေးထက်သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကိုပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကိုလုပ်ဆောင်ရန်ပြော၍မဟုတ်ဘဲ) မည်သည်ကို သင်ယူရန် နားလည်ကြသည်။
- **ဆရာ၏ ဆုံးဖြတ်စီစဉ်မှု–** ဆရာအသီးသီးသည် မည်သည်ကို မည်သို့စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များအပေါ် မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- **ကျောင်းသားများ၏ တက်ကြွသောပါဝင်ဆောင်ရွက်မှု–** ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ်မြင့်မားလာသည်။
- **သင်ကြား သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)**- သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှုအခြေအနေအကြောင်းကို ဆရာသိရှိစေရန် အထောက်အထားပေးသည်။ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာအထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရရှိသည့် အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု စွမ်းရည်နှင့် နည်းလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

**(၂) စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း(Observation)**- လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များ၊ တင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင်

DBE BOX - Copyright Protected

ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (Soft Skills: C - ၅ လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။

- ✔ **မေးခွန်းများမေးခြင်း(Questioning)**- ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏ သင်ကြားမှုကို ကိုက်ညှိသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။
- ✔ **ကျောင်းသားများ၏ သင်ယူမှုဂျာနယ်(Student Learning Journal)**-ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကိုသင်ယူရန် လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ်သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့် သင်ခန်းစာရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျောင်းသားများအား ၎င်းတို့သိရှိပြီးသော အကြောင်းအရာများကို ရေးသားစေသည်။ သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ ယခင်ရှိပြီးသား ဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀ အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှုကိုက်ညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

DBE BOX - Copyright Protected

## (ဆ) အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း (ကျား မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)

အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity) ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီ အလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများမွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် အထက်တန်းအဆင့်စာသင်ခန်းများသည် ကျား မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကိုမခွဲခြားဘဲ ကျောင်းသားအားလုံးအကျုံးဝင် (inclusive) စေရန်ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity)ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

ဆရာသည် နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့်သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

ထို့ပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသောယဉ်ကျေးမှု၊ လူမျိုးစုနိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသားအားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

## (၈) သင်ရိုးမာတိကာ(Syllabus)နှင့် စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan)

ဒသမတန်း၊ လူမှုရေးသိပ္ပံဘာသာရပ် (ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ)အတွက် သင်ကြားချိန်မှာ တစ်ပတ်လျှင် ၃ ချိန်၊ တစ်နှစ်စာသင်ချိန် ၁၀၈ ချိန်၊ သင်ယူမှုနယ်ပယ်တစ်ခုစီအတွက် ၃၆ ချိန်စာ သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ်(Year Plan)နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုများကို ဇယားများဖြင့် ဖော်ပြထားသည်။

DBE BOX - Copyright Protected

## (က) ဒသမတန်း (Grade - 10) လူမှုရေးသိပ္ပံ(ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ)ဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

### လူမှုရေးသိပ္ပံ(ပထဝီဝင်)ဘာသာရပ်

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Concise Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ(Achievement Indicators) |
|---|---|---|---|
| သဘာဝ ပထဝီဝင် | - မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့်အိမ်နီးချင်းနိုင်ငံများအကြား နယ်နိမိတ်ထိစပ်မှုအခြေအနေများကို ရှင်းပြတတ်ရန်<br>- မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြတတ်ရန်<br>- မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင် သဘာဝအပိုင်းကြီးများနှင့် ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာတို့၏ ဆက်နွှယ်မှုကို ရှင်းပြတတ်ရန် | - မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား နယ်နိမိတ်ထိစပ်မှု အခြေအနေများကို ရှင်းပြတတ်မည်။<br>- မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်ဆိုင်ရာ အချက်အလက်များကို ဖော်ပြတတ်မည်။<br>- မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်သဘာဝ အပိုင်းကြီးများနှင့် ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာတို့၏ ဆက်နွှယ်မှုကို ရှင်းပြတတ်မည်။ | - မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား နယ်နိမိတ်ထိစပ်မှုအခြေအနေများကို ရှင်းပြနိုင်ခြင်း<br>- မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်ဆိုင်ရာ အချက်အလက်များကို ဖော်ပြတတ်ခြင်း<br>- မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင် သဘာဝအပိုင်းကြီးများနှင့် ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာတို့၏ ဆက်နွှယ်မှုကို ရှင်းပြနိုင်ခြင်း |
| လူမှုရေး ပထဝီဝင် | - ကမ္ဘာ့နိုင်ငံများ၏ လူဦးရေတိုးတက်မှုနှင့် လူဦးရေပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုများကို သိရှိနိုင်ရန်<br>- မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှင့်ပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုတို့အပြင် အသက်အုပ်စု၊ ကျား မ အချိုး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ မြို့ပြကျေးလက်လူနေထိုင်မှု အချိုးအစားနှင့် လူဦးရေမူဝါဒဆိုင်ရာအကြောင်းများကို လေ့လာသုံးသပ်တတ်ရန် | - ကမ္ဘာ့နိုင်ငံများ၏ လူဦးရေတိုးတက်မှုနှင့် လူဦးရေပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုများကို သိရှိနိုင်မည်။<br>- မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှင့်ပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုတို့အပြင် အသက်အုပ်စု၊ ကျား မ အချိုး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ မြို့ပြကျေးလက်လူနေထိုင်မှု အချိုးအစားနှင့် လူဦးရေမူဝါဒဆိုင်ရာအကြောင်းများကို လေ့လာသုံးသပ်တတ်မည်။ | - ကမ္ဘာ့နိုင်ငံများ၏ လူဦးရေတိုးတက်မှုနှင့် လူဦးရေပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုများကို သိရှိနိုင်ခြင်း<br>- မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှင့် ပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုတို့အပြင် အသက်အုပ်စု၊ ကျား မ အချိုး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ မြို့ပြကျေးလက် လူနေထိုင်မှု အချိုးအစားနှင့် လူဦးရေမူဝါဒဆိုင်ရာအကြောင်းများကို လေ့လာသုံးသပ်တတ်ခြင်း |

DBE BOX - Copyright Protected

## လူမှုရေးသိပ္ပံ(သမိုင်း)ဘာသာရပ်

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Concise Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ(Achievement Indicators) |
|---|---|---|---|
| ပုဂံယဉ်ကျေးမှု အမွေအနှစ် | - ပုဂံခေတ်နောက်ခံသမိုင်း နှင့် စေတီ၊ ဂူဘုရားများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ အကြောင်း လေ့လာသင်ယူနိုင်ရန် | - ပုဂံယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော စေတီနှင့် ဂူဘုရားတို့၏ အနုပညာဗိသုကာလက်ရာ အဆင့်အတန်းများကို အကဲဖြတ်နိုင်မည်။ | - ပုဂံအင်အားကြီးမှု၊ ပုဂံခေတ်စေတီ၊ ဂူဘုရားနှင့် ဗုဒ္ဓဆင်းတုများ၏ လက်ရာအဆင့်အတန်းများအကြောင်းကို အကဲဖြတ် ဆွေးနွေးနိုင်ခြင်း |
| မန္တလေး ယဉ်ကျေးမှု အမွေအနှစ် | - ရတနာပုံမန္တလေးနောက်ခံသမိုင်း၊ ရတနာပုံနန်းမြို့တော်၊ မြနန်းစံကျော်ရွှေနန်းတော်၊ ဗုဒ္ဓဆင်းတုလက်ရာများ အကြောင်းကို လေ့လာ သင်ယူနိုင်ရန် | - ရတနာပုံမန္တလေးမြို့တော် တည်ထောင်သည့်အကြောင်းရင်းကို ဆန်းစစ်လာနိုင်မည်။ ရတနာပုံ မန္တလေး၏ ဗိသုကာ အနုပညာလက်ရာအဆင့်အတန်းကို အကဲဖြတ်နိုင်မည်။ | - ရတနာပုံမန္တလေး၏ ဗိသုကာ အနုပညာလက်ရာ အဆင့်အတန်းကို အကဲဖြတ်နိုင်ခြင်း |
| အိန္ဒိယ ယဉ်ကျေးမှု | - ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓသာသနိက အဆောက်အအုံများ၊ ဗုဒ္ဓရုပ်ပွားတော်များ အကြောင်းကို လေ့လာသင်ယူနိုင်ရန် | - ဗုဒ္ဓယဉ်ကျေးမှု၏ ဂူ၊ စေတီ၊ ပုထိုးတော်များ တည်ဆောက်ပုံ၊ ဗိသုကာလက်ရာများကို နှိုင်းယှဉ်ဆွေးနွေးနိုင်မည် ဖြစ်သည်။ | - ဗုဒ္ဓယဉ်ကျေးမှု၏ ဗိသုကာ လက်ရာများကို နှိုင်းယှဉ်ဆွေးနွေးနိုင်ခြင်း |
| အရှေ့တောင် အာရှ ယဉ်ကျေးမှု | - အရှေ့တောင်အာရှဒေသ၌ ထွန်းကားခဲ့သော ဗောရောဗုဒေါ၊ အန်ကောဝတ်၊ အယုဒ္ဓယ တို့၏ ယဉ်ကျေးမှု အနုပညာ ဗိသုကာဆိုင်ရာ ထင်ရှားသော သာသနိက အဆောက်အအုံကြီးများ အကြောင်း သိရှိလာစေရန် | - ကိုးကွယ်ယုံကြည်မှုကို အခြေခံတည်ဆောက်ခဲ့သော အဆောက်အအုံများ၏ အနုပညာဗိသုကာလက်ရာများကို သိရှိနားလည်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်လေ့လာတတ်နိုင်မည်။ | - အရှေ့တောင်အာရှတွင် ထွန်းကားခဲ့သော ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့ တိုးတက်ပြောင်းလဲလာပုံကို ပိုင်းခြား ရှင်းပြတတ်ခြင်း၊ မြန်မာနိုင်ငံနှင့် နှိုင်းယှဉ် လေ့လာနိုင်ခြင်း |

DBE BOX - Copyright Protected

## လူမှုရေးသိပ္ပံ(ဘောဂဗေဒ)ဘာသာရပ်

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Concise Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ(Achievement Indicators) |
|---|---|---|---|
| ဘောဂဗေဒ၏ အခြေခံ အသိပညာ | - လူမှုစီးပွားရေး အခြေခံသဘော တရားများကို ရှင်းပြတတ်ရန်။<br>- ဘောဂဗေဒ၏အဓိပ္ပာယ် သတ်မှတ်ချက် ၃ မျိုးကို ဖော်ထုတ်တတ်ရန်။<br>- အကန့်အသတ်မရှိသော လူတို့၏လိုအင်ဆန္ဒများနှင့် အကန့်အသတ် ရှိသော အရင်းအမြစ်များကြား ခွဲခြမ်းစိတ်ဖြာတတ်ရန်။ | - ဘောဂဗေဒဘာသာရပ်၏ အခြေခံသဘောတရားများ ကိုနားလည်ရှင်းပြတတ် မည်။<br>- အဓိပ္ပာယ်သတ်မှတ်ချက် ၃ မျိုးကို နှိုင်းယှဉ် ဖော်ထုတ်တတ်မည်။<br>- အခြေခံကျသောလိုအပ် ချက်နှင့်အခြေခံမကျသော လိုအပ်ချက်ကိုသိရှိဖော်ပြ တတ်မည်။<br>- ထုတ်လုပ်မှုအင်အားစု အကန့်အသတ်ရှိမှုကို ဖော်ပြတတ်လာမည်။<br>- လူတို့လိုအင်ဆန္ဒနှင့် အကန့်အသတ်ရှိသော အင်အားစု အရင်းအမြစ် များကြားဆုံးဖြတ်ချက် ရွေးချယ်မှုကို ခွဲခြားနိုင်လာမည်။ | - အိမ်ထောင်စုများ၏ နေ့စဉ်ဆောင်ရွက်ချက်များ နှင့်အညီ ဘောဂဗေဒ၏ အခြေခံသဘောတရားများ ကို ဖော်ပြတတ်မည်။<br>- အဓိပ္ပာယ် သတ်မှတ်ချက် ၃ မျိုးကို ရှုထောင့်အမျိုးမျိုး မှ ခွဲခြားဖော်ထုတ်တတ် မည်။<br>- လက်တွေ့ဘဝတွင်အကန့် အသတ်မရှိသော လူတို့၏ လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်အခြေခံ သဘောတရားကို ခွဲခြား ဖော်ထုတ်တတ်မည်။ |
| | - ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအစား အမျိုးမျိုးကို ခွဲခြားတတ်ရန်။<br>- ကုန်စည်အမျိုးအစားများ နှင့် အသုံးပြုမှုကို ခွဲခြား တတ်ရန်။ | - ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအစား အမျိုးမျိုးကို ဖော်ပြတတ်လာမည်။<br>- အသုံးပြုမှုပေါ် မူတည်၍ ကုန်စည်များကို အမျိုး အစားခွဲခြားနိုင်လာမည်။ | - ကုန်စည်နှင့် ဝန်ဆောင်မှု များကိုခွဲခြားတတ်လာမည်။ လက်တွေ့ဘဝအခြေအနေ အသုံးပြုမှုပေါ် မူတည်ပြီး ကုန်စည်နှင့် ဝန်ဆောင်မှု အမျိုးအစားများခွဲခြားမှုကို ရှင်းပြတတ်လာမည်။ |

DRE BOX - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Concise Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ(Achievement Indicators) |
|---|---|---|---|
| စီးပွားရေးစနစ် | - စီးပွားရေးလုပ်ဆောင်ချက်များကို သိရှိနားလည်လာပြီး ၎င်းတို့၏ဆက်စပ်မှုများကို နေ့စဉ်လူမှု ဘဝတွင် အသုံးချတတ်ရန်။<br>- စီးပွားရေးအဆောက်အအုံနှင့် စီးပွားရေးလုပ်ဆောင်ချက်ကြား၊ စီးပွားရေးလုပ်ဆောင်ချက်နှင့် စီးပွားရေးစနစ်ကြား ဆက်စပ်မှုကို သိရှိရှင်းပြ တတ်ရန်။ | - စီးပွားရေးလုပ်ဆောင်ချက် ၅ ခုကို ခွဲခြားဖော်ပြတတ်လာမည်။<br>- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိနားလည်လာပြီး ၎င်းပေါ်မူတည်၍ စီးပွားရေးလုပ်ဆောက်ချက်များကို အဆင့်ဆင့်ဖော်ထုတ်တတ်လာမည်။<br>- စီးပွားရေးစနစ်များပေါ် အခြေခံ၍ လက်ရှိမြန်မာနိုင်ငံတွင် လုပ်ဆောင်နေသောစီးပွားရေးလုပ်ဆောင်ချက်များကို ဆက်စပ်သုံးသပ်တတ်လာမည်။ | - စီးပွားရေးလုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ဆက်စပ်မှုများကို ဥပမာများနှင့်တကွ မှတ်သားနားလည်လာမည်။<br>- စီးပွားရေးလုပ်ဆောင်ချက်များပါဝင်သည့် စီးပွားရေးကဏ္ဍာပေါ်မူတည်၍ ထုတ်လုပ်မှုအဆောက်အအုံသဘောတရားကိုသိရှိလာမည်။<br>- မြန်မာနိုင်ငံစီးပွားရေးလုပ်ဆောင်ချက်များကို စိစစ်သုံးသပ်တတ်လာမည်။ |

DBE BOX - Copyright Protected

(ခ) စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan)နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁ | ၃ | အခန်း(၁) မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏တည်နေရာနှင့် အကျယ်အဝန်း |
| | | အခန်း(၁) မြန်မာ့သမိုင်း ပုဂံယဉ်ကျေးမှုအမွေအနှစ် | - နောက်ခံသမိုင်း |
| | | အခန်း(၁) ဘောဂဗေဒဆိုသည်မှာ | - "အီးကွိုစ်" + "နိုမီ" |
| ၂ | ၃ | အခန်း(၁) မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏နယ်နိမိတ် |
| | | အခန်း(၁) မြန်မာ့သမိုင်း ပုဂံယဉ်ကျေးမှုအမွေအနှစ် | - နောက်ခံသမိုင်း |
| | | အခန်း(၁) ဘောဂဗေဒဆိုသည်မှာ | - လူသားတို့၏အကန့်အသတ်မရှိသော လိုအင်ဆန္ဒများနှင့်အကန့်အသတ်ရှိသော အရင်းအမြစ်များ |
| ၃ | ၃ | အခန်း(၂) လူမှုရေးပထဝီဝင် | - ကမ္ဘာ့လူဦးရေ (သန်းခေါင်စာရင်းကောက်ယူခြင်း) |
| | | အခန်း(၁) မြန်မာ့သမိုင်း ပုဂံယဉ်ကျေးမှုအမွေအနှစ် | - နောက်ခံသမိုင်း (ပြန်လှန်သင်ကြားခြင်း) |
| | | အခန်း(၁) ဘောဂဗေဒဆိုသည်မှာ | - လူသားတို့၏အကန့်အသတ်မရှိသော လိုအင်ဆန္ဒများနှင့်အကန့်အသတ်ရှိသော အရင်းအမြစ်များ |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၄ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏မြေမျက်နှာသွင်ပြင် |
| | | အခန်း(၁) မြန်မာ့သမိုင်း<br>ပုဂံယဉ်ကျေးမှုအမွေအနှစ် | - နောက်ခံသမိုင်း<br>(ပြန်လှန်သင်ကြားခြင်း) |
| | | အခန်း(၁)<br>ဘောဂဗေဒဆိုသည်မှာ | - အခန်း(၁)ကို ပြန်လည်ဆန်းစစ်ခြင်း |
| ၅ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏ရေဆင်း |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း<br>အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓယဉ်ကျေးမှုနောက်ခံသမိုင်း |
| | | အခန်း(၁)<br>ဘောဂဗေဒဆိုသည်မှာ | - လေ့ကျင့်ခန်းများ |
| ၆ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - ကမ္ဘာ့လူဦးရေ တိုးတက်လာပုံ |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း<br>အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓသာသနိက အဆောက်အအုံများ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကုန်စည်များနှင့်ဝန်ဆောင်မှုများ၏ အဓိပ္ပာယ် |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၇ | ၃ | အခန်း(၁) မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏ရာသီဥတု ပြုပြင်ဖန်တီးထားသောအချက်များ |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓသာသနိက အဆောက်အအုံများ |
| | | အခန်း(၂) ကုန်စည်နှင့်ဝန်ဆောင်မှုများ | - အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည် |
| ၈ | ၃ | အခန်း(၁) မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏ ရာသီဥတု အမျိုးအစားများ |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓရုပ်ပွားတော်များ |
| | | အခန်း(၂) ကုန်စည်နှင့်ဝန်ဆောင်မှုများ | - သွင်းအားစုများနှင့် ကုန်ထွက်များ |
| ၉ | ၃ | အခန်း(၂) လူမှုရေးပထဝီဝင် | - ကမ္ဘာ့လူဦးရေ ပျံ့နှံ့နေထိုင်ပုံ |
| | | အခန်း(၁) မြန်မာ့သမိုင်း ပုဂံယဉ်ကျေးမှုအမွေအနှစ် | - ပုဂံခေတ် သာသနိက အဆောက်အအုံများ |
| | | အခန်း(၂) ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကုန်ချောနှင့်ကုန်ကြမ်းများ |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၀ | ၄ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ သဘာဝပေါက်ပင် (ဒီရေတောများ၊ ပင်လယ်ကမ်းနားသောင်ပြင်နှင့်သဲခုံတော၊ စိမ့်တောများ၊ အမြဲစိမ်းတောများ) |
| | | အခန်း(၁) မြန်မာ့သမိုင်း<br>ပုဂံယဉ်ကျေးမှုအမွေအနှစ် | - ပုဂံခေတ် သာသနိက အဆောက်အအုံများ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည် |
| ၁၁ | ၄ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြန်မာနိုင်ငံ၏ရွက်ပြတ်ရောနှောတောနှင့် ခြောက်သွေ့တောများ၊ အင်တိုင်းတောများနှင့်တောင်ပေါ်သမပိုင်းအမြဲစိမ်းတော၊ |
| | | အခန်း(၁) မြန်မာ့သမိုင်း<br>ပုဂံယဉ်ကျေးမှုအမွေအနှစ် | - ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - စားသုံးကုန်စည်များနှင့် ထုတ်လုပ်သူသုံးကုန်စည် |
| ၁၂ | ၄ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - ကမ္ဘာ့လူဦးရေ သိပ်သည်းမှု |
| | | အခန်း(၁) မြန်မာ့သမိုင်း<br>ပုဂံယဉ်ကျေးမှုအမွေအနှစ် | - ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကြာရှည်သုံးကုန်စည်နှင့် တစ်ခါသုံးကုန်စည် |

DBEFOX Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၃ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြေဆီလွှာ(နုန်းမြေ၊ လယ်မြေ၊ ဂဝံဆန်မြေဆီလွှာ၊ နီညိုတောမြေ နှင့် ဝါညိုတောမြေ) |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း<br>အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓသာသနိက အဆောက်အအုံများ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ပျက်စီးလွယ်သောကုန်စည်နှင့် မပျက်စီးလွယ်သော ကုန်စည် |
| ၁၄ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - မြေဆီလွှာ(သဲကုန်းတောမြေနှင့် ကနစိုတောမြေမှ မြောက်ပိုင်းတောင်တန်းမြေနှင့် ချင်းတောင်မြေအထိ) |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း<br>အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓသာသနိက အဆောက်အအုံများ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကုန်လက်ကျန်နှင့်ကုန်စီးဆင်းမှု |
| ၁၅ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - ကမ္ဘာ့လူဦးရေသိပ်သည်းရခြင်း၊ နည်းရခြင်းအကြောင်းအရင်း |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း<br>အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓရုပ်ပွားတော်များ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - ကုန်လက်ကျန်နှင့်ကုန်စီးဆင်းမှု |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၆ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အရှေ့ဘက်ကုန်းမြင့်ဒေသ<br>(မြောက်ဘက်ပိုင်း) |
| | | အခန်း(၃) ကမ္ဘာ့သမိုင်း<br>အိန္ဒိယယဉ်ကျေးမှု | - ဗုဒ္ဓရုပ်ပွားတော်များ |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - အခန်း(၂)ကို ပြန်လည်ဆန်းစစ်ခြင်း |
| ၁၇ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အရှေ့ဘက်ကုန်းမြင့်ဒေသ<br>(အလယ်ပိုင်း) |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - နောက်ခံသမိုင်း |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - လေ့ကျင့်ခန်းများ |
| ၁၈ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - မြန်မာနိုင်ငံလူဦးရေ |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - နောက်ခံသမိုင်း |
| | | အခန်း(၂)<br>ကုန်စည်နှင့်ဝန်ဆောင်မှုများ | - လေ့ကျင့်ခန်းများ |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၁၉ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အရှေ့ဘက်ကုန်းမြင့်ဒေသ<br>(တောင်ဘက်ပိုင်းနှင့် ရေဆင်း) |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - မန္တလေးရတနာပုံနန်းမြို့တော်နှင့်<br>မြနန်းစံကျော်ရွှေနန်းတော် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးလုပ်ဆောင်ချက်များ<br>(က) ထုတ်လုပ်ခြင်း |
| ၂၀ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အရှေ့ဘက်ကုန်းမြင့်ဒေသ<br>(အဓိကအချက်၊ အပြန်အလှန်<br>ဆက်နွယ်မှု) |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - မန္တလေးရတနာပုံနန်းမြို့တော်နှင့်<br>မြနန်းစံကျော်ရွှေနန်းတော် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးလုပ်ဆောင်ချက်များ<br>(က) ထုတ်လုပ်ခြင်း |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၁ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - မြန်မာနိုင်ငံလူဦးရေတိုးတက်လာပုံ |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - ဗောရောဗုဓော |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (ခ) ဖြန့်ဖြူးခြင်း |
| ၂၂ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အလယ်ပိုင်းချိုင့်ဝှမ်းဒေသ<br>(မြေမျက်နှာသွင်ပြင်၊တောင်တန်း) |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - ဗောရောဗုဓော |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (ခ) ဖြန့်ဖြူးခြင်း |
| ၂၃ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အလယ်ပိုင်းချိုင့်ဝှမ်းဒေသ<br>(လွင်ပြင်) |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - ဗောရောဗုဓော |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (ဂ) လဲလှယ်ခြင်း |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၄ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - မြန်မာနိုင်ငံလူဦးရေပျံ့နှံ့မှု |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - ပြန်လှန်သင်ကြားခြင်း |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (ဂ) လဲလှယ်ခြင်း |
| ၂၅ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အလယ်ပိုင်းချိုင့်ဝှမ်းဒေသ<br>(ရေဆင်း၊ဧရာဝတီ) |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - မန္တလေးခေတ် ဗုဒ္ဓဆင်းတုတော်<br>လက်ရာနှင့် မဟာသကျမာရဇိန် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (ဃ) စားသုံးခြင်းနှင့်စုဆောင်းခြင်း |
| ၂၆ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အလယ်ပိုင်းချိုင့်ဝှမ်းဒေသ<br>(ရေဆင်း၊ ချင်းတွင်း၊ စစ်တောင်း) |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - မန္တလေးခေတ် ဗုဒ္ဓဆင်းတုတော်<br>လက်ရာနှင့် မဟာသကျမာရဇိန် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (ဃ) စားသုံးခြင်းနှင့်စုဆောင်းခြင်း |

DBE BOX Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၂၇ | ၄ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - မြန်မာနိုင်ငံလူဦးရေသိပ်သည်းမှု |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - မန္တလေးခေတ် ဗုဒ္ဓဆင်းတုတော်<br>လက်ရာနှင့် မဟာသကျမာရဇိန် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | (င) ရင်းနှီးမြှုပ်နှံခြင်း |
| ၂၈ | ၄ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အလယ်ပိုင်းချိုင့်ဝှမ်းဒေသ<br>(အပြန်အလှန်ဆက်နွှယ်မှု) |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - အန်ကောဝတ် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန် |
| ၂၉ | ၄ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အနောက်ဘက်တောင်တန်းဒေသ<br>(မြေမျက်နှာသွင်ပြင်) |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - အန်ကောဝတ် |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးစနစ် |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၀ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - မြန်မာနိုင်ငံလူဦးရေပြောင်းရွှေ့မှု |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - အယုဒ္ဓယ |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဍာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးအဖွဲ့အစည်းများ |
| ၃၁ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - အနောက်ဘက်တောင်တန်းဒေသ<br>(အပြန်အလှန်ဆက်နွယ်မှု) |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - အယုဒ္ဓယ |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဍာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးအဖွဲ့အစည်းများ |
| ၃၂ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - ရခိုင်ကမ်းမြောင်ဒေသ<br>(မြေမျက်နှာသွင်ပြင်) |
| | | အခန်း(၄) ကမ္ဘာ့သမိုင်း<br>အရှေ့တောင်အာရှယဉ်ကျေးမှု | - ပြန်လှန်သင်ကြားခြင်း |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဍာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးအဖွဲ့အစည်းများ |

DBE BOX - Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၃ | ၃ | အခန်း(၂)<br>လူမှုရေးပထဝီဝင် | - မြန်မာနိုင်ငံလူဦးရေမူဝါဒ |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - ကျောက်ထက်အက္ခရာ<br>ပိဋကတ်တော်များ |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - စီးပွားရေးအဖွဲ့အစည်းများ |
| ၃၄ | ၃ | အခန်း(၁)<br>မြန်မာနိုင်ငံ၏သဘာဝပထဝီဝင် | - ရခိုင်ကမ်းမြောင်ဒေသ<br>(အပြန်အလှန်ဆက်နွယ်မှု) |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - ကျောက်ထက်အက္ခရာ<br>ပိဋကတ်တော်များ |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - အခန်း(၃)ကို ပြန်လည်ဆန်းစစ်<br>ခြင်း |
| ၃၅ | ၃ | အခန်း(၁) မြန်မာနိုင်ငံ၏သဘာဝပထဝီဝင်<br>အခန်း(၂) လူမှုရေးပထဝီဝင် | - ပြန်လှန်သင်ကြားခြင်း |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - ပြန်လှန်သင်ကြားခြင်း |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - လေ့ကျင့်ခန်းများ |

DBE BOX Copyright Protected

| သီတင်းပတ် | အချိန် | အခန်းခေါင်းစဉ် | သင်ခန်းစာခေါင်းစဉ် |
|---|---|---|---|
| ၃၆ | ၃ | အခန်း(၁) မြန်မာနိုင်ငံ၏သဘာဝပထဝီဝင်<br>အခန်း(၂) လူမှုရေးပထဝီဝင် | - လေ့ကျင့်ခန်းများ |
| | | အခန်း(၂) မြန်မာ့သမိုင်း<br>မန္တလေးယဉ်ကျေးမှုအမွေအနှစ် | - ပြန်လှန်သင်ကြားခြင်း |
| | | အခန်း(၃)<br>စီးပွားရေးလုပ်ဆောင်ချက်များ၊<br>စီးပွားရေးအဆောက်အအုံ<br>ပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့်<br>စီးပွားရေးအဖွဲ့အစည်းများ | - လေ့ကျင့်ခန်းများ |

## ၂။ သင်ခန်းစာအစီအစဉ်များ(Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ်(သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- **I-T-P-R**)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကိုအားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာ့အတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းဟူသောအဆင့် ၄ ဆင့်ပါမည်။(သင်ခန်းစာကိုလိုက်၍ အနည်းငယ်ကွဲပြားနိုင်သည်။)

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း (Teach)/သင်ကြားမှု လုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့် စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်ဆန်းစစ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

DRI BOX Copyright Protected

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/<br>နိဒါန်းပျိုးခြင်း<br>(Introduction) | ယခင်သင်ယူပြီး အသိပညာကိုစစ်ဆေးခြင်း၊<br>ဥပမာ-'အဝင်-အထွက်' (ENTRY - EXIT) နည်းလမ်းကို<br>သုံးခြင်း။<br>အဝင်(မသင်ကြားမီ)-ယခင်ကသင်ယူခဲ့သောအကြောင်းနှင့်<br>ပတ်သက်၍မည်သည့်အကြောင်းအရာ ၃ ခုကိုသင်ပြန်လည်<br>မှတ်မိသနည်း။<br>အထွက်(သင်ကြားပြီး) - သင်သည်<br>မည်သည့်အကြောင်းအရာအသစ် ၃ ခုကိုသင်ယူခဲ့သနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင်အများစုသည်ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင်အများစုသည်ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်ဆန်းစစ်ခြင်း(Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့်<br>ပြန်လည်ဆန်းစစ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း(T-P)အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ဥပမာ-




DBE BOX - Copyright Protected

ဆရာလမ်းညွှန်

# လူမှုရေးသိပ္ပံ

ပထမတွဲ

ဒုတိယ

DBE BOX - Copyright Protected

DBE BOX - Copyright Protected

# အခန်း (၁)

# မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်

**စုစုပေါင်းစာသင်ချိန် (၂၃)ချိန်၊ တစ်ချိန် (၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- ❖ မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်ဆိုင်ရာ အချက်အလက်များကို ဖော်ပြတတ်မည်။
- ❖ မြန်မာနိုင်ငံတည်နေရာ၏ အရေးပါမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှု၊ ပိုင်နက်ရေပြင်ဆိုင်ရာနှင့် အုပ်ချုပ်ရေးနယ်မြေများ ခွဲခြားသတ်မှတ်ထားခြင်းကို ဆွေးနွေးတင်ပြနိုင်မည်။
- ❖ မြန်မာနိုင်ငံ၏ သဘာဝအပိုင်းကြီးများ ပိုင်းခြားထားပုံနှင့် ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာတို့နှင့် ဆက်နွယ်နေမှုတို့ကို ရှင်းပြတတ်မည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

- ❖ မြန်မာနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာပြပုံများနှင့် မြန်မာနိုင်ငံကို သဘာဝအပိုင်းကြီး ၄ ပိုင်း ပိုင်းခြားထားကြောင်း ဖော်ပြထားသည့် မြေပုံကားချပ်များ။

## ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု

- ❖ မြန်မာနိုင်ငံ၏ တည်နေရာပြမြေပုံကိုလေ့လာပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှု၊ အုပ်ချုပ်ရေးနယ်မြေများ အဆင့်ဆင့်ပိုင်းခြားသတ်မှတ်ထားမှုတို့ကို သိရှိပြီး အပြန်အလှန် ဆွေးနွေးနိုင်ခြင်း။
- ❖ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ပြပုံ၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာ အမျိုးအစားပြပုံများကို နှိုင်းယှဉ်လေ့လာပြီး သဘာဝပထဝီဝင်ဆိုင်ရာ အချက်အလက်များ၏ အပြန်အလှန် ဆက်နွယ်နေမှုကို အုပ်စုဖွဲ့အပြန်အလှန် ဆွေးနွေးခြင်းဖြင့် ကြောင်းကျိုးဆက်စပ် စဉ်းစားနိုင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများကို ရရှိစေမည်။

DREBOX - Copyright Protected

## ၁.၁ မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်

**စုစုပေါင်းစာသင်ချိန်(၂)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

### မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်း **စာသင်ချိန်(၁)**

**သင်ခန်းစာရည်ရွယ်ချက်**

❖ မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားထားမှုကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

❖ မူလတန်းအဆင့် လူမှုရေးဘာသာရပ် (ပထဝီဝင်)တွင် မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့်နယ်နိမိတ်အကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၏ တည်နေရာအကြောင်းကို သိသမျှ ပြန်လည်ပြောပြစေမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာကမြန်မာနိုင်ငံ၏ တည်နေရာမြေပုံ(၁. ၁)ကိုချိတ်ဆွဲပြသပြီး မြန်မာနိုင်ငံသည် မည်သည့်လတ္တီကျုနှင့် လောင်ဂျီကျုများကြားတွင် တည်ရှိကြောင်း၊ မြန်မာနိုင်ငံကို မြောက်ယာဉ်စွန်းတန်းမျဉ်းဖြတ်သန်းသွားသည့် မြို့အမည်များ၊ ယင်း ယာဉ်စွန်းတန်းသည် ရာသီဥတုရပ်ဝန်းဇုန်အပိုင်းအခြားမျဉ်းတစ်ခုကဲ့သို့ဖြစ်ကြောင်းနှင့် မြန်မာစံတော်ချိန်မျဉ်း၏ လောင်ဂျီကျုဒီဂရီတန်ဖိုးများကို ပြောပြမည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ အကျယ်အဝန်းကို စတုရန်းကီလိုမီတာဖြင့် ပြောပြရန်၊ အရှေ့တောင်အာရှတွင် ဒုတိယဧရိယာအကြီးဆုံးနိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အကျယ်အဝန်းနှင့် ကမ်းရိုးတန်းအရှည်တို့ကို ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့စေမည်။ ပထမအုပ်စုကို မြန်မာနိုင်ငံ တည်ရှိသည့်လတ္တီကျုနှင့်လောင်ဂျီကျုမျဉ်းတန်ဖိုးများ၊ မြောက်ယာဉ်စွန်းတန်းမျဉ်း ဖြတ်သန်းသွားသည့် မြို့အမည်များနှင့် ယင်း ယာဉ်စွန်းတန်းမျဉ်းက ပိုင်းခြားထားသည့် ရာသီဥတုရပ်ဝန်းများကို လေ့လာမှတ်သားစေပြီး ထို့နောက် မြေပုံပေါ်တွင် အဖွဲ့ကိုယ်စားလှယ်က ထောက်ပြရှင်းလင်းစေမည်။

ဒုတိယအုပ်စုကို မြန်မာနိုင်ငံ၏ စံတော်ချိန်မျဉ်းအကြောင်း၊ မြန်မာနိုင်ငံ၏အကျယ်အဝန်းကို အခြားနိုင်ငံများ၏အကျယ်အဝန်းနှင့် နှိုင်းယှဉ်ပုံ၊ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အကျယ်အဝန်း၊ ကမ်းရိုးတန်းအရှည်တို့ကို လေ့လာမှတ်သားစေပြီး အတန်းသို့အဖွဲ့ကိုယ်စားလှယ်က မြေပုံပေါ်တွင် တည်နေရာများထောက်ပြရှင်းလင်းစေမည်။ လိုအပ်ချက်များရှိပါက အချင်းချင်းပြန်လည်ဖြည့်စွက်ပေးခြင်းနှင့် ဆရာက လိုအပ်သည်ကို ဖြည့်ပေးခြင်း ပြုလုပ်မည်။

DBE BOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံ၏ တည်နေရာကိုဖော်ပြရာတွင် မည်သည့်လတ္တီကျုမျဉ်းများနှင့် လောင်ဂျီကျုမျဉ်းများဖြင့် သတ်မှတ်ထားသနည်း။

(၂) မြန်မာနိုင်ငံ၏ မြောက်ဘက် လေးပုံတစ်ပုံခန့်သည် သမပိုင်းဇုန်အတွင်း အဘယ်ကြောင့်ကျရောက်သနည်း။

(၃) ယာဉ်စွန်းတန်းမျဉ်းများကို မည်သည့်လတ္တီကျုမျဉ်းများဖြင့် ဖော်ပြသနည်း။

**နယ်နိမိတ်** **စာသင်ချိန်(၂)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင် သင်ခန်းစာတွင် မြန်မာနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းအကြောင်း လေ့လာခဲ့ပြီးဖြစ်သည်။
- မြန်မာနိုင်ငံ၏ နယ်နိမိတ်၊ ရေပြင်ပိုင်နက်နှင့် မြန်မာနိုင်ငံကို အုပ်ချုပ်ရေး နယ်မြေများပိုင်းခြားထားပုံကို သင်ကြားမည်။
- မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ ဘယ်နှနိုင်ငံ ရှိပါသလဲ၊ အမည်များကို သိပါသလားဟုမေးမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံရှိခြင်းကြောင့် အတန်အသင့်များကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး ၂ နိုင်ငံနှင့် ကမ္ဘာ့လူဦးရေ သိပ်သည်းမှုအများဆုံးနိုင်ငံတို့နှင့် အိမ်နီးချင်းအဖြစ်တည်ရှိနေမှုကို သတိပြုရန်လိုကြောင်း ဆရာက ရှင်းပြမည်။ ဆက်လက်ပြီး အိမ်နီးချင်း ၅ နိုင်ငံ၏ အမည်နှင့်တည်နေရာများကို မြေပုံပေါ်တွင် ရှင်းပြမည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်၊ မုတ္တမကွေ့၊ ကပ္ပလီပင်လယ်တို့နှင့် ရေပြင်ထိစပ်နေပြီး နိုင်ငံရေပိုင်နက်ကို သတ်မှတ်ထားရှိကြောင်း၊ နိုင်ငံအလိုက် ရေပိုင်နက်သတ်မှတ်ထားရှိမှု မတူညီကြောင်း၊ ကုန်းမြေပိုင်နက်နှင့် ရေပြင်ပိုင်နက်အပေါ်ရှိလေထုကိုလည်း လေပိုင်နက်အဖြစ်ပိုင်ဆိုင်ထားကြောင်း ရှင်းပြမည်။

ဆက်လက်ပြီး မြန်မာနိုင်ငံကို ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုနယ်မြေတစ်ခုတို့ဖြင့် ဖွဲ့စည်းထားကြောင်း ပြည်နယ်တိုင်းဒေသကြီးအမည်များကို ပုံတွင်ပြ၍ ရှင်းမည်။ ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်တည်ရှိပြီး အုပ်ချုပ်ရေးနယ်မြေများအဖြစ် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအဖြစ် အဆင့်ဆင့် ထပ်မံစိတ်ပိုင်းထားကြောင်း ရှင်းပြမည်။

DRE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၂၀) မိနစ်**

ဆရာက မြန်မာနိုင်ငံ၏အနားသတ်မြေပုံကို ကြိုတင်ချိတ်ဆွဲထားပြီး ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုကို မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ အမည်၊ တည်နေရာများ၊ ရေပြင်ထိစပ်နေသော ပင်လယ်အမည်နှင့် တည်နေရာများ၊ ကုန်းနယ်နိမိတ်နှင့် ရေပြင်နယ်နိမိတ် အလျားများကို မှတ်သားစေပြီး အုပ်စုကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းမည်။ တည်နေရာများကို မြန်မာနိုင်ငံအနားသတ်မြေပုံတွင် အမည်များမှန်ကန်စွာ ရေးသားစေမည်။

ဒုတိယအုပ်စုကို မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီးအမည်များနှင့် ပြည်ထောင်စုနယ်မြေ တည်နေရာများကို မှတ်သားစေမည်။ အုပ်ချုပ်ရေးအတွက် နယ်မြေခွဲခြားမှုအဆင့်များကိုလည်း လေ့လာစေပြီး အုပ်စုအဖွဲ့ခေါင်းဆောင်က ရှင်းပြမည်။ အဖွဲ့တွင်ပါဝင်သူများအား မြန်မာပြည်မြေပုံ အလွတ်ပေါ်တွင် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ အမည်များကို မှန်ကန်စွာထည့်သွင်း စေမည်။

UBE BOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၅) မိနစ်**

(၁) ကုန်းပိတ်နိုင်ငံဆိုသည်မှာ အဘယ်နည်း။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများထဲမှ ကုန်းပိတ်နိုင်ငံ အမည်ကို ဖော်ပြပါ။

(၂) ပြည်နယ်၊ တိုင်းဒေသကြီးများ၏ မြို့တော်အမည်များကို ဖော်ပြပါ။

(၃) ပြည်ထောင်စု အဆင့်မှ အုပ်ချုပ်ရေးနယ်မြေများ အဆင့်ဆင့် ခွဲသွားပုံကို ရေးပြပါ။

## ၁.၂ မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်ဆိုင်ရာ အချက်အလက်များ

**စုစုပေါင်းစာသင်ချိန်(၈)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

❖ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာများ အကြောင်းကို သိရှိစေရန်

### ၁.၂.၁ မြေမျက်နှာသွင်ပြင် **စာသင်ချိန်(၁)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

❖ မြန်မာနိုင်ငံ၏ နယ်နိမိတ်အကြောင်း သင်ကြားခဲ့ပြီးဖြစ်သည်။

❖ မြန်မာနိုင်ငံ၏ သဘာဝပထဝီဝင်ဆိုင်ရာအချက်အလက်များမှ မြန်မာနိုင်ငံ၏ မြေမျက်နှာ သွင်ပြင်အကြောင်းသင်ကြားမည်။

❖ မြေမျက်နှာသွင်ပြင်ဟုပြောလျှင် မည်သို့သော မြေပြင်လက္ခဏာများပါမည်နည်းဟု မေးမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသုံးစာအုပ်ပါ မြန်မာနိုင်ငံ မြေမျက်နှာသွင်ပြင်ပြမြေပုံ (၁. ၂) ကို သင်ပုန်းတွင် ချိတ်ဆွဲပြီး မြေမျက်နှာသွင်ပြင်လက္ခဏာရပ်များတွင် တောင်တန်း၊ ကုန်းမြင့်၊ ချိုင့်ဝှမ်း၊ လွင်ပြင် အမျိုးမျိုးနှင့် မြစ်ဝကျွန်းပေါ် လက္ခဏာများပါဝင်ကြောင်း၊ ပုံပေါ်တွင် ဖော်ပြထားသော အရောင်အသွေး များကိုပြပြီး မြန်မာနိုင်ငံသည် တောင်တန်းထူထပ်သောနိုင်ငံဖြစ်သည်ဟု ယေဘုယျအားဖြင့်ပြောနိုင် ကြောင်း တောင်တန်း၊ ကုန်းမြင့်နှင့် လွင်ပြင်များတည်နေရာကို ပုံပေါ်တွင်ထောက်ပြပြီး ရှင်းပြမည်။

ဆက်လက်ပြီး နိုင်ငံအလယ်ပိုင်းတွင် ဧရာဝတီ၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်တို့ စီးဆင်းရာ အလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး ဖြစ်ကြောင်း၊ တောင်ဘက်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်လွင်ပြင်ကြီး ရှိကြောင်း ပုံကိုပြ၍ ရှင်းမည်။

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ကို သဘာဝအပိုင်းကြီး ၄ ပိုင်း ပိုင်းခြားနိုင်ကြောင်း အမည်များနှင့် ပိုင်းခြားထားပုံကို ပုံတွင် ပြသရှင်းမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက မြန်မာနိုင်ငံ မြေပုံအလွတ် (အနားသတ်မြေပုံ)တစ်ခုအား သင်ပုန်းပေါ်တွင်ရေးဆွဲ သို့မဟုတ် ချိတ်ဆွဲထားပါ။ ကျောင်းသားများအား အုပ်စု ၂ စုခွဲရမည်။ ပထမအုပ်စုအား မြန်မာနိုင်ငံ၏ တောင်တန်း၊ ကုန်းမြင့်များ တည်ရှိသွယ်တန်းပုံကို လေ့လာစေမည်။ အဖွဲ့ကိုယ်စားလှယ်က မြန်မာ နိုင်ငံ၏တောင်တန်းများသွယ်တန်းလာပုံကို အတန်းအားရှင်းပြစေမည်။ ဆက်လက်ပြီး ကုန်းမြင့်၊ တောင်တန်း များ၏တည်နေရာများကို မြေပုံပေါ်တွင် အဖွဲ့က မှန်ကန်စွာ ဖော်ပြစေမည်။

ဒုတိယအုပ်စုအား မြန်မာနိုင်ငံရှိ မြစ်ချောင်းများ သွယ်တန်းစီးဆင်းပုံကို သေချာစွာ လေ့လာ စေပြီး အဖွဲ့ကိုယ်စားလှယ်က မြစ်ချောင်းများစီးဆင်းပုံနှင့် မြစ်ဝကျွန်းပေါ်တည်ရှိမှုတို့ကို ရှင်းပြစေမည်။ ဆက်လက်ပြီး မြစ်များ၏တည်နေရာနှင့် အလယ်ပိုင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တို့၏ တည်နေရာ များကို မြေပုံပေါ်တွင် အဖွဲ့က မှန်ကန်စွာ ဖော်ပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

ကျောင်းသုံးစာအုပ်ပါ ပုံ (၁. ၂) ကို လေ့လာစေပြီး အောက်ပါမေးခွန်းများ မေးမည်။

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးအပိုင်းကို မည်သည့်နေရာတွင် တွေ့ရှိရပြီး ပျမ်းမျှ မည်မျှ မြင့်သနည်း။

(၂) မြန်မာနိုင်ငံတွင် မြေနိမ့်ဒေသများသည် ပျမ်းမျှမီတာ မည်မျှ မြင့်သနည်း။

(၃) ရှမ်းပြည်နယ် တည်ရှိရာအပိုင်းသည် မည်သည့်အမြင့်မီတာအတွင်း တည်ရှိသနည်း။

(၄) အလယ်ပိုင်းဒေသ၏တောင်ဘက်တွင် မည်သည့်လွင်ပြင်တည်ရှိသနည်း။

DBE BOX - Copyright Protected

**၁.၂.၂ ရေဆင်း** **စာသင်ချိန်(၂)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ ယခင်သင်ခန်းစာတွင် မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အကြောင်းကို သင်ကြားပြီးဖြစ်၍ ယင်းနှင့်ဆက်စပ်နေသော ရေဆင်းအကြောင်းကို လေ့လာသွားမည်။
- ❖ မြန်မာနိုင်ငံတွင် စီးဆင်းနေသော အဓိက မြစ်ကြီးများ၏အမည်ကို မေးမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက မြန်မာနိုင်ငံရှိ တောင်တန်းများ မြောက်မှတောင်သို့ သွယ်တန်းနေကြောင်း၊ ထို့ကြောင့် တောင်တန်းများအကြားရှိ မြစ်၊ ချောင်းများ ယေဘုယျအားဖြင့် မြောက်မှတောင်သို့စီးဆင်းပြီး ဘင်္ဂလား ပင်လယ်အော်၊ ကပ္ပလီပင်လယ်နှင့်မုတ္တမကွေ့များအတွင်းသို့စီးဝင်ကြကြောင်း မြေပုံပေါ်ထောက်ပြ၍ ရှင်းမည်။ တောင်မှမြောက်သို့စီးဆင်းနေသောမြစ်များလည်းရှိကြောင်း ဖြည့်စွက်ရှင်းပြမည်။ မြန်မာ နိုင်ငံရှိ အဓိကမြစ်စဉ်စုကြီးများမှာ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့်သံလွင်တို့ဖြစ်ပြီး ရခိုင် ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် မြစ်ချောင်းများစွာစီးဆင်းနေကြောင်း ကျောင်းသုံး စာအုပ်ပါ ပုံ (၁. ၃) ကိုပြ၍ ရှင်းပြမည်။

မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်အဖြစ် စီးဆင်းနေသောမြစ်များ တည်ရှိ ကြောင်း မြစ်အမည်များနှင့် ထိစပ်နိုင်ငံများကို ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုကို ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်တို့၏ ရေဆင်းနှင့်ပတ်သက်၍ အသေးစိတ် လေ့လာစေပြီး အဖွဲ့ကိုယ်စားလှယ်က ပြန်လည် ရှင်းပြမည်။ အဖွဲ့တွင် ပါဝင်သူများက မြန်မာနိုင်ငံအနားသတ်မြေပုံပေါ်ရှိ မြစ်ချောင်းများပေါ်တွင် မြစ်အမည်များကို မှန်ကန်စွာ ထည့်သွင်းစေရာတွင် မြစ်ချောင်းများ သွယ်တန်းစီးဆင်းရာလမ်းကြောင်း အတိုင်း အမည်များကို ရေးသွင်းစေမည်။

ဒုတိယအုပ်စုမှာ ရခိုင်ကမ်းရိုးတန်းနှင့်တနင်္သာရီကမ်းရိုးတန်းရှိ မြစ်ချောင်းများ၏ စီးဆင်းပုံနှင့် နယ်နိမိတ်မြစ်များအကြောင်းကို လေ့လာပြီး အဖွဲ့ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းမည်။ ဆက်လက် ပြီး အဖွဲ့တွင်ပါဝင်သူများက မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအမည်များနှင့် နယ်နိမိတ်မြစ်တည်နေရာများကို မြေပုံပေါ်တွင် မှန်ကန်စွာဖော်ပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

ကျောင်းသုံးစာအုပ်ပါ ပုံ (၁. ၃) ကိုကြည့်ရှု၍ မြန်မာနိုင်ငံ၏ နယ်နိမိတ်မြစ်များအမည်နှင့် ၎င်းမြစ်များ ဖြတ်သန်းစီးဆင်းသော ထိစပ်နေသည့်နိုင်ငံအမည်များကို ယှဉ်တွဲဖြေဆိုပါ။

DBE BOX - Copyright Protected

**၁.၂.၃ ရာသီဥတု** **စာသင်ချိန်(၃)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ မြန်မာနိုင်ငံ၏ ရေဆင်းအကြောင်းကို သင်ကြားခဲ့ပြီးဖြစ်သည်။
- ❖ မြန်မာနိုင်ငံ၏ ရာသီဥတုအကြောင်းကို သင်ကြားမည်။
- ❖ ရာသီဥတုနှင့်မိုးလေဝသ မည်သို့ကွာခြားကြောင်း မေးမည်။ မိုးလေဝသဆိုသည်မှာ တိုတောင်းသောအချိန်ကာလအတွင်း ဒေသတစ်ခုအတွင်းဖြစ်ပေါ်သည့် အပူချိန်၊ မိုးရွာသွန်းမှု၊ လေတိုက်ခတ်မှု စသည့်ရာသီဥတု အင်္ဂါရပ်များကို ဖော်ပြခြင်းဖြစ်ပြီး ရာသီဥတု ဆိုသည်မှာ ကြီးမားကျယ်ပြန့်သည့် ဒေသ သို့မဟုတ် နိုင်ငံတစ်ခုအတွင်း နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသအခြေအနေများကို စုပေါင်းမှတ်သားထား၍ ထိုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့သော လေထု၏အခြေအနေကို ခြုံပြီးဖော်ပြခြင်းဖြစ်သည်။

**သင်ကြားခြင်း** **(၂၀) မိနစ်**

မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်နေသည့် အာရှတိုက်အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး ရာသီအလိုက်ပြောင်းလဲတိုက်ခတ်သည့် မုတ်သုံလေများကြောင့် အပူပိုင်းမုတ်သုံရရှိကြောင်း၊ နိုင်ငံသည် တောင်မြောက်ရှည်လျားခြင်းကြောင့်လည်းကောင်း၊ မြေမျက်နှာသွင်ပြင် အနေအထားအရလည်းကောင်း ရာသီဥတုအမျိုးအစားများစွာတွေ့ရှိရကြောင်း ဆရာက ကျောင်းသုံးစာအုပ်ပါပုံ (၁. ၄) နှင့် ရှင်းပြမည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ရာသီဥတုကို ပြုပြင်ဖန်တီးနေသော ရာသီဥတုဆိုင်ရာအချက် ၃ ချက်ရှိကြောင်း၊ လေဖိအား(air pressure)နှင့် တိုက်လေ(wind)အကြောင်းကို ရှင်းပြမည်။ ကမ္ဘာ့မျက်နှာပြင်၏အပေါ်တွင် လေထုရှိပြီး ယင်းလေထုအတွင်းရှိလေသည် ဖိအားရှိကြောင်း၊ လေဖိအားသည် တစ်နေရာနှင့်တစ်နေရာကွာခြားကြောင်း၊ မြေမျက်နှာသွင်ပြင်ပေါ်တွင်သာမက ရေမျက်နှာပြင်ပေါ်တွင်လည်း လေဖိအားရှိကြောင်း ရှင်းပြမည်။ တိုက်လေသည် လေဖိအားများသည့်ဒေသမှ နည်းသည့်ဒေသသို့ ဝင်ရောက်တိုက်ခတ်ကြောင်း ရှင်းပြမည်။

မြန်မာနိုင်ငံတွင် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့သည် အအေးဆုံးလများဖြစ်ပြီး ဧပြီလနှင့် မေလများသည် အပူဆုံးလများဖြစ်ကြောင်း၊ ဒေသအနေဖြင့်ပြောလျှင် မြန်မာနိုင်ငံအလယ်ပိုင်း ချိုင့်ဝှမ်းဒေသသည် အပူဆုံးဒေသဖြစ်ကြောင်း၊ ကုန်းမြင့်ဒေသများတွင် ကုန်းမြေမြင့်တက်လာသည်နှင့် အပူချိန်လျော့နည်းသွားကြောင်း (ဥပမာ - အပူချိန်သည် တောင်ပေါ်သို့ ပေ ၁၀၀၀ တက်သွားတိုင်း ၃. ၆ ဒီဂရီဖာရင်ဟိုက် ကျဆင်းသွားကြောင်း) (၆. ၅ ˚C /၁၀၀၀ မီတာ) ရှင်းပြမည်။

ဆက်လက်ပြီး ပင်လယ်နှင့်နီးလျှင် ပင်လယ်၏ပြုပြင်မှုကို ခံရကြောင်း၊ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများတွင် အပူချိန်မျှတကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းသည် နွေရာသီကာလ



DBE BOX - Copyright Protected

အပူဆုံးဒေသဖြစ်ကြောင်း၊ ဆောင်းဥတု၌ နိုင်ငံမြောက်ဘက်ပိုင်းသည် အအေးဆုံးဖြစ်ပြီး တောင်ဘက်ဆုံးအပိုင်းသည် အီကွေတာရပ်ဝန်းနှင့်ထိစပ်ရာအပိုင်းဖြစ်၍ ပျမ်းမျှအပူချိန်အများဆုံးဖြစ်ကြောင်း ရှင်းပြမည်။

မြန်မာနိုင်ငံသည် အပူပိုင်းမုတ်သုံရပ်ဝန်းအတွင်းတည်ရှိသောကြောင့် ဥတုအလိုက် မိုးရွာသွန်းကြောင်း၊ နွေဥတု၏ အပူဆုံးကာလတွင် မိုးရွာသွန်းပြီး ရွာသွန်းပုံနှင့် ပျံ့နှံ့ပုံ မတူညီကြောင်း၊ ပင်လယ်နှင့်ထိစပ်နေသည့် ရခိုင်နှင့်တနင်္သာရီကမ်းရိုးတန်းတောင်တန်းများ၏ အနောက်ဘက်ခြမ်းသည် နွေမုတ်သုံလေတိုက်ခတ်သည့် လေတင်အရပ်တွင်တည်ရှိ၍ မိုးအများဆုံးရရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ရခိုင်ရိုးမ၏ လေကွယ်ဘက်ခြမ်းတွင်တည်ရှိ၍ မိုးအနည်းဆုံးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမြောက်ဘက်ဆုံးအပိုင်းသည် နှစ်စဉ်မိုးရေချိန် ၃၀၀၀ မီလီမီတာ ကျော်ရရှိကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၀) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုဖွဲ့ပါ။ အုပ်စု (၁)ကို မြန်မာနိုင်ငံ၏ အပူချိန်အခြေအနေအကြောင်း လေ့လာစေပြီး အုပ်စု (၂)ကို မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုအခြေအနေကို လေ့လာစေမည်။ အုပ်စုတစ်ခုချင်းအလိုက် အုပ်စုကိုယ်စားလှယ်က မိမိတို့လေ့လာခဲ့သည့်အကြောင်းအရာများကို အတန်းရှေ့တွင် ထွက်၍ ရှင်းပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ဆောင်းဥတုတွင်အခြားဒေသများထက်စာလျှင် မြန်မာနိုင်ငံတောင်ဘက်ပိုင်းသည် ပို၍ပူနွေးနေသည်မှာ အဘယ်ကြောင့်နည်း။

(၂) လေတင်အရပ်နှင့် လေကွယ်အရပ်တို့ကို ရှင်းပြပါ။

**ရာသီဥတု (ရာသီဥတုအမျိုးအစားများ)** **စာသင်ချိန်(၄)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ ယခင်သင်ခန်းစာတွင် မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုအခြေအနေများကို လေ့လာသင်ကြားခဲ့ပြီးဖြစ်သည်။
- ❖ ယခုသင်ခန်းစာတွင် မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် ရာသီဥတုရပ်ဝန်းများအကြောင်းကို လေ့လာသွားမည်။
- ❖ အပူချိန်နှင့်မိုးရေချိန် ကွဲပြားခြားနားစွာရရှိခြင်းကြောင့် ရာသီဥတုအမျိုးအစား ကွဲပြားသွားရသည်ဆိုသည်မှာ မှန်ပါသလားဟု မေးမည်။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅) မိနစ်**

မြန်မာနိုင်ငံကို အပူပိုင်းမုတ်သုံရာသီဥတုရရှိသည့်ဒေသဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်ကြောင်း၊ သို့သော် နိုင်ငံသည် တောင်မြောက်ရှည်လျားခြင်း၊ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့်၊ တောင်တန်းသွယ်တန်းပုံ၊ ပင်လယ်နှင့်အနီးအဝေး၊ ရာသီအလိုက် ပြောင်းလဲတိုက်ခတ်သည့် လေလမ်းကြောင်း၊ လေဖိအားရပ်ဝန်းနှင့် မုန်တိုင်းများကြောင့် ရာသီဥတုအမျိုးအစားများ စုံလင်စွာတွေ့ရကြောင်း ဆရာက ဦးစွာရှင်းပြမည်။ မြန်မာနိုင်ငံတွင်ရရှိသည့် ရာသီဥတုအမျိုးအစားများကို ရှင်းပြမည်။ ဆက်လက်ပြီး ရာသီဥတုအမျိုးအစား တစ်ခုချင်းအလိုက်ရရှိသည့် ဒေသ၊ နှစ်စဉ်အပူချိန်နှင့် မိုးရေချိန်အခြေအနေများ၊ ထူးခြားသည့်ရာသီဥတု ဖြစ်စဉ်များကို ပုံပေါ်တွင်ပြပြီး ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စု ခွဲပြီး အုပ်စု တစ်စုလျှင် ရာသီဥတု အမျိုးအစား ၂ မျိုးစီ ခွဲပေးမည်။ မိမိတို့ရရှိသည့် ရာသီဥတုရပ်ဝန်းများတွင် ပါဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ရရှိသော ရာသီဥတုဖြစ်စဉ်များကို လေ့လာမှတ်သားစေပြီး အဖွဲ့ကိုယ်စားလှယ်က အတန်းသို့ပြန်လည် ရှင်းပြစေမည်။ ကျန်အဖွဲ့ဝင်များက သင်ပုန်းပေါ်တွင် ရာသီဥတုအမျိုးအစား တစ်ခုချင်းအလိုက်ရရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးအမည်များကို ရေးသားစေမည်။ မှန် မမှန်ကို အပြန်အလှန် စစ်ဆေးမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ဆုံရာဒေသတွင် ရရှိသည့် ရာသီဥတုအမျိုးအစားကို ဖော်ပြပါ။

(၂) အပူပိုင်း ဆဗားနားရာသီဥတုနှင့် အပူပိုင်းမုတ်သုံရာသီဥတုတို့၏ ကွဲပြားမှုကို နှိုင်းယှဉ်ရေးသားပါ။

(၃) ရာသီဥတုကို ထိန်းချုပ်ထားသောအချက်များကို ဖော်ပြပါ။

DBE BOX Copyright Protected

## ၁.၂.၄ သဘာဝပေါက်ပင် (ဒီရေတောများ၊ ပင်လယ်ကမ်းနားသောင်ပြင်နှင့်သဲခုံတော၊ စိမ့်တောများ၊ အမြဲစိမ်းတောများ) စာသင်ချိန်(၅)

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

❖ ယခင်သင်ခန်းစာ၌ မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် ရာသီအမျိုးအစားများအကြောင်း လေ့လာခဲ့ရပြီး ယနေ့သင်ခန်းစာ၌ မြန်မာနိုင်ငံ သဘာဝပေါက်ပင်များအကြောင်း သင်ကြားလေ့လာမည်။ သဘာဝပေါက်ပင်များလျော့ပါးလာမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုသည် တိုက်ရိုက်ဆက်နွယ်နေသည်မှာ မှန်ပါသလား မေးမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

မြန်မာနိုင်ငံ၏ သဘာဝပေါက်ပင်များမှာ သစ်တောအမျိုးမျိုးသာဖြစ်ပြီး မြန်မာနိုင်ငံတွင် အခြားနိုင်ငံများကဲ့သို့ ကျယ်ပြန့်သောမြက်ခင်းများမရှိကြောင်း၊ သစ်တောများသည် မြေမျက်နှာပြင် အနိမ့်အမြင့်၊ အပူချိန်၊ မိုးရေချိန်နှင့် မြေဆီလွှာများအပေါ် လိုက်၍ ကွဲပြားသွားကြောင်း မြန်မာနိုင်ငံ ဒေသအလိုက်ပေါက်သည့် သဘာဝပေါက်ပင်အမျိုးအစားများကို ကျောင်းသုံးစာအုပ်ပါ ပုံ (၁. ၅) ကိုပြ၍ ရှင်းပြမည်။

ဆက်လက်ပြီး ဒီရေတောဆိုသည်မှာ ပင်လယ်နှင့်နီးသော ဒီရေဝင်သောမြစ်ချောင်းများ၏ ရွှံ့ပြင်များပေါ်၌ ပေါက်သည့် ရေငန်ဒေသပေါက်ပင်များဖြစ်ကြောင်း၊ ဒီရေတောများကို ၃ မျိုး ခွဲနိုင်ကြောင်း၊ ပင်လယ်ကမ်းနားသောင်ပြင်နှင့် သဲခုံတောများသည် ပင်လယ်နှင့်ထိစပ်ရာဒေသများတွင်သာ တွေ့ရပြီး အထူးသဖြင့် သဲသောင်ခုံရှိသောနေရာများတွင် ပေါက်ပင်များဖြစ်ကြောင်း၊ စိမ့်တောဆိုသည်မှာ ရေတစ်နှစ်ပတ်လုံး ရှိနေသည့် မြစ်ချောင်းအင်းအိုင်အနီး မြေနိမ့်ဒေသရှိ ပေါက်ပင်များဖြစ်ကြောင်း၊ စိမ့်တောကို ၃ မျိုးခွဲနိုင်ကြောင်း၊ အမြဲစိမ်းတောများကို မြန်မာနိုင်ငံ၏မည်သည့်ဒေသများတွင် တွေ့နိုင်ကြောင်း၊ အမြဲစိမ်းတောများကို ၃ မျိုးခွဲနိုင်ကြောင်း သစ်တောအမျိုးအစားများအလိုက် အဓိက ပေါက်ပင်များကို ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စု ခွဲမည်။ ပထမအုပ်စုကို ဒီရေတောများအကြောင်း၊ ဒုတိယအုပ်စုကို ပင်လယ်ကမ်းနားသောင်ပြင်နှင့် သဲခုံတောများ၊ စိမ့်တောများအကြောင်း တတိယအုပ်စုကို အမြဲစိမ်းတောများအကြောင်းကို လေ့လာစေပြီး အုပ်စုတစ်ခုချင်းအလိုက် မိမိ လေ့လာခဲ့သည့် သဘာဝပေါက်ပင်အမျိုးအစားများနှင့် ပေါက်ရောက်သည့်ဒေသများအကြောင်းကို အတန်းသို့အဖွဲ့ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းစေမည်။ မှန် မမှန်ကို အချင်းချင်းအပြန်အလှန် စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံတွင် သဘာဝပေါက်ပင်များ ကွဲပြားစွာတွေ့ရှိရခြင်း အကြောင်းရင်းများကို ဖော်ပြပါ။

(၂) ဒီရေတောများသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အရေးပါပုံကို သင်သိသမျှရေးပါ။

(၃) စိမ့်တောများနှင့် အမြဲစိမ်းတောများ၏ ကွာခြားချက်ကို ရေးပါ။

(၄) အမြဲစိမ်းတောများမှရရှိသည့် အဖိုးတန်သစ်များကို ဖော်ပြပါ။

DPE BOX - Copyright Protected

## သဘာဝပေါက်ပင် (ရွက်ပြတ်ရောနှောတောများနှင့် ခြောက်သွေ့တောများ၊ အင်တိုင်းတောများနှင့် တောင်ပေါ်သမပိုင်းအမြဲစိမ်းတော)                    စာသင်ချိန်(၆)

**သင်ခန်းစာမိတ်ဆက်                    (၅) မိနစ်**

- ယခင်သင်ခန်းစာတွင် သဘာဝပေါက်ပင် ၄ မျိုးအကြောင်းကို သင်ကြားလေ့လာခဲ့ပြီးဖြစ်သည်။
- ယခု သင်ခန်းစာတွင် ရွက်ပြတ်ရောနှောတောများနှင့် ခြောက်သွေ့တောများ၊ အင်တိုင်းတောများနှင့် တောင်ပေါ်သမပိုင်းအမြဲစိမ်းတောများအကြောင်းကို လေ့လာသွားမည်။ ရွက်ပြတ်ရောနှောတောဟု အဘယ်ကြောင့်ခေါ်သနည်းမေးမည်။

**သင်ကြားခြင်း                    (၁၅) မိနစ်**

ရွက်ပြတ်ရောနှောတောများသည် မြန်မာနိုင်ငံ၏ တန်ဖိုးမြင့်သစ်များပေါက်သည့် တောများ အထူးသဖြင့် ကျွန်းသစ်ကဲ့သို့သစ်များ အဓိကပေါက်၍ အရေးပါကြောင်း၊ ရွက်ပြတ်ရောနှောတောများ ၃ မျိုးခွဲနိုင်ကြောင်း၊ ခြောက်သွေ့တောဆိုသည်မှာ မိုးရွာသွန်းမှုနည်းသည့်ဒေသများတွင် ပေါက်သည့် အပင်များ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းခြောက်သွေ့ရပ်ဝန်းတွင်တွေ့ရပြီး မိုးရေချိန်ပေါ်မူတည်၍ ၂မျိုး ခွဲနိုင်ကြောင်း၊ အင်တိုင်းတောဆိုသည်မှာ အင်ပင်များ အဓိကပေါက်သည့်တောဖြစ်ပြီး သီးသန့် အစုအဝေးအလိုက် ပေါက်ရောက်ကြောင်း၊ အင်တိုင်းတောများကို ၃ မျိုးခွဲနိုင်ကြောင်း၊ တောင်ပေါ် သမပိုင်းအမြဲစိမ်းတောများဆိုသည်မှာ အပူချိန်လျော့နည်းသောတောင်တန်း၊ ကုန်းမြင့်ဒေသများတွင် ပေါက်သည့်တောများဖြစ်ကြောင်း တောအမျိုးအစားအလိုက် ပေါက်သည့် ပေါက်ပင်များကို ကျောင်းသုံးစာအုပ်ပါပုံ (၁. ၆)နှင့် ရှင်းပြမည်။

**လေ့ကျင့်ခြင်း                    (၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၄ စုခွဲမည်။ ပထမအုပ်စုကို ရွက်ပြတ်ရောနှောတော အမျိုးအစား ၂ မျိုးအကြောင်း လေ့လာစေပြီး ဒုတိယအုပ်စုကို အထက်ရွက်ပြတ်ရောနှောတောခြောက်နှင့် ခြောက်သွေ့တောများအကြောင်း လေ့လာစေမည်။ တတိယအုပ်စုကို အင်တိုင်းတောများအကြောင်း၊ စတုတ္ထအုပ်စုကို တောင်ပေါ်သမပိုင်း အမြဲစိမ်းတောများအကြောင်း မြေပုံနှင့် တွဲဖက်လေ့လာစေမည်။ ထို့နောက် မိမိတို့လေ့လာခဲ့သည့် ပေါက်ပင်အမျိုးအစားအလိုက် တွေ့ရသော ဒေသ၊ ရရှိသည့် ရာသီဥတုအခြေအနေနှင့် အပင်အမျိုးအစားများကို အဖွဲ့ကိုယ်စားလှယ်က အတန်းသို့ ပြန်လည် ရှင်းပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း                    (၁၀) မိနစ်**

(၁) မြန်မာနိုင်ငံမှထွက်ရှိသော ကျွန်းသစ်သည် မည်သည့်သစ်တောအမျိုးအစားတွင်

DRE BOX Copyright Protected

ပေါက်ရောက်သနည်း။

(၂) ခြောက်သွေ့တောများမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများကို ဖော်ပြပါ။

(၃) အင်တိုင်းတောများသည် မြန်မာနိုင်ငံ၏ အဖိုးတန်သစ်ပေါက်ရောက်ရာ တောများဖြစ်သည်ဟု ဆိုလျှင် မှန်ပါသလား။ အကြောင်းပြ ဖြေဆိုပါ။

(၄) ထင်းရှူးပင်များကို မည်သို့အသုံးချကြသနည်း။ သင်သိသမျှရေးပါ။

(၅) မြန်မာနိုင်ငံတွင် တောင်ဇလပ်ပင်များကို မည်သည့်သစ်တောအမျိုးအစားတွင် တွေ့ရပြီး အများဆုံးတွေ့ရသည့်ပြည်နယ်ကို ဖော်ပြပါ။

## ၁.၂.၅ မြေဆီလွှာ (နုန်းမြေ၊ လယ်မြေ၊ ဂဝံနှင့် ဂဝံဆန်မြေဆီလွှာ၊ နီညိုတောမြေနှင့် ဝါညိုတောမြေ၊) စာသင်ချိန်(၇)

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- မြေဆီလွှာဆိုသည်မှာ အဘယ်နည်း။ သင်သိသမျှပြောပြပါဟု ဦးစွာမေးမည်။
- မြေဆီလွှာသည် သစ်တောများနှင့်စိုက်ပျိုးရေးအတွက် အလွန်အရေးပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြေဆီလွှာအမျိုးအစားများ ဒေသအလိုက်ကွဲပြားခြားနားစွာ တွေ့ရှိရကြောင်း ရှင်းပြမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ကျောင်းသုံးစာအုပ်ပါ ပုံ (၁. ၆) မြန်မာနိုင်ငံ၏ မြေဆီလွှာအမျိုးအစားပြပုံကိုပြပြီး မြန်မာနိုင်ငံတွင်တွေ့ရှိရသော မြေဆီလွှာအမျိုးအစားအမည်များကို ဆရာက ပြောပြမည်။ ထိုသို့ ပြောပြရာတွင် မြေဆီလွှာအမျိုးအစားဘေး၌ ဖော်ပြထားသော အင်္ဂလိပ်အခေါ်အဝေါ်များမှာ UNESCO နှင့် FAO (ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့) တို့မှ သတ်မှတ်ထားသော ကမ္ဘာသုံးမြေဆီလွှာအမည်များကို တွဲဖက်သိရှိစေလိုခြင်းကြောင့် ဖော်ပြထားခြင်းဖြစ်ကြောင်းရှင်းပြမည်။

ဆက်လက်ပြီး နုန်းမြေ (Fluvisols) ဆိုသည်မှာ မြစ်ချောင်းများမှ သယ်ဆောင်လာသော နုန်းအနည်အနှစ်များမှ ဖြစ်ပေါ်လာသော မြေဆီလွှာဖြစ်ပြီး မြေသြဇာကြွယ်ဝ၍ စပါး၊ ပဲအမျိုးမျိုး စသည့် သီးနှံများဖြစ်ထွန်းသည့် မြေဆီလွှာဖြစ်ကြောင်း၊ လယ်မြေဆိုသည်မှာ စပါးကို အဓိကစိုက်ပျိုးသည့် မြေများကိုခေါ်ဆိုကြောင်း၊ လယ်မြေ အမျိုးအစားများ ထပ်ခွဲနိုင်ကြောင်း၊ ဂဝံနှင့် ဂဝံဆန်မြေဆီလွှာများ (Ferralsols)၏ ထူးခြားသောအရောင်၊ ရရှိသည့် အပူချိန်နှင့် မိုးရေချိန်၊ တွေ့ရှိနိုင်သည့်ဒေသ၊ စိုက်ပျိုးနိုင်သည့် သီးနှံများအကြောင်း၊ နီညိုတောမြေနှင့် ဝါညိုတောမြေများ၏ အသုံးဝင်ပုံနှင့် တွေ့ရှိနိုင်သည့်ဒေသများကို ရှင်းပြမည်။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စုခွဲမည်။ ပထမအုပ်စုကို နုန်းမြေနှင့် လယ်မြေအမျိုးအစားများမှ ၂ မျိုးအကြောင်းကို တွေ့ရှိရာဒေသများနှင့် ယှဉ်တွဲလေ့လာစေမည်။ ဒုတိယအုပ်စုကို လယ်မြေအမျိုးအစားများမှ ကျန် ၄ မျိုးအကြောင်းကို လေ့လာစေမည်။ တတိယအုပ်စုကို ဂဝံနှင့် ဂဝံဆန်မြေဆီလွှာ၊ နီညိုတောမြေနှင့် ဝါညိုတောမြေဆီလွှာများအကြောင်းကို လေ့လာစေမည်။ ထို့နောက် အုပ်စုတစ်စုချင်းအလိုက် လေ့လာမှတ်သားထားသည်များကို အဖွဲ့ကိုယ်စားလှယ်များက အတန်းသို့ ပြန်လည်ရှင်းပြစေမည်။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပေးမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) နုန်းမြေဆီလွှာများကို မည်သည့်အပိုင်းများတွင် အများဆုံး တွေ့ရသနည်း။
(၂) မည်သည့်လယ်မြေအမျိုးအစားက ဆန်စပါးစိုက်ပျိုးရေးအတွက် အကောင်းဆုံးဖြစ်မည်ဟု သင်ထင်သနည်း။ အကြောင်းပြ ဖြေဆိုပါ။
(၃) ရော်ဘာပင် အဓိကစိုက်ပျိုးနိုင်သော မြေဆီလွှာအမျိုးအစားကို ဖော်ပြပါ။
(၄) နီညိုတောမြေနှင့် ဝါညိုတော မြေဆီလွှာ ၂ မျိုး၏ ကွာခြားချက်ကို ရှင်းပြပါ။

**မြေဆီလွှာ (သဲကုန်းတောမြေနှင့် ကနစိုတောမြေမှ မြောက်ပိုင်းတောင်တန်းမြေနှင့် ချင်းတောင်မြေအထိ)** **စာသင်ချိန်(၈)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင်သင်ခန်းစာတွင် မြန်မာနိုင်ငံမြေဆီလွှာအမျိုးအစားများအကြောင်းနှင့် နုန်းမြေ၊ လယ်မြေများ၊ ဂဝံနှင့် ဂဝံဆန် မြေဆီလွှာ၊ နီညိုတောမြေ၊ ဝါညိုတောမြေများအကြောင်း လေ့လာခဲ့ပြီး ဖြစ်သည်။
- ယခု သင်ခန်းစာတွင် သဲကုန်းတောမြေနှင့် ကနစိုတောမြေမှ မြောက်ပိုင်းတောင်တန်းမြေနှင့် ချင်းတောင်မြေအထိ ဆက်လက်လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက သဲကုန်းတောမြေနှင့် ကနစိုတောမြေများသည် ပင်လယ်နီးဒေသများတွင်သာ တွေ့နိုင်သော မြေဆီလွှာအမျိုးအစားများဖြစ်ကြောင်း၊ မြေနီသဲဝန်းနှင့် မြေဝါသဲဝန်းမြေဆီလွှာတို့သည် မြန်မာနိုင်ငံခြောက်သွေ့ရပ်ဝန်းအတွင်းသာတွေ့ရပြီး ယာသီးနှံစိုက်ပျိုးရန်အသုံးဝင်ကြောင်း၊ စနယ်မြေစေး (Vertisols) မြေဆီလွှာကို မြန်မာနိုင်ငံ၏ မည်သည့်အပိုင်းများတွင် တွေ့ရှိနိုင်ကြောင်း၊ မြေဆီလွှာ၏အရောင်နှင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းနိုင်မှု၊ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက



DBE BOX - Copyright Protected

ရရှိနိုင်မည့်အလားအလာများအကြောင်း၊ တောင်မြင့်မြေနီနှင့် တောင်မြင့်မြေဝါမြေဆီလွှာများကို အများဆုံးတွေ့နိုင်သည့်ဒေသ၊ စိုက်ပျိုးနိုင်မည့်သီးနှံများအကြောင်း ရှင်းပြမည်။

ဆက်လက်၍ တောင်မြင့်ညိုရောင်နှင့် တောင်မြင့်နီညိုတော မြေဆီလွှာများ တွေ့ရှိရာဒေသနှင့် ပေါက်ပင်များအကြောင်း၊ မြောက်ပိုင်းတောင်တန်းမြေနှင့် ချင်းတောင်တန်းမြေများ တွေ့ရှိရာဒေသ၊ မြေသားဖွဲ့စည်းပုံနှင့် မြေပြိုကျမှုဖြစ်စေနိုင်သော အခြေအနေများကို ရှင်းပြမည်။ ရေခဲဖုံးတောင်တန်းမြေများ၊ ပုပ္ပားတောင်မြေဆီလွှာနှင့် ကျောက်ဖြုန်းကမ္ဘာမြေ သို့မဟုတ် ကျောက်ကြေမြေနုမြေဆီလွှာများ တွေ့ရှိရာဒေသများအကြောင်း ရှင်းလင်းမည်။ ထိုသို့ရှင်းပြရာတွင် ပုပ္ပားမီးတောင်ဟောင်းပတ်ဝန်းကျင်တွင် မီးတောင်ပေါက်ကွဲခြင်းကြောင့် ဖြစ်ပေါ်လာသောပြာမှုန်များဖြင့် ပုပ္ပားတောင်မြေဆီလွှာကို ဖွဲ့စည်းထားကြောင်း ဖြည့်စွက်ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စု ခွဲမည်။ ပထမအုပ်စုကို သဲကုန်းတောမြေနှင့် ကနစိုတော မြေဆီလွှာ၊ မြေဝါသဲဝန်းနှင့် မြေနီသဲဝန်း၊ ဒုတိယအုပ်စုကို စနယ်မြေစေးနှင့် တောင်မြင့်မြေနီ၊ တောင်မြင့်မြေဝါ၊ တတိယအုပ်စုကို တောင်မြင့်ညိုရောင်တောမြေ၊ တောင်မြင့် နီညိုတောမြေ၊ မြောက်ပိုင်းတောင်တန်းမြေများနှင့် ချင်းတောင်မြေများအကြောင်းကို အသေးစိတ် လေ့လာစေမည်။ အုပ်စု တစ်စုချင်းအလိုက် အုပ်စုကိုယ်စားလှယ်က မိမိတို့ လေ့လာမှတ်သားထားသည်များကို အတန်းသို့ ပြန်လည်ရှင်းပြစေမည်။ ဆရာက လိုအပ်သည်များကို ဖြည့်စွက်ပေးမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံတွင် သဲကုန်းတောမြေတည်ရှိရာ ထင်ရှားသည့်နေရာများကို ဖော်ပြပါ။

(၂) ကနစိုတောမြေများ၏ အရေးပါမှုကို သင်သိသမျှရေးပါ။

(၃) စနယ်မြေစေးကို မြန်မာနိုင်ငံအလယ်ပိုင်း မည်သည့်ဒေသများတွင် တွေ့ရှိရသနည်း။

(၄) တောင်မြင့်မြေနီနှင့် တောင်မြင့်မြေဝါတွေ့ရှိရာဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံအမည်များကို သင်သိသမျှရေးပါ။

(၅) ပုပ္ပားဒေသတွင်သာတွေ့ရသည် ပုပ္ပားတောင်မြေဆီလွှာသည် မည်သည့်ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည်ကို ရှင်းပြပါ။

DRE BOX - Copyright Protected

## ၁.၃ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင် သဘာဝအပိုင်းကြီးများ

**စုစုပေါင်းစာသင်ချိန်(၁၃)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- ❖ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင် သဘာဝအပိုင်းကြီးများနှင့် အခြားသော သဘာဝပထဝီဝင်ဆိုင်ရာ အချက်အလက်များ၏ အပြန်အလှန်ဆက်နွှယ်မှုကို လေ့လာဆန်းစစ်ရန်

### ၁.၃.၁ အရှေ့ဘက်ကုန်းမြင့်ဒေသ(မြောက်ဘက်ပိုင်း) စာသင်ချိန်(၁)

**သင်ခန်းစာမိတ်ဆက် (၅) မိနစ်**

- ❖ အခြေခံပညာ မူလတန်းအဆင့် (စတုတ္ထတန်းနှင့် ပဉ္စမတန်း)တွင် မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အပိုင်းကြီးများအကြောင်းကို သင်ကြားခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်လက္ခဏာများအကြောင်းကို ယေဘုယျအားဖြင့် သိရှိပြီးဖြစ်သည်။
- ❖ မြန်မာနိုင်ငံကို မြေမျက်နှာသွင်ပြင် အပိုင်းကြီး မည်မျှပိုင်းခြားထားကြောင်းနှင့် အပိုင်းအမည်များကို ကျောင်းသားများအား မေးမည်။

**သင်ကြားခြင်း (၁၅) မိနစ်**

ဆရာက မြန်မာနိုင်ငံကို မြေမျက်နှာသွင်ပြင်လက္ခဏာအပေါ် မူတည်၍လည်းကောင်း၊ ဘူမိသက်တမ်းအရလည်းကောင်း သဘာဝအပိုင်းကြီး ၄ ပိုင်း ပိုင်းနိုင်ကြောင်း ရှင်းပြပြီး အပိုင်းအမည်များနှင့် တည်နေရာများကို မြေပုံ (၁. ၇) ပေါ်တွင် ပြသမည်။ သက်တမ်းအနုအရင့်ကို နှိုင်းယှဉ်ပြောပြမည်။

ဆက်လက်ပြီး အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏ သဘာဝပထဝီဝင်ကို လေ့လာမည်ဖြစ်ကြောင်း၊ အရှေ့ဘက်ကုန်းမြင့်ဒေသ၏ အစိတ်အပိုင်းအများစုသည် ကုန်းပြင်မြင့် (Plateau) လက္ခဏာရှိနေပြီး ဤဒေသကြီးအတွင်း တောင်တန်း၊ ချိုင့်ဝှမ်း၊ သွင်ပြင်မျိုးစုံနှင့် ကမ်းလွန်ကျွန်းများ ပါဝင်နေကြောင်းကို ပုံ (၁. ၈) ပေါ်တွင် ပြသရှင်းလင်းမည်။ အရှေ့ဘက်ကုန်းမြင့်ဒေသကြီးတွင် ပါဝင်နေသည့်ပြည်နယ်၊ တိုင်းဒေသကြီးအမည်များကို ရှင်းမည်။ အရှေ့ဘက်ကုန်းမြင့်ဒေသကြီးမြောက်ဘက်ပိုင်းတွင် ကချင်ပြည်နယ် ၏အစိတ်အပိုင်း အများစုပါဝင်ကြောင်း ရှင်းပြမည်။

ဤအပိုင်းတွင်ပါဝင်သည့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်အမည်များ၊ ဧရာဝတီနှင့်သံလွင်ရေဝေကြောရှိ တောင်တန်းများ၊ ဆီးနှင်းဖုံးတောင်တန်းများ တည်ရှိနေခြင်းနှင့် မြေပြန့်လွင်ပြင်မရှိသလောက် နည်းပါးကြောင်း ရှင်းပြမည်။

မေခနှင့် မလိခမြစ်တို့သည် ဒေသမြောက်ဖျားပိုင်းရှိ ရေခဲဖုံးလွှမ်းတောင်တန်းများမှ စတင်

DBE BOX - Copyright Protected

စီးဆင်းလာပြီး ယင်းမြစ်များ၏ အစိတ်အပိုင်းအများစုသည် ဤအပိုင်းတွင် တည်ရှိနေကြောင်း၊ တောင်ဘက်ပိုင်းတွင် တရုတ်နိုင်ငံမှ စီးဆင်းလာသော တာပိန်မြစ်သည် အရှေ့ဘက်မှ စီးဝင်ကြောင်း ပုံတွင်ပြ၍ ရှင်းမည်။ ဤအပိုင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရန် အခြေခံ ကောင်းများ ပိုင်ဆိုင်ထားကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲပါ။ အုပ်စု (၁)ကို အရှေ့ဘက်ကုန်းမြင့်ဒေသမြောက်ဘက်ပိုင်းတွင် ပါဝင်သည့် တောင်ထွတ်များ၊ တောင်တန်းအမည်များကို ပုံပေါ်တွင် ပြသရှင်းလင်းစေမည်။ အုပ်စု (၂)ကို ဤအပိုင်းတွင် ပါဝင်သည့် မြစ်အမည်များနှင့် တည်နေရာကို ပုံပေါ်တွင် ပြသရှင်းလင်းစေမည်။ လိုအပ်ချက်များရှိပါက အုပ်စုအချင်းချင်းအပြန်အလှန် ဖြည့်စွက်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မေခမြစ်နှင့် မလိခမြစ်အကြားတွင်ရှိသည့် တောင်တန်းအမည်ကို မြေပုံ (၁. ၈) ကိုကြည့်၍ ဖြေဆိုပါ။

(၂) ကချင်ပြည်နယ်တွင်ရှိသည့် သဘာဝအမျိုးသားဥယျာဉ်ကြီး၏အမည်ကို ဖော်ပြပါ။

(၃) အရှေ့ဘက်ကုန်းမြင့်ဒေသသည် ရေခဲဖုံးလွှမ်းတောင်တန်းများ ပိုင်ဆိုင်ခြင်းကြောင့် မည်သည့်လုပ်ငန်းများ လုပ်ကိုင်နိုင်မည်နည်း။

(၄) မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်၊ သဘာဝအပိုင်းကြီးများတွင် မည်သည့်အပိုင်းသည် ဧရိယာအကြီးဆုံးဖြစ်၍ မည်သည့်အပိုင်းသည် ဧရိယာအငယ်ဆုံးဖြစ်သနည်း။

**အရှေ့ဘက်ကုန်းမြင့်ဒေသ (အလယ်ပိုင်း)** **စာသင်ချိန်(၂)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင်သင်ခန်းစာတွင် အရှေ့ဘက်ကုန်းမြင့်ဒေသ၏ မြောက်ဘက်ပိုင်းမြေမျက်နှာသွင်ပြင်နှင့် ရေဆင်းအကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။
- ယခုသင်ခန်းစာတွင် အရှေ့ဘက်ကုန်းမြင့်ဒေသ၏ အလယ်ပိုင်းတွင်တွေ့ရှိရသည့် မြေပြင်သဏ္ဌာန်များကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏ အလယ်ပိုင်းတွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် တို့သည် ရှမ်းကုန်းပြင်မြင့်အစိတ်အပိုင်းကြီးဖြစ်ကြောင်း ပါဝင်သောဒေသများကို မြေပုံ (၁. ၈)ဖြင့်

DBE BOX Copyright Protected

ရှင်းမည်။ အများအားဖြင့် တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းနေသော်လည်း လွိုင်လွန်တောင်တန်းနှင့်တနင်းတောင်တန်းတို့ မည်သို့သွယ်တန်းနေပုံကို ရှင်းပြမည်။ ဒေသ၏ အနောက်ပိုင်းရှိ ထင်ရှားသောတောင်တန်း ၃ ခုနှင့် ယင်းတောင်တန်းများပေါ်ရှိ တောင်ထွတ် ၃ ခု ၏ အမည်များကို ဖော်ပြမည်။

ဆက်လက်ပြီး ဤဒေသတွင် ပြတ်ရွေ့ကြောင်းများ (Fault lines)၊ မြေလွှာကျွံချိုင့်ဝှမ်း (Rift Valley) များစွာရှိကြောင်း၊ **ပြတ်ရွေ့ကြောင်းဆိုသည်မှာ** ကမ္ဘာ့မြေလွှာအတွင်းရှိ အက်ကြောင်း တစ်လျှောက်တွင် တစ်ဖက်ရှိ မြေလွှာသည် အခြားတစ်ဖက်ရှိမြေလွှာများထက် ပိုနိမ့်ကျခြင်း သို့မဟုတ် ပိုမြင့်တက်နေခြင်းကို ခေါ်ကြောင်း၊ **မြေကျွံချိုင့်ဝှမ်းဆိုသည်မှာ** ပြတ်ရွေ့ကြောင်း မြေစိုင်များမြင့်တက်ခြင်း သို့မဟုတ် နိမ့်ကျခြင်းဖြစ်နိုင်ကြောင်း၊ မြေလွှာကျွံချိုင့်ဝှမ်းများသည် ပြတ်ရွေ့ကြောင်းနှစ်ခုအကြားရှိ မြေလွှာနိမ့်ကျသွားမှုကြောင့် ဖြစ်ပေါ်လာကြောင်း၊ အင်းလေးအိုင်သည် မြေလွှာကျွံချိုင့်ဝှမ်းတစ်ခုအတွင်း တည်ရှိကြောင်းနှင့် ကျယ်ပြန့်သောလွင်ပြင်များကို တွေ့ရှိနိုင်သည့် မြို့အမည်များနှင့်ပြောပြမည်။

ဤဒေသတွင် သံလွင်မြစ်သည် အဓိကရေဆင်းဖြစ်ကြောင်း၊ မြစ်ချောင်းများသည် မြေလွှာကျွံ ချိုင့်ကြောင်းတစ်လျှောက် စီးဆင်းနေကြကြောင်းနှင့် သံလွင်မြစ်အတွင်းသို့ အရှေ့ဘက်နှင့် အနောက် ဘက်မှ စီးဝင်သောမြစ်အမည်များကို ပြောပြမည်။ ဆက်လက်ပြီး မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံအကြား နယ်နိမိတ် အဖြစ် မဲခေါင်မြစ် စီးဆင်းနေကြောင်း ရှင်းပြမည်။

ဤဒေသသည် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေခြင်းကြောင့် မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်ရေးမြို့များသည် ကုန်စည်နှင့်ခရီးသွားများအတွက် များစွာအရေးပါကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စု ခွဲမည်။ ပထမအုပ်စုကို ဤဒေသရှိ တောင်တန်းများနှင့် ပြတ်ရွေ့ကြောင်း၊ မြေလွှာကျွံချိုင့်ဝှမ်းများအကြောင်းကို အသေးစိတ်လေ့လာစေမည်။ ဒုတိယအုပ်စုကို လွင်ပြင်များ၊ မြစ်ချောင်းများနှင့် နယ်စပ်မြို့များအကြောင်းကို လေ့လာစေမည်။ တတိယအုပ်စုကို အိမ်နီးချင်းနိုင်ငံများနှင့်နယ်စပ်မြို့များအကြောင်းကို လေ့လာစေမည်။ ဆက်လက်ပြီး အဖွဲ့အလိုက် လေ့လာထားသည့်အကြောင်းအရာများကို အုပ်စုကိုယ်စားလှယ်က မြေပုံကိုပြပြီး အတန်းသို့ ရှင်းလင်း စေမည်။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပေးမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) အရှေ့ဘက်ကုန်းမြင့်ဒေသ၏ အလယ်ပိုင်းတွင် တွေ့ရသော ထင်ရှားသည့် တောင်တန်း၊ တောင်ထွတ်နှင့် လွင်ပြင်များကို ရေးသားပါ။



DBE BOX - Copyright Protected

(၂) အင်းလေးအိုင်သည် မည်သည့်အကြောင်းများကြောင့် ထင်ရှားကျော်ကြားရသနည်း။

## အရှေ့ဘက်ကုန်းမြင့်ဒေသ(တောင်ဘက်ပိုင်း၊ ရေဆင်း) စာသင်ချိန်(၃)

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင်သင်ခန်းစာတွင် အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏ အလယ်ပိုင်းအကြောင်း လေ့လာခဲ့ပြီးဖြစ်သည်။
- ယခုသင်ခန်းစာတွင် အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏တောင်ဘက်ပိုင်းနှင့် ရေဆင်းအကြောင်းကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဤအပိုင်းတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ပါဝင်ပြီး တနင်္သာရီကမ်းရိုးတန်းဒေသလည်းဖြစ်ကြောင်း မြေပုံပေါ်တွင်ပြ၍ ဆရာက ရှင်းပြမည်။ ဒေါနတောင်တန်း၊ မုတ္တမတောင်တန်းနှင့် တောင်ညိုတောင်တန်းများ သွယ်တန်းသွားပုံကိုပြမည်။ ဒေသတွင်းထင်ရှားသောထုံးကျောက်တောင်နှင့် ဂူများရှိကြောင်း၊ တောင်ဘက် တနင်္သာရီတောင်တန်းတွင် မြင့်မိုရ်လက်ခတ်တောင်သည် အမြင့်ဆုံးဖြစ်ကြောင်း ပြောပြမည်။

မြစ်ဝှမ်းလွင်ပြင်များနှင့် ကမ်းခြေများရှိကြောင်း မြေပုံနှင့်ပြ၍ ရှင်းပြမည်။ ဘီလူးကျွန်း၏တည်နေရာနှင့် မြေပြင်သဏ္ဌာန်များကိုလည်း ရှင်းပြမည်။ မြိတ်ကျွန်းစုရှိ ထင်ရှားသော ကျွန်းအမည်များကို ပုံပေါ်တွင်ပြသပြီး ကျွန်းပေါင်း ၈၀၀ ကျော်ရှိကြောင်း၊ ဤဒေသသည် ယခုအခါ သဘာဝအခြေခံခရီးသွားလုပ်ငန်းများအတွက် အရေးပါနေပြီဖြစ်ကြောင်း ရှင်းပြမည်။

ဒေသ၏မြောက်ပိုင်းတွင် သံလွင်မြစ်သည် မြောက်မှတောင်သို့ စီးဆင်းလာပြီး မြစ်တွင်းသို့ အရှေ့နှင့်အနောက်မှ မြစ်များစီးဝင်ကြောင်း မြစ်အမည်များနှင့်ပြောပြမည်။ သံလွင်မြစ်နှင့် သောင်းရင်းမြစ်တို့သည် ထိုင်း-မြန်မာ နယ်နိမိတ်မြစ်များဖြစ်ကြောင်း ပုံပေါ်တွင်ပြ၍ ရှင်းမည်။ သံလွင်မြစ်ဝအနီးအရှေ့ဘက်မှ ဂျိုင်းနှင့်အတ္တရံမြစ်များစီးဝင်ကြကြောင်း ပုံတွင်ဖော်ပြ၍ရှင်းမည်။ ရေးမြစ်၊ ထားဝယ်မြစ်၊ တနင်္သာရီမြစ်ကြီးနှင့် တနင်္သာရီမြစ်ငယ်၊ လေညာမြစ်တို့ စီးဆင်းပုံကိုမြေပုံပြ၍ ပြောပြမည်။ မြန်မာနိုင်ငံတောင်ဘက်ဆုံးရှိ ကော့သောင်းမြို့အနီးမှ စီးဆင်းသော ပါချန်မြစ်သည် ထိုင်း-မြန်မာ နယ်နိမိတ်မြစ်ဖြစ်ကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုကို အရှေ့ဘက်ကုန်းမြင့်ဒေသကြီး၏တောင်တန်း၊ တောင်ထွတ်များ၊ လွင်ပြင်များနှင့် ကျွန်းများအကြောင်းကို လေ့လာစေပြီး ကျန်အုပ်စုကို

DBE BOX - Copyright Protected

ဒေသအတွင်း တွေ့ရှိရသည့် ရေဆင်းအကြောင်းကို လေ့လာစေမည်။ ဆက်လက်ပြီး အဖွဲ့ကိုယ်စားလှယ်များက အတန်းရှေ့ထွက်ပြီး မြေပုံပေါ်တွင် တည်နေရာများထောက်ပြပြီး ပြန်လည်ပြောပြစေမည်။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**　　　　**(၁၀) မိနစ်**

(၁) ကရင်ပြည်နယ်၏ အထင်ရှားဆုံးတောင်အမည်ကို ဖော်ပြပါ။

(၂) မြိတ်ကျွန်းစုရှိ ထင်ရှားသော ကျွန်းအမည်များကို ဖော်ပြပါ။

(၃) အရှေ့ဘက်ကုန်းမြင့်ဒေသကြီးတွင် စီးဆင်းနေသောမြစ်များအနက် မည်သည့်မြစ်များသည် တောင်မှမြောက်သို့ စီးဆင်းသနည်း။

(၄) အရှေ့ဘက်ကုန်းမြင့်ဒေသတွင် စီးဆင်းနေသော နယ်နိမိတ်မြစ်များနှင့် ထိစပ်နေသောနိုင်ငံအမည်များကို ဖော်ပြပါ။

(၅) မော်လမြိုင်လွင်ပြင်တည်ဆောက်ထားသော မြစ်အမည်ကို ဖော်ပြပါ။

**အရှေ့ဘက်ကုန်းမြင့်ဒေသ (အဓိကအချက်များ)**　　　　**စာသင်ချိန်(၄)**

**သင်ခန်းစာမိတ်ဆက်**　　　　**(၅) မိနစ်**

- ယခင်သင်ခန်းစာများတွင် မြန်မာနိုင်ငံအရှေ့ဘက်ကုန်းမြင့်ဒေသ၏ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းအကြောင်းကို သင်ယူလေ့လာခဲ့ပြီး ဖြစ်သည်။
- ယခုသင်ခန်းစာမှာ အရှေ့ဘက်ကုန်းမြင့်ဒေသတွင်ပါဝင်သည့် ပြည်နယ်တိုင်းဒေသကြီးများအလိုက် တွေ့ရှိရသည့် မြေပြင်လက္ခဏာများနှင့် အခြား သဘာဝပထဝီဝင်ဆိုင်ရာအချက်များ၏ အပြန်အလှန် ဆက်နွယ်မှုများနှင့် ဒေသအလိုက် မြေအသုံးချမှုများကို လေ့လာသွားမည်။

DBE BOX - Copyright Protected

**သင်ကြားခြင်း**　　　　**(၁၅) မိနစ်**

ဆရာက အရှေ့ဘက်ကုန်းမြင့်ဒေသတွင်ပါဝင်သော ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် တွေ့ရှိနိုင်မည့် မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့၏ဆက်နွယ်မှုနှင့် မြေအသုံးချမှုပုံစံတို့အား ဇယားကိုကြည့်၍ ရှင်းပြမည်။

**လေ့ကျင့်ခြင်း**　　　　**(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စု ခွဲမည်။ မိမိကျရာ ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုချင်းအလိုက် တွေ့ရှိရသည့် မြေပြင်လက္ခဏာရပ်များ၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာနှင့် မြေအသုံးချမှုတို့ကို သေချာစွာ လေ့လာမှတ်သားစေမည်။ အချင်းချင်း ဆွေးနွေးစေမည်။ အားလုံးကို လေ့လာမှတ်သားပြီးပါက

ကျောင်းသုံးစာအုပ်ကိုမကြည့်စေဘဲ ဆရာက သင်ပုန်းပေါ်တွင် အကွက်ချဖော်ပြထားသော ဇယားကွက်ပေါ်၌ လေ့လာမှတ်သားထားသည့် ပြည်နယ်၊ တိုင်းဒေသကြီးအုပ်စု တစ်ခုချင်းစီ၏ တွေ့ရှိရသည့် မြေပြင်လက္ခဏာ၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာနှင့် မြေအသုံးချမှုတို့ကို ထည့်သွင်းဖော်ပြစေမည်။ မှန် မမှန်ကို အခြားအဖွဲ့များက ပြန်လည်စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ရေခဲဖုံးတောင်တန်းမြေဆီလွှာကို မည်သည့် ပြည်နယ်တွင်တွေ့ရသနည်း။

(၂) ရှမ်းကုန်းပြင်မြင့်တွင် မည်သည့်မြေဆီလွှာများကို အများဆုံးတွေ့ရသနည်း။

(၃) အင်တိုင်းတောကို အရှေ့ဘက်ကုန်းမြင့်ဒေသ၏ မည်သည့်ပြည်နယ်တွင် တွေ့ရသနည်း။

(၄) ရော်ဘာနှင့်ဆီအုန်းကို မည်သည့် ပြည်နယ်၊ တိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးသနည်း။

## ၁.၃.၂ အလယ်ပိုင်းချိုင့်ဝှမ်းဒေသ (မြေမျက်နှာသွင်ပြင်) **စာသင်ချိန်(၅)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင်သင်ခန်းစာတွင် အရှေ့ဘက်ကုန်းမြင့်ဒေသအကြောင်း လေ့လာသင်ကြားခဲ့ပြီးဖြစ်သည်။
- ယခုသင်ခန်းစာတွင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသ၏ မြေမျက်နှာသွင်ပြင်အကြောင်းကို လေ့လာသင်ကြားသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက သင်ပုန်းပေါ်တွင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသ၏မြေပုံ (၁. ၉) ကိုကပ်ပြီး ဒေသအတွင်းပါဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးအမည်များနှင့် တည်နေရာကို ရှင်းပြမည်။ ဆက်လက်ပြီး ဧရာဝတီမြစ်၏လမ်းကြောင်းကိုပြပြီး အလယ်ပိုင်းချိုင့်ဝှမ်းဒေသသည် ဧရာဝတီမြစ်ကို ကျောရိုးပြုတည်ဆောက်ထားကြောင်း ရှင်းပြမည်။ အလယ်ပိုင်းချိုင့်ဝှမ်းဒေသဟုခေါ်ဆိုသော်လည်း မြစ်ဝှမ်းလွင်ပြင်နှင့် မြေပြန့်လွင်ပြင်များကြားတွင် တောင်ကုန်း၊ တောင်တန်းများပါဝင်နေကြောင်း ရှင်းပြမည်။

အလယ်ပိုင်းချိုင့်ဝှမ်းဒေသတွင် တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းနေကြောင်း၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဖျားပိုင်း စတင်စီးဆင်းရာဖြစ်သည့် ကူမွန်တောင်တန်းမှစပြီး တောင်တန်းများ တောင်ဘက်သို့သွယ်တန်းလာပုံကို ရှင်းပြမည်။ ဆက်လက်ပြီး ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းတွင်ရှိသော တောင်တန်းများ၊ ဧရာဝတီနှင့်စစ်တောင်းမြစ်ကြားတွင်ရှိသော တောင်တန်းနှင့် တောင်ထိပ်များအကြောင်းကို တည်နေရာနှင့်တကွ ရှင်းပြမည်။ ထို့ပြင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသတွင်ရှိသည့် မီးတောင်ဟောင်းများဖြစ်သော ပုပ္ပားတောင်နှင့်တောင်သုံးလုံးတို့၏ တည်ရှိပုံကိုလည်း ရှင်းပြမည်။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၂၀) မိနစ်**

ကျောင်းသားများအား အုပ်စု ၃ စုခွဲပါ။ အုပ်စုတစ်ခုစီအား မြန်မာနိုင်ငံအလယ်ပိုင်းချိုင့်ဝှမ်းဒေသမြေပုံများပေး၍ အဖွဲ့ (၁) မြောက်ပိုင်းတောင်တန်းနှင့် အိုင်၊ အဖွဲ့(၂)အား ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြားရှိတောင်တန်းများ၊ အဖွဲ့(၃) အား ချင်းတွင်းမြစ်အနောက်ဘက်ရှိတောင်တန်း၊ ဧရာဝတီနှင့် စစ်တောင်းမြစ်ကြားရှိတောင်တန်းများဟူ၍ အပိုင်းလိုက်ခွဲဝေ၍ မိမိကျရာအပိုင်းရှိ တောင်တန်းများ၏ အမည်ရေးသားထားသော ကတ်ပြားများပေးပြီး တည်နေရာနှင့်သွယ်တန်းပုံကို လေ့လာဆွေးနွေးပါစေ။

ဆွေးနွေးပြီးသောအချက်များကို တစ်ဖွဲ့ချင်းစီအား ရှင်းလင်းတင်ပြစေရန်ဖြစ်သည်။ ဆရာက မြန်မာနိုင်ငံအနားသတ်မြေပုံတစ်ခုကို သင်ပုန်းတွင် ကပ်ထားပြီး တစ်ဖွဲ့ချင်းစီက မိမိနှင့်သက်ဆိုင်ရာ အပိုင်းတွင်ပါဝင်သော တောင်တန်း၊ တောင်ထိပ်များ၏ အမည်ကတ်ပြားများကို မြေပုံပေါ်တွင် တည်နေရာမှန်ကန်စွာ တပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၅) မိနစ်**

(၁) အလယ်ပိုင်းချိုင့်ဝှမ်းဒေသတွင်ပါဝင်သော ပြည်နယ်၊ တိုင်းဒေသကြီးအမည်များကို ဖော်ပြပါ။

(၂) အလယ်ပိုင်းချိုင့်ဝှမ်းဒေသ၏ သဘာဝအနေအထားအရ ထူးခြားသည့် မြေပြင်လက္ခဏာရပ်များကို အကျဉ်းချုံးဖော်ပြပါ။

DBE BOX - Copyright Protected

## အလယ်ပိုင်းချိုင့်ဝှမ်းဒေသ (လွင်ပြင်) **စာသင်ချိန်(၆)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင်သင်ခန်းစာတွင် မြန်မာနိုင်ငံအလယ်ပိုင်းချိုင့်ဝှမ်းဒေသတွင် တွေ့ရှိရသည့် တောင်ကုန်း တောင်တန်းများအကြောင်း သင်ကြားလေ့လာခဲ့ပြီး ဖြစ်သည်။
- ယခုသင်ခန်းစာတွင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသတွင်း တည်ရှိနေသည့် မြစ်ဝှမ်းလွင်ပြင်၊ မြေပြန့်လွင်ပြင်များအကြောင်း သင်ကြားသွားမည် ဖြစ်သည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက အလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီးတွင် ညီညာပြန့်ပြူးသော မြစ်ဝှမ်းလွင်ပြင်နှင့် မြေပြန့် လွင်ပြင်များစွာရှိကြောင်း ဦးစွာပြောကြားမည်။ ဒေသကြီး၏မြောက်ပိုင်း ဧရာဝတီမြစ်နှင့် ချင်းတွင်း မြစ်ဝှမ်းတို့တွင်တွေ့ရှိရသည့် လွင်ပြင်နှင့်ချိုင့်ဝှမ်းအမည်များကို ပြောပြမည်။ မြန်မာနိုင်ငံ၏ အကြီးဆုံး ရေအိုင်ဖြစ်သည့် အင်းတော်ကြီးအိုင်သည် ဤအပိုင်းတွင် တည်ရှိနေကြောင်းပုံပေါ်တွင်ပြ၍ ရှင်းပြမည်။

ဆက်လက်ပြီး ချင်းတွင်းနှင့် ဧရာဝတီမြစ်ကြား၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိလွင်ပြင်များ၊ ဧရာဝတီမြစ်တစ်ဖက်တစ်ချက်ရှိ လွင်ပြင်များ၏ တည်နေရာများကို မြေပုံပေါ်တွင်ပြ၍ရှင်းပြမည်။

တောင်ဘက်ပိုင်းတွင် မြစ်ဝှမ်းလွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်လွင်ပြင်များရှိကြောင်း၊ မြစ်ဝကျွန်းပေါ်ဟု အဘယ်ကြောင့်ခေါ်ကြောင်းနှင့် တောင်ဘက်သို့ ဆက်လက်တိုးချဲ့နေပုံတို့ကိုပြမည်။ ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်စဉ်စုများ စီးဆင်းနေကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုကို အလယ်ပိုင်းချိုင့်ဝှမ်းဒေသမြောက်ဘက်ပိုင်းတွင်တွေ့ရှိရသည့် လွင်ပြင်နှင့်ရေအိုင်ကြီးများကို လေ့လာမှတ်သားစေမည်။ ဒုတိယအုပ်စုကို ချိုင့်ဝှမ်း၏ အလယ်ပိုင်းနှင့်တောင်ပိုင်းတွင် တည်ရှိသည့် လွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်များကို လေ့လာမှတ်သားစေမည်။ ထို့နောက်အဖွဲ့လိုက် မိမိလေ့လာရသည့်အပိုင်းရှိ လွင်ပြင်၊ ချိုင့်ဝှမ်း၊ ရေအိုင်များ၏ အမည်နှင့်တည်နေရာများကို အဖွဲ့ကိုယ်စားလှယ်က အတန်းသို့ ပြန်ရှင်းပြမည်။ ဆက်လက်ပြီး မြန်မာနိုင်ငံအနားသတ်မြေပုံတစ်ခုကို သင်ပုန်းပေါ်တွင်ကပ်ထားပြီး ထိုမြေပုံပေါ်တွင် လွင်ပြင်၊ ရေအိုင်၊ မြစ်ဝှမ်းလွင်ပြင်တို့၏ တည်နေရာများကို အဖွဲ့လိုက် မှန်ကန်စွာထည့်သွင်းဖော်ပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံမြောက်ဘက်အကျဆုံး၌တည်ရှိသော လွင်ပြင်အမည်ကို ရေးပြပါ။

(၂) မူးမြစ်ဝှမ်းလွင်ပြင်ရှိ မြန်မာနိုင်ငံ၏ အကြီးဆုံးဆည်အမည်ကို ဖော်ပြပါ။

(၃) မကွေးတိုင်းဒေသကြီး၌ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်သော လွင်ပြင်များကို ဖော်ပြပါ။

DBE BOX Copyright Protected

## အလယ်ပိုင်းချိုင့်ဝှမ်းဒေသ (ရေဆင်း) **စာသင်ချိန်(၇)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ ယခင်သင်ခန်းစာတွင် မြန်မာနိုင်ငံအလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး၏ မြေမျက်နှာသွင်ပြင်အနေအထားကို သင်ကြားလေ့လာခဲ့ပြီးဖြစ်သည်။
- ❖ ယခုသင်ခန်းစာတွင် ဧရာဝတီမြစ်အကြောင်း သင်ကြားသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံတစ်နိုင်ငံအတွင်း၌သာ စီးဆင်းသည့် အာရှတိုက်၏အရှည်ဆုံး

မြစ်တစ်စင်းဖြစ်ကြောင်း၊ မေခနှင့် မလိခပေါင်းဆုံပြီး ကပ္ပလီပင်လယ်အတွင်း မြစ်ခွဲများနှင့် စီးဝင်သည် အထိ ၂၀၁၀ ကီလိုမီတာရှည်ကြောင်း ဆရာက ပုံကိုပြ၍ရှင်းမည်။ ဧရာဝတီမြစ်အတွင်းသို့ မြစ်လက်တက်များစွာစီးဝင်ရာ မြစ်လက်တက်အမည်များကို ရှင်းပြမည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်သည် မြန်အောင်မြို့အနီးမှ စတင်ကြောင်း၊ မြစ်ခွဲ ၉ ခုဖြင့် ကပ္ပလီပင်လယ်အတွင်းသို့စီးဝင်ကြောင်း ဆက်လက်ပြီး ရန်ကုန်မြစ်ဖြစ်ပေါ်စီးဆင်းလာပုံ၊ တွံတေးတူးမြောင်း ဆက်သွယ်ထားပုံ၊ ဧရာဝတီ မြစ်ကြောင်းတွင် သင်္ဘောသွားလာနိုင်မှုများကို ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုအား ဧရာဝတီမြစ်အတွင်း အရှေ့ဘက်နှင့် အနောက်ဘက်မှ စီးဝင်သော မြစ်ချောင်းအမည်များကို လေ့လာမှတ်သားစေမည်။ ကျန်အုပ်စုအား မြစ်ကျဉ်းအမည်များနှင့် နေရာ၊ ဧရာဝတီဝမြစ်ဝကျွန်းပေါ်တွင် စီးဆင်းသော မြစ်အမည်၊ ရန်ကုန်မြစ် စီးဆင်းလာပုံ၊ ဆက်သွယ်ထားသောတူးမြောင်းအမည်များကို လေ့လာမှတ်သားစေမည်။ ဆရာက မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်စီးဆင်းရာ လမ်းကြောင်းပုံကို သင်ပုန်းပေါ်တွင်ရေးဆွဲပြီး သို့မဟုတ် ကပ်ထားပြီး အုပ်စု (၁) က ဧရာဝတီမြစ်အတွင်း စီးဆင်းသည့် မြစ်ချောင်းများစီးဝင်သည့် နေရာနှင့် အမည်ကို ရေးသွင်းစေမည်။ အုပ်စု (၂) က မြစ်ကျဉ်းတည်နေရာနှင့် အမည်များ၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ မြစ်ခွဲအမည်များကို အစဉ်လိုက်ရေးသွင်းစေမည်။ မှန် မမှန်ကို အုပ်စုအချင်းချင်းအပြန် အလှန် စစ်ဆေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ဧရာဝတီမြစ်တွင် မြစ်ဝမှ မည်သည့်မြို့အထိ သင်္ဘောများ သွားလာနိုင်သနည်း။
(၂) ဧရာဝတီမြစ်အတွင်းစီးဝင်သည့် မြစ်ငယ်မြစ်၏ အခြားအမည်များကို ဖော်ပြပါ။
(၃) ဧရာဝတီလင်းပိုင်ဆိုသည်ကို ကြားဖူးပါသလား။ ဧရာဝတီမြစ်၏ မည်သည့်အပိုင်းတွင် တွေ့နိုင်သနည်း။
(၄) ဧရာဝတီမြစ်၏ အသုံးဝင်ပုံကို သင်သိသမျှ ရေးပါ။

**အလယ်ပိုင်းချိုင့်ဝှမ်းဒေသ (ရေဆင်း)** **စာသင်ချိန်(၈)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

❖ ယခင်သင်ခန်းစာတွင် ဧရာဝတီမြစ်စီးဆင်းပုံနှင့် မြန်မာနိုင်ငံအတွင်း အရေးပါဆုံး မြစ်ကြီး ဖြစ်ကြောင်း သင်ကြားလေ့လာခဲ့ပြီး ဖြစ်သည်။

DBE BOX - Copyright Protected

❖ ယခုသင်ခန်းစာတွင် ဧရာဝတီမြစ်၏အဓိက မြစ်လက်တက်ဖြစ်သော ချင်းတွင်းမြစ်နှင့် အခြားမြစ်စဉ်စုတစ်ခုဖြစ်သော စစ်တောင်းမြစ်တို့အကြောင်း လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်ကြောင်း ပုံပေါ်တွင်ပြပြီး ဆရာက ရှင်းပြမည်။ ချင်းတွင်းမြစ် စတင်စီးဆင်းရာ ဒေသတည်နေရာနှင့် ချင်းတွင်းမြစ်ကိုခေါ်သည့် အခြား အမည်ကို ရှင်းပြမည်။ ချင်းတွင်းမြစ်၏ အရှည်ကိုပြောပြပြီး ကျယ်ပြန့်သော မြစ်ဝှမ်းလွင်ပြင်များ မရှိကြောင်းရှင်းပြမည်။ မြစ်အတွင်းသို့ အရှေ့ဘက်နှင့် အနောက်ဘက်မှ စီးဝင်သော မြစ်လက်တက် အမည်များနှင့် ချင်းတွင်းမြစ်တွင် ရာသီအလိုက်သင်္ဘောသွားလာနိုင်သည့်မြို့များကို ရှင်းပြမည်။

ဆက်လက်ပြီး စစ်တောင်းမြစ်စဉ်စု မြစ်ဖျားခံရာ ချောင်းအမည်များ၊ မြစ်၏အရှည်တို့ကို ပြောပြမည်။ စစ်တောင်းမြစ်အတွင်း အရှေ့ဘက်နှင့် အနောက်ဘက်မှစီးဆင်းသည့် ချောင်းအမည်များကို အစဉ်အတိုင်း ရှင်းပြမည်။ စစ်တောင်းမြစ်ဝပုံကိုပြပြီး မြစ်ဝကျယ်(ခေါင်းလောင်းပုံ) ဖြစ်၍ ဒီလှိုင်းကြီးမား၍ လှေသင်္ဘောများသွားရန် မလွယ်ကူကြောင်း၊ မိုးများသောနှစ်များတွင် ပဲခူး-စစ်တောင်း လွင်ပြင်၌ ရေကြီးရေလျှံမှုဖြစ်စေကြောင်း၊ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ကို တူးမြောင်းဖြင့် ဆက်သွယ်ထားကြောင်းရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုကို ချင်းတွင်းမြစ်အကြောင်း အသေးစိတ်လေ့လာစေပြီး ဒုတိယအုပ်စုကို စစ်တောင်းမြစ်အကြောင်း အသေးစိတ်လေ့လာစေမည်။ ထို့နောက် တစ်ဖွဲ့ချင်းအလိုက် မြစ်တစ်ခုချင်းစီရှိ မြစ်လက်တက်လွင်ပြင်၊ မြစ်ကြောင်းသွားလာရေးအခြေအနေ၊ ထူးခြားချက်များကို အတန်းရှေ့တွင် အဖွဲ့ကိုယ်စားလှယ်က ရှင်းပြမည်။ လိုအပ်သည်များကို ကျန်အဖွဲ့ဝင်များက ဖြည့်စွက်ပေးမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ချင်းတွင်းမြစ်အတွင်း စီးဝင်သော မြစ်လက်တက်အမည်များကို ရေးပြပါ။
(၂) ချင်းတွင်းမြစ်နောက်ဘက်ကမ်းရှိ မြစ်ဝှမ်းလွင်ပြင်တစ်ခု၏အမည်ကို ဖော်ပြပါ။
(၃) စစ်တောင်းမြစ်သည် အဘယ်ကြောင့် ခေါင်းလောင်းပုံဖြစ်နေရသနည်း။
(၄) စစ်တောင်းမြစ်သည် မည်သည့်မြစ်ချောင်းများပေါင်းဆုံရာမှ ဖြစ်ပေါ်လာသနည်း။

DBE BOX - Copyright Protected

**အလယ်ပိုင်းချိုင့်ဝှမ်းဒေသ (အပြန်အလှန်ဆက်နွှယ်မှု)　　စာသင်ချိန်(၉)**

**သင်ခန်းစာမိတ်ဆက်　　(၅) မိနစ်**

- ယခင် သင်ခန်းစာများတွင် မြန်မာနိုင်ငံ အလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး၏ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းအကြောင်းကို ပြည့်စုံစွာသင်ကြားလေ့လာခဲ့ပြီး ဖြစ်သည်။
- ယခု သင်ခန်းစာတွင် အလယ်ပိုင်းဒေသကြီး၌ပါဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ တည်ရှိသော မြေပြင်လက္ခဏာရပ်များနှင့် အပြန်အလှန်ဆက်နွှယ်မှုများ၊ ဒေသအလိုက် မြေအသုံးချနိုင်သည့်ပုံစံများကို သင်ကြားမည်။

**သင်ကြားခြင်း　　(၁၅) မိနစ်**

အလယ်ပိုင်းချိုင့်ဝှမ်းဒေသကြီး၏ ဆက်နွှယ်မှုပြဇယားတွင် အပိုင်း ၄ ပိုင်း ခွဲခြားထားကြောင်း၊ အပိုင်းတစ်ခုတွင် ပါဝင်နေသည့် ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် တွေ့ရှိရသည့် မြေမျက်နှာသွင်ပြင်လက္ခဏာရပ်များ၊ ရာသီဥတုအခြေအနေ၊ သဘာဝပေါက်ပင်ပေါက်ရောက်မှု၊ မြေဆီလွှာအမျိုးအစားနှင့် မြေအသုံးချမှုတို့ကိုဖော်ပြထားကြောင်း ဇယားကိုသုံး၍ ဆရာက ရှင်းပြမည်။

**လေ့ကျင့်ခြင်း　　(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၄ စုခွဲမည်။ မိမိကျရာ ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုချင်းအလိုက် တွေ့ရှိရသည့် မြေပြင်သဏ္ဌာန်များ၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာနှင့် မြေအသုံးချမှုတို့ကို သေချာစွာလေ့လာမှတ်သားစေမည်။ အချင်းချင်း ဆွေးနွေးစေမည်။ အားလုံးမှတ်သားပြီးလျှင် သင်ပုန်းပေါ်တွင် အကွက်ချဖော်ပြထားသော ဇယားကွက်ပေါ်၌ သက်ဆိုင်ရာအုပ်စုအလိုက် လေ့လာထားသည့်အချက်များကို ထည့်သွင်းဖော်ပြစေမည်။ မှန် မမှန်ကို အခြားအဖွဲ့များအား ပြန်လည်စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း　　(၁၀) မိနစ်**

(၁) ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ဘက်ပိုင်းရှိ ရာသီဥတုအမျိုးအစားကို ဖော်ပြပါ။

(၂) ရွက်ပြတ်ရောနှောတောများကို မည်သည့်ရာသီဥတုရပ်ဝန်းများတွင် တွေ့ရှိရသနည်း။

(၃) ခြောက်သွေ့တောများကို မည်သည့်မြေဆီလွှာအမျိုးအစားများပေါ်တွင် တွေ့ရသနည်း။

(၄) ဧရာဝတီမြစ်ဝှမ်းပေါ်ဒေသ၏ ဒီရေဝင်သည့်နေရာများတွင် တွေ့ရှိရမည့် မြေဆီလွှာနှင့် သဘာဝပေါက်ပင်အမျိုးအစားများကို ဖော်ပြပါ။

DBE BOX - Copyright Protected

## ၁.၃.၃ အနောက်ဘက်တောင်တန်းဒေသ (မြေမျက်နှာသွင်ပြင်) စာသင်ချိန်(၁၀)

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ ယခင် သင်ခန်းစာတွင် မြန်မာနိုင်ငံအလယ်ပိုင်းချိုင့်ဝှမ်းဒေသ၏ သဘာဝပထဝီဝင်ဆိုင်ရာ အချက်များ၏ ဆက်နွှယ်မှုကို လေ့လာခဲ့ပြီးဖြစ်သည်။
- ❖ ယခုသင်ခန်းစာတွင် အနောက်ဘက်တောင်တန်းဒေသ၏ မြေမျက်နှာသွင်ပြင်အကြောင်းကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

အနောက်ဘက်တောင်တန်းဒေသဟုခေါ်ဆိုရခြင်းမှာ နိုင်ငံအနောက်ပိုင်းရှိ တောင်တန်းများဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း၊ အလယ်ပိုင်းချိုင့်ဝှမ်းဒေသနှင့် ရခိုင်ကမ်းမြောင်ဒေသတို့ထက် သက်တမ်းပိုရင့်ကြောင်း၊ ပါဝင်သော ပြည်နယ်၊ တိုင်းဒေသကြီးတို့၏ တည်နေရာကို ကျောင်းသုံးစာအုပ်ပါ ပုံ (၁. ၁၀)တွင်ပြ၍ ဆရာက ရှင်းပြမည်။

ဆက်လက်ပြီး တောင်တန်းသွယ်တန်းပုံကို ရှင်းပြရာတွင် မြောက်ဘက်ဆုံးပိုင်း၌ ပတ်ကွိုင်တောင်တန်းနှင့် ယင်းပေါ်ရှိ အမြင့်ဆုံးတောင်ထွတ်အမည်၊ ယင်းမှ တောင်ဘက်သို့ သွယ်တန်းလာသော တောင်တန်းနှင့် ကုန်းမြင့်အမည်များကို မြေပုံပေါ်တွင် ပြသ၍ ရှင်းပြမည်။ ချင်းတောင်တန်းနှင့် ရခိုင်ရိုးမပေါ်ရှိ အမြင့်ဆုံးတောင်ထွတ်အမည်များကို ရှင်းပြမည်။ ရခိုင်ရိုးမသည် တောင်ဘက်သို့ နိမ့်ဆင်းလာရာ ပင်လယ်တွင်းမှ တစ်ဖန်ပြန်ပေါ်ထွက်လာသည့် ကျွန်းအမည်များနှင့် တည်နေရာကို ရှင်းပြမည်။ ထင်ရှားသည့် ကမ်းခြေအမည်များနှင့် တည်နေရာကို ပြသမည်။ ဒေသကြီးအတွင်း လွင်ပြင်တို့၏ တည်နေရာနှင့် ဒေသအတွင်းစီးဆင်းရာအရပ်တို့ကို ပုံပေါ်တွင်ပြပြီး ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စုခွဲမည်။ ပထမအုပ်စုကို အနောက်ဘက်တောင်တန်းဒေသ၏ ဘူမိသက်တမ်းဖြစ်ပေါ်လာပုံနှင့် တည်ရှိရာ ပြည်နယ်၊ တိုင်းဒေသကြီးအမည်များကို လေ့လာစေမည်။ ဒုတိယအုပ်စုကို မြောက်ဘက်ပိုင်းရှိ တောင်တန်း၊ တောင်ထိပ်များ၊ အလယ်ပိုင်းတွင် တွေ့ရသည့် တောင်တန်း၊ ကုန်းမြင့်၊ တောင်ထိပ်အမည်များနှင့် တည်နေရာကို လေ့လာမှတ်သားစေမည်။ တတိယအုပ်စုကို ရခိုင်ရိုးမနှင့် ဘင်္ဂလားပင်လယ်အော်အထိ ရခိုင်ရိုးမသွယ်တန်းနိမ့်ဆင်းသွားသည့် အခြေအနေများနှင့် လွင်ပြင်၊ မြစ်ချောင်းများကို လေ့လာမှတ်သားစေမည်။ ထို့နောက် အဖွဲ့ကိုယ်စားလှယ်များက မိမိကျရာအပိုင်းအလိုက် အတန်းသို့ ပြန်လည်ရှင်းလင်းစေမည်။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးမည်။

DBE BOX Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ချင်းပြည်နယ်တောင်ပိုင်းရှိ ထင်ရှားသော အမျိုးသားဥယျာဉ်တစ်ခု၏ အမည်ကို ဖော်ပြပါ။

(၂) အနောက်ဘက်တောင်တန်းဒေသတွင် တောင်မှမြောက်သို့ စီးဆင်းသော မြစ်တစ်စင်း၏ အမည်ကို ရေးပါ။

(၃) အနောက်ဘက်တောင်တန်းဒေသရှိ ယူးမြစ်ဝှမ်းတွင်တည်ရှိသည့် လွင်ပြင်ကိုဖော်ပြပါ။

**အနောက်ဘက်တောင်တန်းဒေသ (အပြန်အလှန်ဆက်နွယ်မှု)** **စာသင်ချိန်(၁၁)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

❖ ယခင် သင်ခန်းစာတွင် အနောက်ဘက်တောင်တန်းဒေသ၏ မြေမျက်နှာသွင်ပြင်ကို သင်ကြားခဲ့ပြီးဖြစ်သည်။

❖ ယခု အနောက်ဘက်တောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်ထားသည့်လမ်းများနှင့် အခြားသဘာဝပထဝီဝင်ဆိုင်ရာအချက်များ၏ဆက်နွယ်မှုကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

အနောက်ဘက်တောင်တန်းဒေသသည် တောင်တန်းဒေသကြီးဖြစ်၍ ဒေသကိုဖြတ်ကျော်ဖောက်လုပ်ထားသော တောင်ကျော်လမ်းများရှိကြောင်း၊ အိန္ဒိယနိုင်ငံနှင့်ထိစပ်နေ၍ နယ်စပ်ဖြတ်ကျော်လမ်း ၂ လမ်းရှိကြောင်း ဆရာကရှင်းပြမည်။ ရခိုင်ရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီး ၃ ခုသို့ ဆက်သွယ်ထားသည့် လမ်း ၃ လမ်း၏ အမည်နှင့် တည်နေရာကို ရှင်းပြမည်။

ဆက်လက်ပြီး အနောက်ဘက်တောင်တန်းဒေသတွင် ပါဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာတို့၏ ဆက်နွယ်မှုနှင့် မြေအသုံးချပုံများကို ဇယားကြည့်စေပြီး ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စုခွဲမည်။ မိမိကျရာ ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုချင်းအလိုက် တွေ့ရှိရသည့် မြေပြင်လက္ခဏာများ၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာနှင့် မြေအသုံးချမှုတို့ကို သေချာစွာ လေ့လာမှတ်သားစေပြီး အချင်းချင်း ဆွေးနွေးသွားစေမည်။ အားလုံး မှတ်သားပြီးလျှင် ဆရာက သင်ပုန်းပေါ်တွင် အကွက်ချဖော်ပြထားသော ဇယားကွက်ပေါ်၌ သက်ဆိုင်ရာအုပ်စုအလိုက် လေ့လာထားသည့် ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုချင်း၏ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာနှင့်မြေအသုံးချမှုတို့ကို ထည့်သွင်းဖော်ပြစေမည်။ မှန် မမှန်ကို အခြားအဖွဲ့များအား အပြန်အလှန်စစ်ဆေးစေမည်။

DBE BOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံကို ဆက်သွယ်ထားသော လမ်းမကြီးအမည်များကို ရေးပါ။

(၂) ချင်းပြည်နယ်တွင် တွေ့နိုင်သည့် မြေဆီလွှာအမျိုးအစားကိုဖော်ပြပါ။

(၃) ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်ထားသော လမ်းအမည်များကို ဖော်ပြပါ။

## ၁.၃.၄ ရခိုင်ကမ်းမြောင်ဒေသ **စာသင်ချိန်(၁၂)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ယခင်သင်ခန်းစာတွင် အနောက်ဘက်တောင်တန်းဒေသအကြောင်းကို လေ့လာသင်ကြားခဲ့ပြီးဖြစ်သည်။
- ယခုသင်ခန်းစာတွင် ရခိုင်ကမ်းမြောင်ဒေသ၏ မြေမျက်နှာသွင်ပြင်အကြောင်းကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက ရခိုင်ကမ်းမြောင်ဒေသ၏ တည်နေရာကို ကျောင်းသုံးစာအုပ်ပါ ပုံ (၁. ၁၁) တွင်ပြ၍ ရှင်းမည်။ အလယ်ပိုင်း ချိုင့်ဝှမ်းဒေသနှင့် သက်တမ်းတူညီကြောင်း၊ မြောက်ဘက်တွင်ကျယ်ပြန့်ပြီး တောင်ဘက်တွင်ကျဉ်းမြောင်းသွားကာ ကမ်းရိုးတန်းလွင်ပြင်ကျဉ်းမြောင်း၍ ကမ်းမြောင်ဒေသဟု ခေါ်ဆိုကြောင်း ပုံသဏ္ဌာန်ကိုပြပြီး ရှင်းပြမည်။

ဆက်လက်ပြီး မြောက်ဘက်ပိုင်းရှိ တောင်တန်းအမည်များနှင့် သွယ်တန်းပုံ၊ မြစ်ဝှမ်းလွင်ပြင်များ တည်ဆောက်ထားပုံနှင့် စစ်တွေမြစ်ဝကျွန်းပေါ်လွင်ပြင်ဖြစ်ပေါ်လာပုံကို ရှင်းပြမည်။ တောင်ဘက်ပိုင်းတွင် ရခိုင်ရိုးမတောင်စွယ်များ ကမ်းရိုးတန်းအထိနိမ့်ဆင်းလာ၍ မြစ်ဝှမ်းလွင်ပြင်ငယ်များသာရှိကြောင်း၊ ပင်လယ်ကွေ့၊ သဲသောင်ကမ်းခြေများရှိပြီး ငပလီကမ်းခြေမှာ ထင်ရှားကြောင်း ရှင်းပြမည်။

ဆက်လက်ပြီး မြောက်ဘက်ပိုင်းမှစ၍ တွေ့ရှိရသော ကမ်းလွန်ကျွန်းများကို မြေပုံပေါ်တွင် ပြပြီး ရှင်းပြမည်။ ဤဒေသတွင် မီးတောင်ငယ်များရှိကြောင်း၊ ကျွန်းများနှင့် ကမ်းရိုးတန်းကြားတွင် ပင်လယ်ရေတိမ်ပိုင်းရှိကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၂ စုခွဲမည်။ ပထမအုပ်စုကို ဒေသမြောက်ပိုင်းရှိ တောင်တန်းနှင့် မြစ်ဝကျွန်းပေါ်လွင်ပြင်အမည်ကို တည်နေရာနှင့် မှတ်သားစေမည်။ ဒုတိယအုပ်စုကို ကမ်းလွန်ကျွန်း အမည်များနှင့် သဲသောင်ကမ်းခြေအမည်ကို တည်နေရာနှင့် မှတ်သားစေမည်။ ဆရာက ရခိုင်ကမ်းမြောင် ဒေသမြေပုံကို သင်ပုန်းပေါ်တွင် ရေးဆွဲပြီး သို့မဟုတ် ကပ်ထားပြီး တောင်တန်း၊ လွင်ပြင်၊ ကျွန်း၊

ကမ်းခြေအမည်များကို အဖွဲ့လိုက်နေရာမှန်ကန်စွာ ထည့်သွင်းစေမည်။ မှန် မမှန် အုပ်စုအချင်းချင်း အပြန်အလှန် စစ်ဆေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀) မိနစ်**

(၁) စစ်တွေလွင်ပြင်ကို တည်ဆောက်ထားသော မြစ်အမည်များကိုဖော်ပြပါ။

(၂) ရခိုင်ပြည်နယ်တွင် မီးတောင်ငယ်များရှိသည့် ကျွန်းအမည်များကို ဖော်ပြပါ။

(၃) ရခိုင်ကမ်းရိုးတန်းတွင် ထင်ရှားသည့် ကမ်းခြေအမည်ကို ဖော်ပြပါ။

(၄) စစ်တွေလွင်ပြင်တောင်ဘက်ရှိ ကျွန်း၏အမည်ကို ဖော်ပြပါ။

## ရခိုင်ကမ်းမြောင်ဒေသ (ရေဆင်းနှင့် အပြန်အလှန်ဆက်နွှယ်မှု) စာသင်ချိန်(၁၃)

**သင်ခန်းစာမိတ်ဆက် (၅) မိနစ်**

- ယခင် သင်ခန်းစာတွင် ရခိုင်ကမ်းမြောင်ဒေသ၏ မြေမျက်နှာသွင်ပြင်အကြောင်း လေ့လာခဲ့ပြီးဖြစ်သည်။
- ယခု ရခိုင်ကမ်းမြောင်ဒေသအတွင်း စီးဆင်းနေသော မြစ်၊ ချောင်းများအကြောင်းနှင့် ဒေသတစ်ခုလုံး၏ သဘာဝပထဝီဝင်ဆိုင်ရာဆက်နွှယ်မှုများကို သင်ယူသွားမည်။

**သင်ကြားခြင်း (၁၅) မိနစ်**

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြစ်များ၏အမည်နှင့် စီးဆင်းရာအရပ်ဒေသများ၊ မြစ်များပေါင်းဆုံရာမှ မြစ်ဝကျွန်းပေါ် လွင်ပြင်ဖြစ်ပေါ်လာပုံနှင့် မြစ်ကြောင်းများအတွင်း သင်္ဘောများ သွားလာနိုင်သည့် မြို့များအကြောင်းကို ဆရာက ရှင်းပြမည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးနတ်မြစ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်မြစ်အဖြစ်တည်ရှိကြောင်း ရှင်းပြမည်။

တောင်ဘက်ပိုင်းရှိ ချောင်းများသည် ရခိုင်ရိုးမတွင် မြစ်ဖျားခံပြီး အရှေ့မှအနောက်သို့ စီးဆင်း၍ ၎င်းတို့၏အမည်များကို ရှင်းပြမည်။ ဆက်လက်ပြီး ရခိုင်ကမ်းမြောင်ဒေသ၏ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာတို့ဆက်နွှယ်မှုနှင့် မြေအသုံးချပုံစံတို့ကို ဇယားကြည့်စေပြီး ရှင်းပြမည်။

**လေ့ကျင့်ခြင်း (၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စုခွဲမည်။ ပထမအုပ်စုကို ဒေသမြောက်ပိုင်းရှိ မြစ်အမည်များ၊ သင်္ဘောလမ်းဆက်သွယ်နိုင်မည့် မြို့များနှင့် ဒေသတောင်ပိုင်းရှိ ချောင်းအမည်များကို လေ့လာမှတ်သားစေမည်။ ဒုတိယအုပ်စုကို ရခိုင်ပြည်နယ်မြောက်ပိုင်း၏ မြေမျက်နှာသွင်ပြင်နှင့် အခြားသောသဘာဝ

DBE BOX. Copyright Protected

ပထဝီဝင်ဆိုင်ရာအချက်များ၏ဆက်နွှယ်မှု တတိယအုပ်စုကို ရခိုင်ပြည်နယ်တောင်ပိုင်း၏ မြေမျက်နှာသွင်ပြင်နှင့် အခြားသောသဘာဝပထဝီဝင်ဆိုင်ရာ အချက်များ၏ဆက်နွှယ်မှုတို့ကို လေ့လာမှတ်သားစေမည်။ ထို့နောက် အဖွဲ့ကိုယ်စားလှယ်က အတန်းသို့ ပြန်လည်ရှင်းပြမည်။ မှန် မမှန်ကို အပြန်အလှန် စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**


(၁) ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပြည်တွင်းရေကြောင်းခရီးလမ်းအတွက် အသုံးပြုနိုင်သော မြစ်များကို ဖော်ပြပါ။

(၂) မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်နိမိတ်မြစ်အဖြစ်အသုံးပြုထားသော မြစ်အမည်ကို ဖော်ပြပါ။

(၃) ရခိုင်ကမ်းမြောင်ဒေသ၏ အဓိကသဘာဝပေါက်ပင်များကို ဖော်ပြပါ။

**အခန်း(၁) မြန်မာနိုင်ငံသဘာဝပထဝီဝင်အခန်းကို သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း**

DBE BOX - Copyright Protected



# အခန်း (၂)

# လူမှုရေးပထဝီဝင်

**စုစုပေါင်းစာသင်ချိန်(၁၁)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

**သင်ယူမှုရလဒ်များ**

- ကမ္ဘာ့နိုင်ငံများ၏ လူဦးရေတိုးတက်မှုနှင့်ပျံ့နှံ့မှု၊ သိပ်သည်းမှုများကို သိရှိလာနိုင်မည်။
- မြန်မာနိုင်ငံ၏လူဦးရေ တိုးတက်မှု၊ ပျံ့နှံ့မှုနှင့် သိပ်သည်းမှုတို့အပြင် အခြားသောလူဦးရေဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိလာနိုင်မည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- ကမ္ဘာ့လူဦးရေပျံ့နှံ့မှုနှင့် သိပ်သည်းမှုပြ ရုပ်ပုံကားချပ်များ
- မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာအချက်အလက်များဖော်ပြသည့် ရုပ်ပုံကားချပ်များ
- ကမ္ဘာ့နိုင်ငံများနှင့် မြေပုံများပါဝင်သော ရုပ်ပုံကားချပ်

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု**

- ကမ္ဘာ့နိုင်ငံအသီးသီး၏ လူဦးရေ ပမာဏများကိုသိရှိပြီး ကြောင်းကျိုးဆက်စပ်စဉ်းစားခြင်း၊ ခွဲခြမ်းစိတ်ဖြာတတ်ခြင်းများ ပြုလုပ်နိုင်မည်။
- မြန်မာနိုင်ငံရှိ လူဦးရေတိုးတက်မှုနှင့် ပျံ့နှံ့မှုများကို မြေမျက်နှာပြင်အခြေအနေနှင့် ဆက်စပ်လေ့လာနိုင်မည်။
- မြန်မာနိုင်ငံ၏ အသက်အပိုင်းအခြားအလိုက် အလုပ်လုပ်နိုင်သော လူဦးရေပမာဏကို သိရှိလာခြင်းကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးနိုင်မှုအလားအလာများကို အုပ်စုဖွဲ့ အပြန်အလှန် ဆွေးနွေးနိုင်ခြင်း၊ ကြောင်းကျိုးဆက်စပ်စဉ်းစားနိုင်ခြင်း စသည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရရှိမည်။

**စုစုပေါင်းစာသင်ချိန်(၅)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

## ၂.၁ ကမ္ဘာ့လူဦးရေ

**သင်ခန်းစာရည်ရွယ်ချက်**

- ကမ္ဘာ့လူဦးရေ တိုးတက်မှု၊ ပျံ့နှံ့မှုနှင့် လူဦးရေသိပ်သည်းမှုများကို ရှင်းပြတတ်ရန်

DBE BOX Copyright Protected

**ကမ္ဘာ့လူဦးရေ** **စာသင်ချိန်(၁)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- လူဦးရေအကြောင်းကို လေ့လာရာတွင် လူဦးရေဆိုင်ရာ စာရင်းကောက်ယူစိစစ်ခြင်းပညာသည် အရေးပါပြီး ထိုလုပ်ငန်းကို သန်းခေါင်စာရင်းကောက်ယူခြင်းဟု သိရှိကြသည်။ သန်းခေါင်စာရင်းကောက်ယူရသည့်အကြောင်းများကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

လူဦးရေဆိုင်ရာ စာရင်းကောက်ယူစိစစ်ခြင်းပညာ(Demography) ၏အဓိပ္ပာယ်နှင့် လေ့လာရာတွင်လိုအပ်သည့် လူဦးရေဆိုင်ရာ အခြင်းအရာများကို ဆရာက ရှင်းပြမည်။

ဆက်လက်ပြီး လူဦးရေပညာရှင်များက နိုင်ငံတစ်နိုင်ငံအတွင်း စုစုပေါင်းလူဦးရေကို ကွင်းဆင်းကောက်ယူခြင်းအား သန်းခေါင်စာရင်းကောက်ယူခြင်းဟုခေါ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အချိန်ကာလအပိုင်းအခြားတစ်ခုသတ်မှတ်ပြီး ကောက်ယူကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဗြိတိသျှခေတ်မှ ယနေ့ခေတ်အထိ နှစ်အလိုက်သန်းခေါင်စာရင်းကောက်ယူမှုများရှိခဲ့ကြောင်း ကောက်ယူခဲ့သည့်နှစ်များကို ပြောပြမည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် အဓိကကောက်ယူမှုမှာ လူဦးရေပမာဏ (အရေအတွက်)ဖြစ်ပြီး အခြားလူဦးရေနှင့်သက်ဆိုင်သောအချက်အလက်များကိုပါ ပူးတွဲ ကောက်ယူကြကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုမှတစ်ဆင့် လုပ်နိုင်သည့်လုပ်ငန်းများရှိကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ကျောင်းသားများကို အုပ်စု ၃ စုခွဲမည်။ ဆရာက အောက်ဖော်ပြပါ ဇယားတစ်ခုကို ကြိုတင်ရေးဆွဲထားပြီး ကျောင်းသားအုပ်စု တစ်ခုချင်းအလိုက် မိမိတို့ကျောင်း၏ မူလတန်းမှတစ်ခန်း၊ အလယ်တန်းမှ တစ်ခန်း၊ အထက်တန်းမှတစ်ခန်း ကျောင်းသားများ၏ လူဦးရေဆိုင်ရာအချက်များကို ကောက်ယူစေမည်။

| စဉ် | အမည် | ကျား/မ | အသက် | လူမျိုး | ကိုးကွယ်သည့်ဘာသာ | အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

DBE BOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) လူဦးရေဆိုင်ရာ အခြေခံအရာများတွင် မည်သည့်အချက်များပါဝင်သနည်း။

(၂) သန်းခေါင်စာရင်းကောက်ယူရာတွင် အခြားမည်သည့်အချက်များကို ထည့်သွင်းကောက်ယူကြသနည်း။

## ၂.၁.၁ ကမ္ဘာ့လူဦးရေတိုးတက်လာပုံ **စာသင်ချိန်(၂)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ လူဦးရေဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူသည့် အကြောင်းများကို လေ့လာခဲ့ပြီးဖြစ်သည်။
- ❖ ကမ္ဘာ့လူဦးရေတိုးတက်လာပုံနှင့် ပျံ့နှံ့နေထိုင်ပုံ၊ လူဦးရေသိပ်သည်းမှုနှင့် ကမ္ဘာ့နိုင်ငံနှင့်ဒေသအသီးသီး၏ လူဦးရေပမာဏများအကြောင်းကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသုံးစာအုပ်ပါ ဇယား (၂. ၁) ကိုကြည့်၍ ကမ္ဘာပေါ်တွင်လူသားမျိုးနွယ်များ မည်သည့်အချိန်မှ စတင်ပေါ်ပေါက်လာပုံကိုရှင်းပြမည်။ ကမ္ဘာ့လူဦးရေသည် နှစ်စဉ်တိုးနေကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများအား အုပ်စု ၂ စုခွဲစေပြီး အုပ်စု (၁) ကို ရာစုနှစ်အလိုက် လူဦးရေတိုးမှုပမာဏကို လေ့လာစေကာ အုပ်စု (၂) ကို လူဦးရေတိုးနှုန်းအကြောင်းကို လူဦးရေနှစ်ဆတိုးလာသောနှစ်များကို နှိုင်းယှဉ်လေ့လာစေမည်။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်း၏ ရှေ့တွင်ထွက်ပြီး ဆွေးနွေးစေမည်။ အုပ်စုတစ်စု၏ တင်ပြချက်များကို ကျန်အုပ်စုအဖွဲ့ဝင်များက မှန်မမှန် ဆွေးနွေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ကမ္ဘာ့လူဦးရေသည် မည်သည့်ခုနှစ်တွင် သန်း ၁၀၀၀ သို့ ရောက်ရှိခဲ့သနည်း။

(၂) ၁၉ ရာစုအစောပိုင်းနှင့် ၂၀ ရာစုနောက်ဆုံးနှစ်တွင် ကမ္ဘာ့လူဦးရေကွာခြားချက်ကို ဖော်ပြပါ။

DRE BOX - Copyright Protected

## ၂.၁.၂ လူဦးရေပျံ့နှံ့နေထိုင်မှု **စာသင်ချိန်(၃)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ လူဦးရေပြောင်းလဲမှု အဆင့် ၅ ဆင့်ကို သင်ကြားခဲ့ပြီးဖြစ်သည်။
- ❖ ယခု သင်ခန်းစာတွင် လူဦးရေပျံ့နှံ့နေထိုင်မှုအကြောင်းကို သင်ကြားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ကမ္ဘာပေါ်ရှိနေရာဒေသအသီးသီးတွင် လူနေထိုင်မှုပျံ့နှံ့ပုံမတူညီမှုကို ရှင်းပြမည်။ ရာသီဥတုဆိုးရွားသော မြောက်လတ္တီကျူ ၆၀ ဒီဂရီမျဉ်းမြောက်ဘက်ပိုင်းနှင့် ကမ္ဘာ့မြေမျက်နှာပြင် ကြမ်းတမ်းသော အခြားဒေသများတွင် လူနေကျဲပါးကြောင်း ဖြည့်စွက်ရှင်းပြမည်။ ကမ္ဘာ့မြေပြင်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် ကမ္ဘာ့စုစုပေါင်းလူဦးရေ၏ ၈၀ ရာခိုင်နှုန်း နေထိုင်ကြောင်းကို ကျောင်းသုံးစာအုပ်ပါမြေပုံ (၂. ၁) နှင့် ဇယား (၂. ၂) တို့ကို အသုံးပြု၍ ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများအားအုပ်စု ၄ စုဖွဲ့ပါ။ အုပ်စု (၁) ကို ကမ္ဘာ့ဒေသများအမည်၊ အုပ်စု (၂) ကို ဒေသအလိုက် ပျံ့နှံ့နေထိုင်မှု (ရာခိုင်နှုန်း)၊ အုပ်စု (၃) ကို ကမ္ဘာ့မြေပုံအလွတ်ပေါ်တွင် ပျံ့နှံ့မှုအများဆုံးနှင့် အနည်းဆုံးနေရာများကို အရောင်ခြယ်စေပြီး အုပ်စု (၄) ကို လူဦးရေ အတော်အသင့်ပျံ့နှံ့သောနေရာများကို အရောင်ခြယ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) လတ္တီကျူအနေအထားအရ ကမ္ဘာ၏မည်သည့်အပိုင်းတွင် လူနေထိုင်မှုကျဲပါးသနည်း။ အဘယ်ကြောင့်နည်း။

(၂) ကမ္ဘာ့လူဦးရေပျံ့နှံ့မှုပြပုံကိုလေ့လာ၍ မည်သည့်ဒေသများသည် လူဦးရေပျံ့နှံ့မှု အများဆုံးဖြစ်ရသည်ကို အကြောင်းပြဖြေဆိုပါ။

## လူဦးရေသိပ်သည်းမှု **စာသင်ချိန်(၄)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ ကမ္ဘာ့လူဦးရေပျံ့နှံ့နေထိုင်မှုကို သင်ကြားခဲ့ပြီးဖြစ်၍ ကျောင်းသားများကို မှတ်မိသမျှ ဆွေးနွေးကြစေမည်။
- ❖ ယခု ကမ္ဘာ့လူဦးရေသိပ်သည်းမှုအကြောင်း ဆက်လက်သင်ကြားမည်ဖြစ်ကြောင်း ပြောပြမည်။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅) မိနစ်**

လူဦးရေသိပ်သည်းမှုဆိုသည်မှာ ဒေသတစ်ခုရှိ စုစုပေါင်းလူဦးရေကို ၎င်းဒေသ၏ ဧရိယာနှင့်စားခြင်းမှ ရရှိပုံကို ဆရာက ရှင်းပြမည်။ အတန်းရှေ့တွင်ချိတ်ဆွဲထားသော ကျောင်းသုံးစာအုပ်ပါ ဒေသအလိုက် လူဦးရေသိပ်သည်းမှုကွာခြားပုံများကို ပုံ (၂. ၂) ကို အသုံးပြု၍ရှင်းပြမည်။ လူဦးရေသိပ်သည်းမှုဆိုသည်မှာ ဧရိယာ ၁ စတုရန်းကီလိုမီတာ သို့မဟုတ် ၁ စတုရန်းမိုင်တွင် နေထိုင်သည့် လူဦးရေဖြစ်ကြောင်း ဖြည့်စွက်ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက အတန်းရှေ့တွင် ကမ္ဘာ့အနားသတ်မြေပုံတစ်ခုချိတ်ဆွဲ၍ ကျောင်းသားများအားအုပ်စု ၃ စုဖွဲ့ပါ။ ကမ္ဘာ့လူဦးရေပျံ့နှံ့မှုဇယား (၂. ၂) ကိုသုံး၍ အုပ်စု (၁) အား ၁ စတုရန်းကီလိုမီတာတွင် လူဦးရေ ၂၅ ယောက်အောက်၊ အုပ်စု (၂) အား ၁ စတုရန်းကီလိုမီတာတွင် လူဦးရေ ၂၆ မှ ၅၀ ကြား၊ အုပ်စု (၃) အား ၁ စတုရန်းကီလိုမီတာတွင် လူဦးရေ ၅၀ နှင့်အထက်သိပ်သည်းမှုရှိသော ဒေသများကို အသီးသီးအရောင်ခြယ်စေမည်။ ထို့နောက် လေ့ကျင့်ပြီးထွက်လာသောပုံနှင့် ကျောင်းသုံးစာအုပ်ပါပုံအား နှိုင်းယှဉ်ပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) နိုင်ငံတစ်နိုင်ငံ၏ လူဦးရေသိပ်သည်းမှုကို မည်သို့တွက်ချက်၍ သိရှိနိုင်မည်နည်း။

(၂) လူဦးရေသိပ်သည်းမှုအများဆုံးနိုင်ငံများကို မည်သည့်တိုက်တွင် တွေ့ရှိနိုင်သနည်း။

## ကမ္ဘာ့လူဦးရေသိပ်သည်းမှုနည်းရခြင်း၊ များရခြင်းအကြောင်းရင်းများ

**စာသင်ချိန်(၅)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ဆရာကကျောင်းသားအားလုံးအား သင်ယူခဲ့ပြီးသည့် လူဦးရေသိပ်သည်းမှုအကြောင်း မှတ်မိသမျှ ပြောစေမည်။
- ဆက်လက်၍ ကမ္ဘာ့လူဦးရေသိပ်သည်းမှု များရခြင်း၊ နည်းရခြင်း အကြောင်းရင်းများကို သင်ကြားရမည်ဖြစ်ကြောင်း ပြောမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက ကမ္ဘာ့လူဦးရေ သိပ်သည်းမှု များရခြင်း၊ နည်းရခြင်း အကြောင်းရင်းများဖော်ပြထားသော ကျောင်းသုံးစာအုပ်ပါ မြေပုံ (၂. ၂) နှင့် ဇယား(၂. ၃) အား အတန်းရှေ့တွင်ချိတ်ဆွဲ၍ ကမ္ဘာ့ဒေသအလိုက် လူဦးရေများရခြင်း နည်းရခြင်းအကြောင်းရင်းများကို ကျောင်းသားများအား ရှင်းပြပါမည်။

DBE BOX - Copyright Protected

ထိုသို့ ရှင်းပြရာတွင် အာရှတိုက်ရှိ ကမ်းရိုးတန်းဒေသများနှင့် မြစ်ဝှမ်းလွင်ပြင်များတွင် လူနေသိပ်သည်းမှုများပြီး အာဖရိကတိုက်အလယ်ပိုင်း ဆဟာရသဲကန္တာရပတ်ဝန်းကျင်ဒေသများတွင် လူနေနည်းပါးကြောင်းကို ပုံ (၂. ၂)ပြ၍ ဖြည့်စွက်ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများအား အုပ်စု ၂ စု ဖွဲ့ပါ။ အုပ်စု (၁) ကို လူဦးရေများရသည့် အကြောင်းရင်းနှင့် အုပ်စု (၂) ကို လူဦးရေနည်းရသည့်အကြောင်းများ သတ်မှတ်ခွဲပေးကာ အဖွဲ့လိုက်ဆွေးနွေးစေမည်။

ဆရာက ဒေသအသီးသီးအမည်များ၊ လူဦးရေနည်းရသည့် အကြောင်းအရင်းများနှင့် လူဦးရေများရသည့် အကြောင်းရင်းများရေးထားသောကတ်ပြားများအား သက်ဆိုင်ရာအဖွဲ့များကို ဝေပေးကာ အဖွဲ့ကိုယ်စားလှယ်များက အတန်းရှေ့သို့ထွက်၍ မိမိတို့သက်ဆိုင်ရာဒေသနှင့် အကြောင်းရင်းများကို မှန်ကန်စွာကပ်၍ ဖြစ်စေ၊ ရေး၍ဖြစ်စေ လုပ်ဆောင်စေမည်။

DBE BOX : Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) တရုတ်နိုင်ငံယန်စီမြစ်ဝှမ်းလွင်ပြင်တွင် လူဦးရေများရသည့်အဓိကအကြောင်းရင်းကို ဖော်ပြပြီး အခြားရှိနိုင်မည့်အကြောင်းရင်းများကိုလည်း သင်သိသမျှ ဆွေးနွေးပါ။

(၂) ရော့ကီးတောင်တန်းဒေသတွင် လူဦးရေနည်းရသည့် အဓိကအကြောင်းရင်းကို ဖော်ပြပြီး အခြားရှိနိုင်မည့်အကြောင်းရင်းများကိုလည်း သင်သိသမျှ ဆွေးနွေးပါ။

**စုစုပေါင်းစာသင်ချိန်(၆)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

## ၂.၂ မြန်မာနိုင်ငံ၏လူဦးရေ

**သင်ခန်းစာရည်ရွယ်ချက်**

- ❖ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှင့် ပျံ့နှံ့မှု၊ လူဦးရေသိပ်သည်းမှုတို့ကို သိရှိစေရန်
- ❖ မြန်မာနိုင်ငံ၏ အခြားသောလူမှုရေးဆိုင်ရာ လက္ခဏာရပ်များကိုသိရှိပြီး နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများကို လေ့လာသုံးသပ်တတ်ရန်

**မြန်မာနိုင်ငံ၏လူဦးရေ** **စာသင်ချိန်(၁)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- ❖ လူဦးရေတိုးတက်မှုအလားအလာနှင့် လက္ခဏာရပ်များအကြောင်းကို မှတ်မိသမျှပြောစေမည်။
- ❖ မြန်မာနိုင်ငံ၏လူဦးရေကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်သင်ကြားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများပါသော အာရှတိုက်မြေပုံကိုချိတ်ဆွဲ၍ အိမ်နီးချင်းနိုင်ငံများကို ထောက်၍ရှင်းပြမည်။ မြန်မာနိုင်ငံ၏လူဦးရေနှင့် အိမ်နီးချင်းနိုင်ငံများကို ကျောင်းသုံးစာအုပ်ပါ ဇယား (၂. ၄) ကို အသုံးပြု၍ ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများအား အုပ်စု ၂ စုဖွဲ့မည်။ ကျောင်းသုံးစာအုပ်ပါ ဇယား (၂. ၄)ကို အသုံးပြု၍ အုပ်စု (၁) ကို လူဦးရေ၊ အုပ်စု (၂) ကို နိုင်ငံအလိုက် လူဦးရေသိပ်သည်းမှုအကြောင်းများကို လေ့လာစေမည်။ ထို့နောက် ဆရာက သင်ပုန်းပေါ်တွင် နိုင်ငံအမည်များကို ရေးသွင်းပြီး ယင်းနိုင်ငံများ၏ လူဦးရေပမာဏနှင့် လူဦးရေသိပ်သည်းမှုဇယား အလွတ်ကို ရေးဆွဲထားမည်။ မိမိတို့အဖွဲ့အလိုက် လေ့လာထားသည့် အကြောင်းအရာ၊ အချက်အလက်များကို အုပ်စုကိုယ်စားလှယ်က သင်ပုန်းပေါ်တွင် ဖြည့်စွက်စေမည်။ မှန် မမှန်ကို အပြန်အလှန် စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) ကျောင်းသုံးစာအုပ်ပါ ဇယား (၂. ၄) ကိုလေ့လာ၍ အိန္ဒိယနှင့် တရုတ်နိုင်ငံများသည် လူဦးရေ သန်းကျော်ရှိသော်လည်း သိပ်သည်းမှုနည်းရသည်မှာ အဘယ့်ကြောင့်နည်း။

(၂) ဇယား (၂. ၄) ကို လေ့လာ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေသိပ်သည်းမှု အလွန်မြင့်နေရခြင်းအကြောင်းကို လေ့လာသုံးသပ်ပါ။

**မြန်မာနိုင်ငံလူဦးရေတိုးတက်လာပုံ** **စာသင်ချိန်(၂)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေအကြောင်း သင်ကြားခဲ့မှုကို မှတ်မိသမျှ ပြောစေမည်။
- မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်လာပုံအကြောင်းကို လေ့လာသွားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

မြန်မာနိုင်ငံရှိလူဦးရေကို ၁၈၀၀ ပြည့်နှစ်ခန့်မှန်းမှုအရ လေးသန်းကျော်ရှိခဲ့ရာမှ ဗြိတိသျှလက်ထက် ပထမဆုံးအကြိမ်သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေ ၇. ၇ သန်းအထိတိုးလာခဲ့ကြောင်းရှင်းပြမည်။ ဆက်လက်၍ ခေတ်အဆက်ဆက် သန်းခေါင်စာရင်းကောက်ယူခဲ့ရာ လက်ရှိခန့်မှန်းလူဦးရေမှာ ၅၄. ၁ သန်းအထိ တိုးတက်လာခဲ့ကြောင်းကို ကျောင်းသုံးစာအုပ်ပါ တိုးတက်မှုပြဇယား (၂. ၅) နှင့် ပုံ (၂. ၃)တို့ကို အသုံးပြု၍ ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများကို အုပ်စု ၂ စု ဖွဲ့မည်။ အုပ်စု (၁) ကို ၁၈၀၀ ပြည့်နှစ်မှ ဗြိတိသျှခေတ်အထိ လူဦးရေတိုးတက်လာပုံ၊ အုပ်စု (၂) ကို လွတ်လပ်ရေးရရှိပြီးနောက်မှ ယခုလက်ရှိကာလအထိ လူဦးရေတိုးတက်လာပုံကို ဆွေးနွေးလေ့လာစေမည်။ ဆွေးနွေးပြီးသော အချက်များကို အဖွဲ့တစ်ဖွဲ့ချင်းစီ၏ ကိုယ်စားလှယ်က အတန်းရှေ့သို့ထွက်၍ ပြောစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံ၏လူဦးရေတိုးနှုန်းသည် မည်သည့်အချိန်ကာလတွင် အမြင့်ဆုံးဖြစ်ခဲ့သနည်း။

(၂) မြန်မာနိုင်ငံ၏လူဦးရေသည် ၁၉၇၃ သန်းခေါင်စာရင်းနှစ်နှင့် ၂၀၁၄ သန်းခေါင်စာရင်းနှစ် အကြား လူဦးရေ အဆပေါင်းမည်မျှ တိုးလာခဲ့သနည်း။

**မြန်မာနိုင်ငံ၏ လူဦးရေပျံ့နှံ့မှု** **စာသင်ချိန်(၃)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- မြန်မာနိုင်ငံ၏ လူဦးရေရွှေ့ပြောင်းမှုအကြောင်း ကျောင်းသားများအား မှတ်မိသမျှ ပြန်လည်ပြောပြစေမည်။
- ယခု မြန်မာနိုင်ငံ၏ လူဦးရေပျံ့နှံ့မှုအကြောင်း ဆက်လက်သင်ကြားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသုံးစာအုပ်ပါပုံ (၁. ၂) မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ပြပုံကို အတန်းရှေ့တွင်ချိတ်ဆွဲ၍ လူနေထိုင်မှုများသော ပြည်နယ်၊ တိုင်းဒေသကြီးများ၊ လွင်ပြင်များနှင့် လူနေထိုင်မှုအနည်းဆုံးဖြစ်သော ပြည်နယ်များနှင့်တိုင်းဒေသကြီးတို့ကို ဇယား (၂. ၆)ကို ဆက်စပ်အသုံးပြု၍ ရှင်းပြမည်။ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင်အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကုန်ထုတ်လုပ်ငန်းများ၊ လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းပေါ်မူတည်၍ လူနေထိုင်မှုများရခြင်းနှင့် နည်းရခြင်းအကြောင်းများကို ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများကို အုပ်စု နှစ်စုဖွဲ့၍ ၂၀၁၄ ခုနှစ် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်းပြဇယား (၂. ၆) ကိုလေ့လာစေမည်။ အုပ်စု (၁)ကို လူဦးရေအများဆုံးပျံ့နှံ့သော တိုင်းဒေသကြီး၊ ပြည်နယ်များကိုလည်းကောင်း၊ အုပ်စု (၂)ကို လူဦးရေပျံ့နှံ့မှုနည်းသော တိုင်းဒေသကြီး၊ ပြည်နယ်များကိုလည်းကောင်း ပုံနှင့်တကွ ကျောင်းသုံးစာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးစေမည်။ အုပ်စု (၁) ကို လူဦးရေ ပျံ့နှံ့မှုရာခိုင်နှုန်း အများဆုံးတိုင်းဒေသကြီး၊ ပြည်နယ် ၅ ခုနှင့် အုပ်စု (၂)ကို လူဦးရေ

UBE BOX - Copyright Protected

ပျံ့နှံ့မှု ရာခိုင်နှုန်းအနည်းဆုံး တိုင်းဒေသကြီး၊ ပြည်နယ် ၅ ခုဟူ၍ ခေါင်းစဉ်နှစ်ခုခွဲကာ သင်ပုန်းပေါ်တွင် ရေးသားစေမည်။ ထို့နောက် အုပ်စုတစ်ခုချင်းစီ၏ ကိုယ်စားလှယ်တစ်ဦးစီက မိမိတို့အဖွဲ့လိုက် မှတ်သားထားသော အကြောင်းအရာများကို ဆွေးနွေးပါစေ။ မှန် မမှန်ကို အဖွဲ့အလိုက် အပြန်အလှန် စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း　　(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၁၀ ရာခိုင်နှုန်းအထက်ရှိသော ပြည်နယ်၊ တိုင်းဒေသကြီး ၅ ခု၏ အမည်များကို ဖော်ပြပါ။

(၂) မြန်မာနိုင်ငံတွင် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း ဆက်တိုက်လျော့ကျသွားသော ပြည်နယ်၊ တိုင်းဒေသကြီး ၃ ခု၏ အမည်များကို ဖော်ပြပါ။

DBE BOX - Copyright Protected

**မြန်မာနိုင်ငံလူဦးရေသိပ်သည်းမှု　　စာသင်ချိန်(၄)**

**သင်ခန်းစာမိတ်ဆက်　　(၅) မိနစ်**

- မြန်မာနိုင်ငံ၏လူဦးရေပျံ့နှံ့မှုအကြောင်း ကျောင်းသားများအား မှတ်မိသမျှ ပြန်လည် ပြောပြ စေမည်။
- ယခု မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုအကြောင်း သင်ကြားမည်။

**သင်ကြားခြင်း　　(၁၅) မိနစ်**

ဆရာက ကျောင်းသုံးစာအုပ်ပါ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် လူနေသိပ်သည်းမှုပြပုံ (၂. ၄)ကို အတန်း၏ရှေ့တွင်ချိတ်ဆွဲ၍ ဇယား (၂. ၆)မှ လူနေသိပ်သည်းမှုများသောဒေသများနှင့် နည်းသောဒေသများကိုဖော်ပြပြီး ဧရိယာပေါ်မူတည်၍ လူနေများရခြင်းနှင့် နည်းရခြင်းအကြောင်းများကို ရှင်းပြမည်။ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင်အခြေအနေများဖြစ်သည့် မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ ရာသီဥတုအခြေအနေများနှင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများအပေါ်တွင်လည်းမူတည်၍ လူနေသိပ်သည်းမှုများရခြင်းနှင့် နည်းရခြင်းအကြောင်းများကို ရှင်းပြမည်။

**လေ့ကျင့်ခြင်း　　(၁၅) မိနစ်**

ဆရာက သန်းခေါင်စာရင်းနှစ်အလိုက် ကျောင်းသားများအားအုပ်စု ၃ စု ဖွဲ့စေမည်။ အုပ်စု တစ်စုစီကို သန်းခေါင်စာရင်းနှစ် တစ်နှစ်ချင်းစီအလိုက် လူနေသိပ်သည်းမှုအများဆုံးနှင့် အနည်းဆုံး တိုင်းဒေသကြီးများကိုမှတ်သားစေပြီး နှစ် ၃ နှစ်အတွင်း ကွဲပြားခြားနားမှု ရှိ မရှိ အချင်းချင်း ဆွေးနွေးစေမည်။ အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်တင်ပြစေမည်။ မှန် မမှန်ကို အဖွဲ့အလိုက် အပြန်အလှန်စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုများသောဒေသများကိုဖော်ပြ၍ လူနေများရခြင်း အကြောင်းရင်းများကို ဖော်ပြပါ။

(၂) ကျောင်းသုံးစာအုပ်ပါ ပုံ (၂. ၄) ကို လေ့လာ၍ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ ၁၀၀ နှင့်အထက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုဖော်ပြ၍ ၎င်းဒေသများတွင် လူနေသိပ်သည်းရခြင်းအကြောင်းရင်းကို ဆန်းစစ်ပါ။

**မြန်မာနိုင်ငံ၏လူဦးရေပြောင်းရွှေ့မှု** **စာသင်ချိန်(၅)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- မြန်မာနိုင်ငံ၏ လူဦးရေတိုးနှုန်း၊ မွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ သဘာဝအလျောက် လူဦးရေ တိုးနှုန်းအကြောင်းကို မှတ်မိသမျှပြောစေမည်။
- ဆက်လက်၍ မြန်မာနိုင်ငံ၏လူဦးရေပြောင်းရွှေ့မှုအကြောင်းကို သင်ကြားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ကျောင်းသုံးစာအုပ်ပါ မြန်မာနိုင်ငံအတွင်း လူဦးရေပြောင်းရွှေ့လမ်းကြောင်းပြပုံ (၂. ၅)ကို ချိတ်ဆွဲပြီး မြန်မာနိုင်ငံ၏လူဦးရေ ပြောင်းရွှေ့မှုမှာ ငါးနှစ်တာကာလအတွင်း ဒေသတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ရသည့်အကြောင်းရင်းများမှာ သဘာဝဘေးအန္တရာယ်နှင့် စီးပွားရေးလုပ်ငန်းများ သွားရောက် လုပ်ကိုင်ရန်အတွက်ဖြစ်ကြောင်း ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့်ပြည်နယ် နယ်နိမိတ်များပါသည့် မြေပုံအလွတ် ၂ ပုံကို သင်ပုန်းပေါ်တွင် ဆရာက ရေးဆွဲထားမည်။ ကျောင်းသားများအား အုပ်စု ၂ စု ဖွဲ့စေပြီး မြန်မာနိုင်ငံ အတွင်း လူဦးရေပြောင်းရွှေ့လမ်းကြောင်းပြပုံ (၂. ၅)ကို လေ့လာစေမည်။ အဖွဲ့အတွင်း ဆွေးနွေး ရရှိချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက သက်ဆိုင်ရာအဖွဲ့အလိုက် သတ်မှတ်ထားသည့် မြေပုံပေါ်တွင် လူဦးရေပြောင်းရွှေ့လမ်းကြောင်းများကို ဆွဲသားစေမည်။ မှန် မမှန်ကို အဖွဲ့အလိုက် အပြန်အလှန် စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မှတ်**

(၁) နိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ လူများပြောင်းရွှေ့ရသည့်အကြောင်းရင်းများကို ဖော်ပြပါ။

(၂) မြန်မာနိုင်ငံသားများ သွားရောက်အလုပ်လုပ်ကိုင်သော ပြည်ပနိုင်ငံတစ်နိုင်ငံကို ဖော်ပြပါ။

DBE BOX Copyright Protected

## လူဦးရေမူဝါဒနှင့် မြန်မာနိုင်ငံ၏ လူဦးရေမူဝါဒ **စာသင်ချိန်(၆)**

**သင်ခန်းစာမိတ်ဆက်** **(၅) မိနစ်**

- မှီခိုသူအချိုးနှင့် မျှော်မှန်းသက်တမ်းအကြောင်း မှတ်မိသမျှ ပြန်၍ပြောပြစေမည်။
- လူဦးရေမူဝါဒနှင့် မြန်မာနိုင်ငံ၏လူဦးရေမူဝါဒအကြောင်းကို သင်ကြားမည်။

**သင်ကြားခြင်း** **(၁၅) မိနစ်**

ဆရာက လူဦးရေမူဝါဒ၏ အဓိပ္ပာယ်နှင့် လူဦးရေမူဝါဒရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို ရှင်းပြမည်။

မြန်မာနိုင်ငံအတွက်လိုအပ်သည့် ခေတ်ကာလနှင့်ကိုက်ညီသော လူဦးရေမူဝါဒများ ပြန်လည်ရေးဆွဲရာတွင် မွေးဖွားနှုန်းကျဆင်းနေခြင်းအပေါ် ဆောင်ရွက်သင့်သည့်အချက်များ၊ သေဆုံးနှုန်းကျဆင်းစေရန် ဆောင်ရွက်သင့်သည့်အချက်များနှင့် ပြောင်းရွှေ့လူဦးရေများအတွက် ဆောင်ရွက်သင့်သည့်အချက်များကို ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများအရ ရှင်းပြမည်။

**လေ့ကျင့်ခြင်း** **(၁၅) မိနစ်**

ဆရာက ကျောင်းသားများအား အုပ်စု ၃ စု ဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ ပုံ (၂. ၆) အရ အုပ်စု (၁) ကို မြန်မာနိုင်ငံ၏ မွေးဖွားနှုန်းကျဆင်းနေခြင်းအပေါ် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း၊ အုပ်စု (၂) ကို မြန်မာနိုင်ငံ၏ သေဆုံးနှုန်းကျဆင်းစေရန် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း၊ အုပ်စု (၃) ကို မြန်မာနိုင်ငံ၏ ပြောင်းရွှေ့လူဦးရေများအတွက် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း သတ်မှတ်ခွဲဝေပေးပြီး လေ့လာဆွေးနွေးစေမည်။ ဆရာက ဆောင်ရွက်သင့်သည့်အချက် ၃ ချက်ကို သင်ပုန်းပေါ်တွင် ရေးသားထားပါ။ အုပ်စုအလိုက် လေ့လာမှတ်သား ထားသည့်အချက်များကို သက်ဆိုင်ရာ ခေါင်းစဉ်အောက်တွင် ထည့်သွင်းရေးသားစေမည်။ မှန် မမှန်ကို အုပ်စုအလိုက် အပြန်အလှန်စစ်ဆေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀) မိနစ်**

(၁) လူဦးရေမူဝါဒဆိုသည်မှာ အဘယ်နည်း။

(၂) လူဦးရေမူဝါဒရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သောအချက်များကို ဖော်ပြပါ။

(၃) မြန်မာနိုင်ငံ၏ လူဦးရေမူဝါဒတွင် မွေးဖွားနှုန်းကျဆင်းနေခြင်းအပေါ် ဆောင်ရွက်သင့်သည့် အချက်များ ကိုဖော်ပြပါ။

(၄) မြန်မာနိုင်ငံ၏ ပြောင်းရွှေ့လူဦးရေများအတွက် ဆောင်ရွက်သင့်သည့်အချက်များတွင် လူငယ်များနှင့်သက်ဆိုင်သည့်အချက်ကို ဖော်ပြပါ။

**အခန်း(၂) လူမှုရေးပထဝီဝင်အခန်းကို သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း**

**လူမှုရေးပထဝီဝင်**

**ကမ္ဘာ့လူဦးရေ**

- ကမ္ဘာ့လူဦးရေတိုးတက်လာပုံ
- ကမ္ဘာ့လူဦးရေပျံ့နှံ့နေထိုင်မှုနှင့် သိပ်သည်းမှု

**မြန်မာနိုင်ငံ၏လူဦးရေ**

- လူဦးရေတိုးတက်လာပုံ
- လူဦးရေပျံ့နှံ့မှုနှင့် သိပ်သည်းမှု
- လူဦးရေမူဝါဒ

DPHBOX Copyright Protected


ကျမ်းကိုးစာရင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ(၂၀၁၈-၂၀၁၉) ပညာသင်နှစ်
- အဋ္ဌမတန်း ပထဝီဝင်ကျောင်းသုံးစာအုပ်
- နဝမတန်း ပထဝီဝင်ကျောင်းသုံးစာအုပ်
- ဒသမတန်း ပထဝီဝင်ကျောင်းသုံးစာအုပ်

၂။ ပညာရေးဝန်ကြီးဌာန၊ ကျောင်းသုံးစာအုပ်ကော်မတီ (၁၉၈၀၊ ဇန်နဝါရီလ)၊ မြန်မာနိုင်ငံ ပထဝီဝင်(အလယ်တန်း)

၃။ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန(၂၀၁၅ ခုနှစ်၊ မေလ)၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်ထောင်စု သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ (၂)

၄။ တင်ကြည်ကြည် - ဒေါ်၊ ခင်မလေး- ဒေါ်၊ စိန်စိန်- ဒေါ်၊ ပထဝီဝင်၏ သဘာဝအခြေခံများ (ဒုတိယတွဲ)၊ တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေးကော်မတီ (၁၉၇၁၊ နိုဝင်ဘာ)

၅။ မင်းကိုကို - ဒေါက်တာ၊ မြန်မာပြည်နှင့်လူဦးရေမူဝါဒ (Population Policy)၊ ကြေးမုံသတင်းစာ (၂၄-၆-၂၀၁၉)

၆။ Hla Tun Aung, U: Myanmar: The Study of Processes and Patterns အမျိုးသားလူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန။

Internet Sources

1. www.census.gov > stories > world
2. http://myanmar.unfpa.org/census

ဆရာလမ်းညွှန်

# လူမှုရေးသိပ္ပံ

သမိုင်း

ဒသမတန်း

DBE BOX - Copyright Protected

DBE BOX - Copyright Protected

# အခန်း (၁)
# ပုဂံယဉ်ကျေးမှုအမွေအနှစ်

**စုစုပေါင်းစာသင်ချိန် (၇)ချိန်၊ တစ်ချိန် (၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- ပုဂံနိုင်ငံ အင်အားကြီးမားလာပုံကို ဆန်းစစ်တတ်လာမည်။
- ပုဂံခေတ် ဗုဒ္ဓဘာသာ အနုပညာဗိသုကာနှင့် လက်ရာအဆင်တန်ဆာများအကြောင်းကို သိရှိနားလည်လာမည်။
- ဗုဒ္ဓဘာသာအနုပညာ ဗိသုကာဆိုင်ရာဝေါဟာရများကို သိရှိနားလည်လာမည်။
- ပုဂံယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော စေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ဘုရားကျောင်းကန်များ၏ အနုပညာဗိသုကာလက်ရာအဆင့်အတန်းကို အကဲဖြတ်လာနိုင်မည်။
- ယခင်သင်ယူခဲ့ပြီးသော ပုဂံဧကရာဇ်နိုင်ငံ ပေါ်ပေါက်လာပုံသင်ခန်းစာနှင့် နှိုင်းယှဉ်၍ ပုဂံခေတ်ကို လေ့လာဆွေးနွေးနိုင်မည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

- မြန်မာပြည်မြေပုံ၊ ပုဂံခေတ်ကျောက်စာကို ရိုက်ကူးထားသော ဓာတ်ပုံများ၊ ပုဂံဒေသရှိ ထင်ရှားသော သာသနိကအဆောက်အအုံဓာတ်ပုံနှင့် ပန်းချီများ၊ ပုဂံသမိုင်းအထောက်အထား ပါ မှတ်တမ်းကားများ၊ အနုပညာအဆင်တန်ဆာဓာတ်ပုံများနှင့် ပန်းချီကားများကို စုဆောင်း ထားပါ။
- ဗုဒ္ဓဘာသာအနုပညာ ဗိသုကာဆိုင်ရာ ဝေါဟာရများကို ကြိုတင်လေ့လာထားပါ။
- ကျမ်းကိုးစာရင်းပါ စာအုပ်များကို (ရနိုင်သမျှ) ရှာဖွေလေ့လာထားပါ။

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- ပုဂံမင်းနိုင်ငံ အင်အားကောင်းလာစေသော အကြောင်းအရင်းများကို ဆရာ၏လမ်းညွှန်မှုဖြင့် ကြောင်းကျိုးဆက်စပ်လေ့လာတတ်လာမည်။
- ပုဂံခေတ်စေတီ၊ ဂူဘုရားများနှင့် ဗုဒ္ဓဆင်းတုတို့၏ လက်ရာပုံသဏ္ဌာန်ကွဲပြားမှုကို အုပ်စု လိုက် ဆွေးနွေးခြင်းဖြင့် အတွေးအခေါ် မျှဝေတတ်လာမည်။

DBE BOX Copyright Protected

- ပုဂံခေတ် အနုပညာလက်ရာများမှတွေ့ရသော ပုဂံခေတ်ကိုးကွယ်ယုံကြည်မှုနှင့် ပုဂံခေတ် စာပေအရေးအသားကို ကျောင်းသားအချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ ဆရာက လမ်းညွှန်ပေးခြင်းဖြင့်လည်းကောင်း အတွေးအခေါ်သစ်များ ရရှိလာနိုင်မည်။
- ပုဂံခေတ် စေတီ၊ ဂူဘုရားတို့၏ ဗိသုကာလက်ရာအဆင့်အတန်းကို ဆန်းစစ်လေ့လာပြီး ဝေဖန်လာနိုင်မည်။

## ၁.၁။ နောက်ခံသမိုင်း **စာသင်ချိန်(၁)**

### သင်ခန်းစာရည်ရွယ်ချက်

- ပုဂံမင်းနိုင်ငံအကြောင်းကို ရာဇဝင်တွင် ရေးသားဖော်ပြချက်များ၊ ကျောက်စာပါ အထောက်အထားများကို လေ့လာသိရှိစေရန်။

### သင်ခန်းစာမိတ်ဆက် **(၅)မိနစ်**

- ယခုစာသင်ချိန်တွင် ပုဂံနိုင်ငံပေါ်ပေါက်လာပုံ၊ ပုဂံပြည်၌ စိုးစံခဲ့သော မင်းတို့၏အကြောင်းကို ရာဇဝင်တွင် ရေးသားဖော်ပြချက်များ၊ ကျောက်စာပါ အထောက်အထားများဖြင့် လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြရပါမည်။

### သင်ကြားခြင်း **(၂၀)မိနစ်**

ရာဇဝင်နှင့် သမိုင်း ကွဲပြားပုံကို ရှင်းပြရန်။ ပုဂံမူလ ၁၉ ရွာအကြောင်း မြေပုံနှင့်တကွ ရှင်းပြရန်။ အရိမဒ္ဒနပူရဟူသော ပါဠိစကားလုံးကို ရှင်းရန်။ ရာဇကုမာရ်ကျောက်စာအကြောင်း ရှင်းပြရန်။ ကျောက်စာအထောက်အထားအရ ပုဂံပြည်ကို ထီးနန်းစိုးစံခဲ့သော မင်း ၁၄ ပါးရှိကြောင်း ရှင်းပြရန်။ သရပါဟူသည် သရပါကာရဟူသော ပါဠိစကားမှ ဆင်းသက်လာ၍ မြားကိုဆီးကာသော တံခါးဟု အနက်ရှိကြောင်း ရှင်းပြရန်။

### ဆရာမှတ်စု

- ရာဇဝင်ဆိုသည်မှာ ရာဇဝံသ (ရာဇ = မင်းတို့၏၊ ဝံသ = အကြောင်းအရာ)မှ ဆင်းသက်လာပြီး မင်းတို့နှင့်သက်ဆိုင်သော အကြောင်းအရာများကို ရေးသားဖော်ပြသည့် အဓိပ္ပာယ်ဖြစ်သည်။ မင်းစဉ်မင်းဆက်ဟုလည်း အဓိပ္ပာယ်ရသည်။ ရာဇဝင်ပါအကြောင်းအရာများသည် ကျောက်စာများကို အထောက်အထား အကိုးအကား နည်းပါးကြောင်း တွေ့ရသည်။

DBE BOX - Copyright Protected

- သမိုင်းဆိုသည်မှာ သမုတိမှ ဆင်းသက်လာပြီး သမိုင်းတွင် မင်းစဉ်မင်းဆက်အကြောင်းများအပြင် တိုင်းပြည်၊ မြို့ရွာ၊ နယ်ပယ်တစ်ခုစီ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဓလေ့ထုံးစံများကို ပြည့်စုံအောင် ဖော်ပြစစ်ဆေးထားသည်။
- အရိမဒ္ဒနပူရဟူသော ပါဠိစကားလုံးသည် မြန်မာဘာသာဖြင့် ပြန်ဆိုလျှင် ရန်မျိုးနှိမ်မြို့ဟု အဓိပ္ပာယ်ရသည်။
- ပုဂံမူလ ၁၉ ရွာမှာ (၁) ကုက္ကို၊ (၂) ကျောက်စကား၊ (၃) ကြင်လို၊ (၄) စဥ့်ကူ၊ (၅) ညောင်ဝန်း၊ (၆) ညောင်ဦး၊ (၇) တဆောင်ကွန်း၊ (၈) တူတည်၊ (၉) တောင်ပ၊ (၁၀) နဂါးကျစ်၊ (၁၁) နဂါးစိုး၊ (၁၂) မန်ကျည်းကျီ၊ (၁၃) မြေခဲတွင်း၊ (၁၄) ယုန်လွှတ်၊ (၁၅) ရွာစိုက်၊ (၁၆) ရွာမုံး (ယခု လက်ပံခြေပေါ်)၊ (၁၇) သရက်ရ၊ (၁၈) အနုရာဓ၊ (၁၉) အုတ်ထဲသိမ် ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

ကျောင်းသားများကို ရာဇဝင်ပါအကြောင်းအရာများနှင့် သမိုင်းရေးသားချက်များ မည်မျှနားလည်သဘောပေါက်သည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါစေ။ ဆွေးနွေးချက်ရလဒ်များကို ဆရာက ဦးဆောင်၍ အရေးပါသောအချက်များ၊ ဆက်စပ်သိရှိရမည့် အချက်များကို ထုတ်နုတ်၍ ရေးမှတ်ပါစေ။ ကျောင်းသားများကို ပုဂံနိုင်ငံနောက်ခံသမိုင်း ခေါင်းစဉ်ခွဲကို ဖတ်ပါစေ။ ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကို အုပ်စုလိုက်အပြန်အလှန် ဆွေးနွေးပါစေ။ ဆွေးနွေးချက်ရလဒ်များကို ကျောင်းသားများအား မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

ကျောင်းသားများ၏ တတ်မြောက်မှုကို အောက်ပါမေးခွန်းများဖြင့် စစ်ဆေးပါ။

(၁) ရာဇဝင်မှ ပုဂံအကြောင်း ရေးသားချက်ကို သင်မည်ကဲ့သို့ ထင်မြင်ပါသနည်း။

ဇယားပါအချက်များထဲမှ မေးမြန်းလိုသောအချက်ကို ဆရာက သင့်သလို ကွက်လပ်ထား၍ ကျောင်းသားအား ဖြည့်စေပါ။

(၂) ရာဇဝင်ပါ မြို့အမည်များနှင့် တည်ထောင်သော မင်းများ။

| မြို့တည်သောမင်း | တည်သောမြို့ |
|---|---|
| သေဉ်လည်ကြောင်မင်း | သီရိပစ္စယာ |
| သိုက်တိုင်မင်း | တမ္ပဝတီ |
| ပျဉ်ပြားမင်း | ပုဂံ |

(၃) ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသော ပုဂံအကြောင်း ရေးသားတင်ပြပါ။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ပုဂံမြို့ကို စတင်တည်ထောင်သူ သမုဒ္ဒရာဇ်မင်းသည် သရေခေတ္တရာမင်းဆက်မှ ဆင်းသက်လာသူဟု မှန်နန်းရာဇဝင်တွင် ဖော်ပြထားခြင်း။
- သမုဒ္ဒရာဇ်မင်းသည် ရွာပေါင်း ၁၉ ရွာကို စုစည်း၍ ပုဂံကို တည်ထောင်ခြင်း။
- ကျောက်စာအထောက်အထားအရ ပုဂံပြည်ကို ထီးနန်းစိုးစံခဲ့သော မင်း ၁၄ ပါး ရှိခြင်း။
- မူလမြန်မာတို့သည် အေဒီ ၉ ရာစုတွင် ကျောက်ဆည်ဒေသသို့ ဦးစွာဝင်ရောက် နေထိုင်ခဲ့ပြီး ထိုမှတစ်ဆင့် မင်းဘူးဒေသကို သိမ်းယူခဲ့ခြင်း။
- ပုဂံနိုင်ငံတော်၏အမည်ကို အရိမဒ္ဒနပူရပြည်ဟု ခေါ်ဆိုခဲ့ခြင်း။

DBE BOX - Copyright Protected

**၁.၁။ နောက်ခံသမိုင်း** **စာသင်ချိန်(၂)**

**သင်ခန်းစာရည်ရွယ်ချက်**

- ပုဂံဒေသကို အုပ်ချုပ်ရေးဗဟိုဌာနအဖြစ်ထားပြီး အရှေ့အနောက် ကုန်သည်ရေကြောင်းလမ်းကို လွှမ်းမိုးနိုင်ခဲ့ကြောင်းနှင့် ပုဂံမင်းများ၏ ဆောင်ရွက်ချက်များကို သိရှိစေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပုဂံမင်းနိုင်ငံ ပေါ်ပေါက်လာပုံကို ရာဇဝင်တွင်ရေးသား ဖော်ပြချက်များနှင့် ကျောက်စာပါ အထောက်အထားများကို နှိုင်းယှဉ်လေ့လာ သင်ယူပြီးဖြစ်ကြောင်း၊ ယခုစာသင်ချိန်တွင် ကျောက်စာအထောက်အထားအရ သိရှိရသော ပုဂံကို အုပ်စိုးခဲ့သော မင်းများ၏ ဆောင်ရွက်ချက်များကို သင်ယူရမည်ဖြစ်ကြောင်း ပြောပြရပါမည်။

**သင်ကြားခြင်း** **(၂၀)မိနစ်**

မူလမြန်မာတို့ ပုဂံဒေသသို့ ဝင်ရောက်လာရခြင်း အကြောင်းရင်းကို ရှင်းပြရန်။ ပုဂံဒေသသည် အုပ်ချုပ်ရေးဗဟိုဌာနဖြစ်လာပုံကို မြန်မာနိုင်ငံအတွင်း လူမျိုးများဝင်ရောက်လာပုံနှင့် ဆက်စပ်၍ ရှင်းပြရန်။ ပုဂံသည် ခရိုင်နှင့် တိုက်အဆင့်မှကျော်လွန်ပြီး နိုင်ငံအဖြစ် ချဲ့ထွင်လာပုံကို ကျောက်စာပါ ထင်ရှားသော မင်းများ၏ ဆောင်ရွက်ချက်များမှ ထုတ်နုတ်၍ ရှင်းပြရန်။ ခရိုင်နှင့် တိုက်အကြောင်း ရှင်းပြရန်။ ပုဂံမင်းနိုင်ငံ၏ နယ်နိမိတ်ကို ပြောပြရန်။ ပုဂံကိုအုပ်ချုပ်ခဲ့သောမင်းများ အုပ်ချုပ်ရေးကို အခြေခိုင်မာအောင် ဆောင်ရွက်ပုံအကြောင်း ရှင်းပြရန်။

**ဆရာမှတ်စု**

- မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ လူမျိုးများအနက် နောင်တွင် မြန်မာဟုဖြစ်လာမည့် သူတို့သည် နန်ချောင်တို့လက်အောက်မှ လွတ်မြောက်နိုင်ရန် မြန်မာနိုင်ငံ မြေပြန့်ဒေသသို့ ဝင်ရောက်လာခဲ့ကြသည်။ ဝင်ရောက်လာသည့် မြန်မာတို့ ရှေးဦးအခြေချနေထိုင်သော ဒေသသည် ယခုကျောက်ဆည်နယ်ဟုခေါ်ဆိုသော လယ်တွင်း ၁၁ ခရိုင်ဖြစ်သည်။ ကျောက်ဆည်နယ်တွင် ရှေးဦးအခြေချနေထိုင်သော လူမျိုးစုကို မူလမြန်မာဟု ခေါ်ဆိုနိုင်သည်။
- ဧရာဝတီမြစ် အနောက်ဘက်ဒေသတွင် မင်းဘူး ၆ ခရိုင်ကို ထပ်မံတိုးချဲ့နိုင်ခဲ့သည်။
- တိုက်ဟူသော ဝေါဟာရသည် ကြီးမားခြင်းသဘော၊ ကျယ်ပြန့်ခြင်းသဘောနှင့် လုံခြုံခြင်းသဘောတို့ကိုဆောင်ပြီး ခရိုင်အဆင့်ထက် ကျော်လွန်သော နယ်နိမိတ်အုပ်ချုပ်ရေးရှိသည်။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

ကျောင်းသားများအား မြန်မာနိုင်ငံအတွင်း လူမျိုးများ ဝင်ရောက်ပြီး ပုဂံဒေသကို မည်သို့အခြေချရောက်ရှိလာပါသလဲဟူသော မေးခွန်းမေး၍ ဆွေးနွေးပါစေ။ ကျောင်းသားများကို ပုဂံနိုင်ငံနောက်ခံသမိုင်း ခေါင်းစဉ်ခွဲကို ဖတ်ပါစေ။ ကျောင်းသုံးစာအုပ်ပါအကြောင်းအရာများကို အုပ်စုလိုက်အပြန်အလှန် ဆွေးနွေးပါစေ။ ဆွေးနွေးချက်ရလဒ်များကို ကျောင်းသားများအား မှတ်စုစာအုပ်တွင်ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

ဆရာက ကျောင်းသားများ၏ တတ်မြောက်မှုကို အောက်ပါမေးခွန်းများဖြင့် စစ်ဆေးပါ။

(၁) ပုဂံကို နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို သုံးသပ်တင်ပြပါ။

DBE BOX - Copyright Protected

ဇယားပါအချက်များထဲမှ မေးမြန်းလိုသောအချက်ကို ဆရာက သင့်သလို ကွက်လပ်ထား၍ ကျောင်းသားအား ဖြည့်စေပါ။

(၂) ပုဂံမင်းများ၏ ဆောင်ရွက်ချက်များ။

| | |
|---|---|
| **အနော်ရထာမင်း၏ ဆောင်ရွက်ချက်များ** | ပုဂံကို အုပ်ချုပ်ရေး ဗဟိုဌာနအဖြစ် ပြုလုပ်ခြင်း |
| | အုတ်ခွက်ဘုရားများ သွန်းလုပ်လှူဒါန်းခြင်း |
| | အောက်မြန်မာနိုင်ငံကို သိမ်းသွင်းခြင်း |
| | အိန္ဒိယ၊ သီဟိုဠ်တို့နှင့် ဆက်သွယ်ခြင်း |

| | |
|---|---|
| **ကျန်စစ်သားမင်း၏ ဆောင်ရွက်ချက်များ** | ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ တူးဖော်ခြင်း |
| | ပိဋကတ်တော်များကူးယူခြင်း |
| | သံဃာတော်များကို ထောက်ပံ့ပေးခြင်း |

| | |
|---|---|
| **ကျစွာမင်း၏ ဆောင်ရွက်ချက်များ** | အုပ်ချုပ်ရေးထူထောင်ရန် အမိန့်ပြန်တမ်းများ ထုတ်ပြန်ခြင်း |

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ၁၁ ရာစုတွင် မြန်မာတို့သည် ခရိုန်(ခရိုင်)နှင့်တိုက်မှကျော်၍ နိုင်ငံဖြစ်အောင် တည်ဆောက်ခဲ့ခြင်း။
- အနော်ရထာသည် ပုဂံကို အုပ်ချုပ်ရေးဗဟိုဌာနအဖြစ် ပြုလုပ်ပြီး နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ခဲ့ခြင်း။
- အောက်မြန်မာနိုင်ငံကို သိမ်းသွင်းပြီးနောက် မွန်တို့နှင့် အဆက်အသွယ် ပိုမိုများပြားလာပြီး မွန်တို့ထံမှ ယဉ်ကျေးမှုအမြောက်အမြားကို လက်ခံရရှိခြင်း။
- ပထမဆုံးပင်လယ်ထွက်ပေါက်ရ၍ အိန္ဒိယ၊ သီဟိုဠ်စသော ဒေသတို့နှင့် ဆက်ဆံခွင့်ရခဲ့ခြင်း။
- သလင်ကြေ ခေါ် ဆလဲန်အင်ူကို သိမ်းပိုက်နိုင်ပြီး ပုဂံနိုင်ငံတော်သည် အရှေ့အနောက် ကုန်သည်ရေကြောင်းလမ်းကို စိုးမိုးနိုင်ခဲ့ခြင်း။

## ၁.၂။ ပုဂံခေတ်သာသနိကအဆောက်အအုံများ စာသင်ချိန်(၃)

### သင်ခန်းစာရည်ရွယ်ချက်

- ပုဂံခေတ်သာသနိကအဆောက်အအုံများအနက် စေတီနှင့် ဂူဘုရားများ တည်ဆောက်ပုံကို သိရှိရန်။

### သင်ခန်းစာမိတ်ဆက် (၅)မိနစ်

- ပုဂံမင်းနိုင်ငံ၏ နောက်ခံသမိုင်းကို သင်ကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခု စာသင်ချိန်တွင် ပုဂံခေတ် သာသနိကအဆောက်အအုံများအကြောင်းကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း ပြောပြရပါမည်။

### သင်ကြားခြင်း (၂၀)မိနစ်

သာသနိကအဆောက်အအုံ အမျိုးအစားများအကြောင်း ရှင်းပြရန်။ စေတီနှင့် ဂူဘုရား၏ ခြားနားချက်ကို ရှင်းပြရန်။ ဂူဘုရား၊ စေတီနှင့် ဘုန်းကြီးကျောင်းတို့ကို တည်ဆောက်လျှင် အုတ်တံတိုင်း တစ်ထပ် သို့မဟုတ် နှစ်ထပ် ကာရံရသော အကြောင်းရင်းကို ရှင်းပြရန်။ ဂူဘုရားတည်ဆောက်ပုံအကြောင်း ရှင်းပြရန်။ တဝဂူ၊ လေးမျက်နှာဂူနှင့် ငါးမျက်နှာဂူများအကြောင်း ရှင်းပြရန်။

### လေ့ကျင့်ခြင်း (၁၀)မိနစ်

ကျောင်းသားများ သိရှိထားသော ပုဂံရှိ အဆောက်အအုံများအကြောင်းကို ပြောပါစေ။ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ပုဂံသာသနိကအဆောက်အအုံ သင်ခန်းစာပါအကြောင်းအရာများကို အုပ်စုလိုက်အပြန်အလှန် ဆွေးနွေးပါစေ။ ဆွေးနွေးချက်များကို ကျောင်းသားများအား မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

### ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်

ဆရာက ကျောင်းသားများ၏ တတ်မြောက်မှုကို အောက်ပါမေးခွန်းများဖြင့် စစ်ဆေးပါ။

ဇယားပါအချက်များထဲမှ မေးမြန်းလိုသောအချက်ကို ဆရာက သင့်သလို ကွက်လပ်ထား၍ ကျောင်းသားအား ဖြည့်စေပါ။

(၁) ပုဂံခေတ်တွင် တွေ့ရသော သာသနိကအဆောက်အအုံများကို ဖော်ပြပါ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| စေတီ | ဂူဘုရား | ပိဋကတ် | ဓမ္မသာ | သိမ် | အုတ်ဇရပ် | ရေတွင်း | ရေကန် |

DREBOX - Copyright Protected

(၂) စေတီနှင့် ဂူဘုရား၏ ထင်ရှားသော ကွဲပြားချက်ကို ရေးသားပါ။

(၃) ပုဂံတွင် တည်ထားခဲ့သော ဂူဘုရားအမျိုးအစားများအကြောင်း ဆွေးနွေးပါ။

**အဓိကအချက်များ**

- စေတီနှင့် ဂူဘုရားဟူ၍ ရှိခြင်း။
- ဂူဘုရားသည် အတွင်းပိုင်း၌ လှည့်ပတ်သွားလာ၍ရသော်လည်း စေတီမှာအပြင်မှသာ လှည့်ပတ် ဖူးမြော်နိုင်ခြင်း။
- စေတီ၊ ဂူဘုရားတို့တွင် ထီးတင်သည့်ဓလေ့ ပုဂံခေတ်တွင် မထွန်းကားသေးဘဲ အထွတ်ဖြင့်သာ အဆုံးသတ်ကြခြင်း။
- ဂူဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းတို့ကို တည်ဆောက်လျှင် အုတ်တံတိုင်း တစ်ထပ် သို့မဟုတ် နှစ်ထပ် သင့်သလို ကာရံလေ့ရှိခြင်း။
- ဂူဘုရားများ၏အလယ်တွင် လေးထောင့်မဏ္ဍိုင် အုတ်တိုင်ကြီးရှိခြင်း။
- ပုဂံဒေသတွင် လေးမျက်နှာဂူကို အများဆုံးတွေ့ရခြင်း။
- ငါးမျက်နှာဂူဘုရားတွင် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားကိုပါ ထည့်သွင်းပူဇော်ခြင်း။

DBE BOX - Copyright Protected

**၁.၃။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ** **စာသင်ချိန်(၄)**

**သင်ခန်းစာရည်ရွယ်ချက်**

- ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ထုလုပ်သောပုံသဏ္ဍာန်နှင့် ဗုဒ္ဓရုပ်ပွားတော်များ၏ မုဒြာ (လက်တော်ထားဟန်)၊ အာသန (ခြေတော်ထားဟန်) များကို သိရှိစေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပုဂံခေတ်ပြည်သူတို့၏ သာသနိကအဆောက်အအုံများအကြောင်းကို သင်ကြားခဲ့ပြီး ဖြစ်ကြောင်း၊ ယခုစာသင်ချိန်တွင် ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအကြောင်းကို လေ့လာသင်ယူရမည်ဟု ပြောပြရပါမည်။

## သင်ကြားခြင်း (၂၀)မိနစ်

ဗုဒ္ဓရုပ်ပွားတော်ကို ပုဂံခေတ်က 'ဘုရားဆင်းပု' ဟုခေါ်ပြီး နောက်ပိုင်းတွင် ဆင်းတုဟု ပြောင်းလဲ ခေါ်ကြောင်းရှင်းပြရန်။ 'ရပ်တိုင်းဘုရား'နှင့် 'ကိုယ်ရပ်တိုင်းဘုရား'အကြောင်း ရှင်းပြရန်။ ပုဂံခေတ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ မျက်နှာပုံသဏ္ဍာန်နှင့် ခန္ဓာကိုယ်ထုဆစ်ထားပုံအကြောင်းကို ပုံနှင့်တကွ ရှင်းပြရန်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ရာတွင် အသုံးပြုသောပစ္စည်းများအကြောင်း ရှင်းပြရန်။ ဗုဒ္ဓရုပ်ပွားတော်များ၏ မုဒြာ (လက်တော်ထားဟန်)နှင့် အာသန (ခြေတော်ထားဟန်) များအကြောင်းကို ပုံနှင့်တကွ ရှင်းပြရန်။ ဘူမိဖဿမုဒြာ (လက်မြေထိဟန်) ရုပ်ပွားဆင်းတုတော်ကို အများဆုံးထုလုပ်ကြောင်း ရှင်းပြရန်။ ဈာနသန (တရားထိုင်ဟန်) ကို အများဆုံးတွေ့ရကြောင်း ရှင်းပြရန်။

## ဆရာမှတ်စု

- မြတ်စွာဘုရားပုံတော်များတွင် မုဒြာ (လက်တော်ထားဟန်)နဲ့ အာသန (ခြေတော်ထားဟန်) ကွဲပြားသည်။
- ဗုဒ္ဓ၊ ဗောဓိသတ္တ ဘုရားလောင်း၊ ရဟန်း၊ ဒါယကာအားလုံးတွင် လက်ထားပုံ ဆယ်မျိုး တွေ့ရသည်။ ၎င်းတို့မှာ -
  - (၁) အဘယမုဒြာ (စိုးရိမ်ကြောင့်ကြမှုကင်းဟန်)
  - (၂) အာလိင်္ဂနမုဒြာ (ပိုက်ပွေ့ဟန်)
  - (၃) အဥ္စလိမုဒြာ (ကြည်ညိုရှိခိုးဟန်)
  - (၄) ဘူမိဖဿမုဒြာ (လက်မြေထိဟန်/မာန်စစ်သည်ကို ဖယ်ရှားဖို့ မြေကြီးကို သက်သေတည်ဟန်)
  - (၅) ဓမ္မစကြာမုဒြာ (ဓမ္မစကြာဟောဟန်)
  - (၆) ဈာနမုဒြာ/သမာဓိမုဒြာ (တရားအားထုတ်ဟန်)
  - (၇) မဟာကာရုဏိကမုဒြာ (ကြင်နာသနားဟန်)
  - (၈) နမဿာရမုဒြာ (ရှိခိုးဟန်)
  - (၉) ဝရဒမုဒြာ (ဆုပေးဟန်)
  - (၁၀) ဝိတကမုဒြာ (အခြေအတင်ပြောဟန်)

  ပုဂံခေတ်တွင် ဘူမိဖဿမုဒြာဟန် အများဆုံးတွေ့ရသည်။

DBE BOX - Copyright Protected

- မြေပုံဘုရားများတွင် အာသန ခေါ် ခြေဟန် ရှစ်မျိုး တွေ့ရသည်။
  - (၁) အာလိဗာသန (ဘယ်ခြေရှေ့လှမ်း၊ ဒူးနည်းနည်းကွေး၊ ညာခြေအဖြောင့်ထားပြီး လေးတင်ဟန်၊ ရဲစွမ်းသတ္တိပြဟန်)
  - (၂) ပြလမ္ဗနာသန (ခြေစုံတွဲလွဲချဟန်)
  - (၃) ဈာနသန (ခြေနှစ်ချောင်းချိတ်ပြီး ခြေဖဝါးနှစ်ခုစလုံး အထက်လှန်ထားတဲ့ တရားထိုင်ဟန်)
  - (၄) လလိတာသန (ဘယ်ခြေတစ်ဖက် တွဲလောင်းချပြီး တစ်ခါတစ်ရံ ကြာပန်းပေါ်တင်ထားပြီး သက်သက်သာသာ ထိုင်ဟန်)
  - (၅) ပရျင်ကာသန (ဘယ်ခြေ၊ ညာခြေပေါ်ထပ်ပြီး ခွေထားဟန်၊ တည်ငြိမ်အေးဆေးတဲ့ သဘောရှိဟန်)
  - (၆) ပြတ္ယာလိဗာသန (ညာခြေရှေ့လှမ်း၊ ဒူးနည်းနည်းကွေး၊ ဘယ်ခြေအဖြောင့်ထားပြီး မကျေမနပ် ဒေါသထွက်ဟန်)
  - (၇) ရာဇလိလာသန (ဘယ်ဒူးကွေး ညာဒူးထောင်ပြီး အေးဆေးသာယာထိုင်ဟန်)
  - (၈) ဝိရာသန (ဒူးထောင်ထားတဲ့ခြေကို နောက်ခြေတစ်ချောင်းက ပိုက်ထားဟန်၊ ရှိခိုးပူဇော်တဲ့ လက်ဟန်)
- ဈာနသနဟန်၊ ပြလမ္ဗနာသနဟန်၊ လလိတာသနဟန်၊ ရာဇလိလာသနဟန်နဲ့ ဝိရာသနဟန် တို့ဖြင့် ထုလုပ်သော ဆင်းတုတော်များ တွေ့ရသည်။
- ပုဂံခေတ်တွင် အများဆုံးတွေ့ရသောဟန်မှာ ဈာနသနဟန် (တရားထိုင်ဟန်)ဖြစ်သည်။
- ပျူခေတ်တွင်မူ ပရျင်ကာသနဟန်မှာ ခေတ်အစားဆုံးဖြစ်ခဲ့သည်။

(သန်းထွန်း-မြန်မာမီးဖုတ်မြေထည်ပစ္စည်း၊ ရန်ကုန်၊ မုံရွေးစာပေတိုက်၊ ၂၀၀၁၊ စာမျက်နှာ-၇၁၊ ၇၂၊ ၇၄)

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

ကျောင်းသားများအား ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ခေါင်းစဉ်ခွဲကို ဖတ်ပါစေ။ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုဖွဲ့ပေးပါ။ ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကို အုပ်စုလိုက် အပြန်အလှန် ဆွေးနွေးပါစေ။ ဆွေးနွေးချက်များကို ကျောင်းသားများအား မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

DBE BOX - Copyright Protected

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်

ဇယားပါအချက်များထဲမှ မေးမြန်းလိုသောအချက်ကို ဆရာက သင့်သလို ကွက်လပ်ထား၍ ကျောင်းသားအား ဖြည့်စေပါ။

(၁) ပုဂံခေတ် ဗုဒ္ဓရုပ်ပွားတော်များ၏ ဟန်ပန်အနေအထားများကို လေ့လာတင်ပြပါ။

### ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်

| | |
|---|---|
| မုဒြာ | လက်တော်ထားဟန် |
| **ဘူမိဖဿ** | လက်မြေထိဟန် |
| **အာသန** | ခြေတော်ထားဟန် |
| **ဈာနသန** | တရားထိုင်ဟန် |

DBE BOX - Copyright Protected

### အဓိကအချက်များ

- ရပ်တော်မူ၊ တင်ပျဉ်ခွေနှင့် လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ပူဇော်ကြခြင်း။
- အများဆုံးမှာ တင်ပျဉ်ခွေဆင်းတုတော်များဖြစ်ခြင်း။
- ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ မျက်နှာတော်သည် နှာခေါင်းချွန်ပြီး ပေါ်လွင်မှုရှိခြင်း။
- နှုတ်ခမ်းတော်မှာ အနည်းငယ် ပြုံးသယောင်ရှိပြီး မျက်လုံးတော်မှာ သစ်စေ့သဏ္ဌာန်ရှိခြင်း။
- ကိုယ်လုံးတော်မှာ ဖြိုးမောက်ပြီး ဘယ်ဘက်ပခုံးတော်ကို သက်န်းအခွေအလိပ်များနှင့် ဖုံးထားခြင်း။
- ဗုဒ္ဓဆင်းတုတော်များကို အုတ်၊ သဲကျောက်တို့ဖြင့် ထုလုပ်ခြင်း။
- မုဒြာ (လက်တော်ထားဟန်) ဆယ်မျိုးခန့်တွေ့ရခြင်း။
- ဘူမိဖဿမုဒြာ (လက်မြေထိဟန်) ရုပ်ပွားဆင်းတုတော်ကို အများဆုံးထုလုပ်ခြင်း။
- အာသန (ခြေဟန်)တွင်လည်း ၈ မျိုးတွေ့ရခြင်း။
- ဈာနသန (တရားထိုင်ဟန်)ကို အများဆုံးတွေ့ရခြင်း။
- ဗုဒ္ဓရုပ်ပွားတော်များကို ကြာပလ္လင်၊ ခြင်္သေ့ပလ္လင်၊ စိန်ကျောက်စီပလ္လင်များနှင့် တွဲဖက်၍ ထုလုပ်ခြင်း။

**လေ့ကျင့်ခန်းများ** **စာသင်ချိန်(၅၊၆၊၇)**

၁။ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

(က) ကျောက်စာအထောက်အထားအရ ပုဂံပြည်ကို ထီးနန်းစိုးစံခဲ့သောမင်း ________ ပါးရှိသည်။ (၁၄)

(ခ) အနော်ရထာမင်းလက်ထက်တွင် အနိရုဒ္ဓအမည်ပါသော ________ ကို သွန်းလုပ်လှူဒါန်းခဲ့သည်။ (အုတ်ခွက်ဘုရားများ)

(ဂ) ကျန်စစ်သားမင်းလက်ထက်တွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ တူးဖော်ခြင်း၊ ________၊ ဗုဒ္ဓဂယာသို့ တမန်စေလွှတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ (ပိဋကတ်တော်များကို ကူးယူစေခြင်း)

(ဃ) ________ လက်ထက်တွင် နိုင်ငံတစ်ဝန်း စနစ်ကျသော အုပ်ချုပ်ရေးထူထောင်ရန် အမိန့်ပြန်တမ်းများ ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။ (ကျစွာမင်း)

(င) နရပတိစည်သူလက်ထက်တွင် သလင်ကြေ ခေါ် ________ ကို သိမ်းပိုက်နိုင်ပြီး ပုဂံသည် အရှေ့အနောက် ကုန်သည်ရေကြောင်းလမ်းကို စိုးမိုးနိုင်ခဲ့သည်။ (ဆလဲန်အငူ)

(စ) ပုဂံခေတ်တွင် ဂူဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းတို့ကို တည်ဆောက်လျှင် ________ တစ်ထပ် သို့မဟုတ် နှစ်ထပ် သင့်သလို ကာရံလေ့ရှိသည်။ (အုတ်တံတိုင်း)

(ဆ) ပုဂံခေတ်တွင် အများဆုံးထုလုပ်သော ဗုဒ္ဓရုပ်ပွားဆင်းတုများမှာ ________ ဖြစ်သည်။ (ဘူမိဖဿမုဒြာဟန်)

DBE BOX - Copyright Protected

၂။ မေးခွန်းတို

(က) အနော်ရထာမင်း၏ ဆောင်ရွက်ချက်အကျဉ်း ရေးသားပါ။

(ခ) ပုဂံခေတ် သာသနိကအဆောက်အအုံများအနက် ဂူဘုရားများအကြောင်း လေ့လာတင်ပြပါ။

(ဂ) ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို ဖော်ပြပါ။

၃။ မေးခွန်းရှည်


(က) ကျန်စစ်သားမင်းနှင့် ကျစွာမင်းတို့၏ ဆောင်ရွက်ချက်များကို နှိုင်းယှဉ်ဝေဖန်ပါ။

(ခ) စေတီနှင့် ဂူဘုရားများအကြောင်းကို ဥပမာနှင့်တကွ ရှင်းပြပါ။

(ဂ) ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ဟန်ကို ဆွေးနွေးပါ။

၄။ အခန်း (၁) ပုဂံယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

**အခန်း (၁)**




DBE BOX - Copyright Protected

# အခန်း (၂)
# မန္တလေးယဉ်ကျေးမှုအမွေအနှစ်

**စုစုပေါင်းစာသင်ချိန် (၇)ချိန်၊ တစ်ချိန် (၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- မင်းတုန်းမင်း အမရပူရမှ ရတနာပုံမန္တလေးမြို့တော်သို့ ပြောင်းရွှေ့ခဲ့ရသည့်အကြောင်းရင်းကို သိရှိနားလည်စေမည်။
- မန္တလေးခေတ် ဗုဒ္ဓဆင်းတုလက်ရာဟန်ပန်ကို အကဲဖြတ်နိုင်မည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

- မန္တလေးခေတ်နှင့်ပတ်သက်သော မြေပုံ၊ ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများစုဆောင်းထားရန်၊ ကျမ်းကိုးစာရင်းပါစာအုပ်များကို ရှာဖွေဖတ်ရှုထားရန်၊ ယခင်အခန်းတွင် သင်ခဲ့ရသော ဗုဒ္ဓဆင်းတု၏လက်ရာဟန်ပန်ကို စဉ်းစားထားပါ။

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- မန္တလေးယဉ်ကျေးမှုအမွေအနှစ်အကြောင်းကို အပြန်အလှန်ဆွေးနွေးခြင်းဖြင့် အချင်းချင်း ဆက်သွယ်ပြောဆိုတတ်လာမည်။
- အုပ်စုလိုက်ဆွေးနွေးတတ်လာခြင်း၊ အပြန်အလှန်ပြောဆိုမေးမြန်းခြင်း၊ စဉ်းစားတွေးတော တတ်လာခြင်း၊ နှိုင်းယှဉ်အကဲဖြတ်တတ်လာခြင်း စသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု များကိုရရှိစေမည်။
- မန္တလေးခေတ်ယဉ်ကျေးမှုအဆင့်အတန်းကို ဆန်းစစ်ဝေဖန်သုံးသပ်နိုင်မည့် အရည်အသွေး ကို ရရှိနိုင်မည်။

DBE BOX - Copyright Protected

**၂.၁။ နောက်ခံသမိုင်း** **စာသင်ချိန်(၁)**

**သင်ခန်းစာရည်ရွယ်ချက်**

- မင်းတုန်းမင်း အမရပူရမှ ရတနာပုံမန္တလေးသို့ မြို့သစ်တည်ပြောင်းရွှေ့လာရသောအကြောင်းကို သိရှိလာစေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပုဂံခေတ် နောက်ခံသမိုင်းကို သင်ကြားခဲ့ပြီးဖြစ်၍ ယခုစာသင်ချိန်တွင် မင်းတုန်းမင်း အမရပူရမှ ရတနာပုံမန္တလေးသို့ မြို့သစ်တည်ပြောင်းရွှေ့လာရသောအကြောင်းကို သင်ယူရမည်ဟု ပြောပြရပါမည်။

**သင်ကြားခြင်း** **(၁၅)မိနစ်**

မင်းတုန်းမင်း အမရပူရမှ ရတနာပုံမန္တလေးသို့ မြို့သစ်တည်ပြောင်းရွှေ့လာရခြင်းအကြောင်းရင်းများကို ရှင်းပြရန်။ ရတနာပုံမန္တလေး၏မြို့ပုံသဏ္ဌာန်ကို ဆက်လက်ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်အပေါ် မူတည်၍ အုပ်စုဖွဲ့ပါ။ ကျောင်းသားများအား မြို့သစ်တည်ရခြင်းအကြောင်းရင်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးစေပါ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုအလိုက် အဖွဲ့ခေါင်းဆောင်တစ်ဦးချင်းစီက သုံးသပ်ချက်များကို အတန်းသို့ တင်ပြစေပါ။ ဆရာက ကျောင်းသားများအား မန္တလေးမြို့သစ်တည်ရခြင်းအကြောင်း သုံးသပ်ချက်များကို မှတ်စုတွင် ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါဇယားများကိုဖြည့်စွက်စေ၍ ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးပါ။

(၁)

| | |
|---|---|
| **ရတနာပုံခေတ်** | (၁၈၅၃-၁၈၈၅) |

(၂)

| | |
|---|---|
| **ဗဒုံမင်း** | ရွှေတချောင်းမြောင်း |
| **မင်းတုန်းမင်း** | (ရတနာနဒီမြောင်း) |

DBE BOX - Copyright Protected

(၃)

| | |
|---|---|
| **သတ္တဌာန ခုနစ်ဌာန** | မြို့တော်<br>(ကျုံးတော်)<br>မဟာလောကမာရဇိန်စေတီတော်<br>မဟာအတုလဝေယန်ကျောင်းတော်<br>သုဓမ္မာဇရပ်<br>(ပဋ္ဌာန်းဟော မဟာရွှေသိမ်တော်ကြီး)<br>ပိဋကတ်တိုက် |

**အဓိကအချက်များ**

- မင်းတုန်းမင်း အမရပူရမှ မန္တလေးရတနာပုံနေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ခြင်း။
- မင်းတုန်းမင်းနှင့် သီပေါမင်းတို့ အုပ်စိုးသည့်ခေတ် (၁၈၅၃-၁၈၈၅)ကို ရတနာပုံခေတ်ဟု ခေါ်ဆိုခြင်း။
- ရတနာပုံ မင်းနေပြည်တော်သစ်သည် ညီညာသောမြေပြန့်တွင် တည်ရှိပြီး တောင်များ၊ ကန် များ၊ ချောင်းများ၊ မြစ်များတို့ဖြင့် ဝန်းရံထားခြင်း။
- နန်းမြို့တော်အပါအဝင် သတ္တဌာနခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်း။

DBE BOX - Copyright Protected

**၂.၂။ မန္တလေးရတနာပုံနန်းမြို့တော်နှင့် မြနန်းစံကျော်ရွှေနန်းတော် စာသင်ချိန်(၂)**

**သင်ခန်းစာရည်ရွယ်ချက်**

- မန္တလေးရတနာပုံနန်းမြို့တော်အနေအထားနှင့် မြနန်းစံကျော်ရွှေနန်းတော် တည်ဆောက်ပုံကိုသိရှိလာစေရန်။

**သင်ခန်းစာမိတ်ဆက် (၅)မိနစ်**

- မန္တလေးရတနာပုံနန်းမြို့တည်ရခြင်းနောက်ခံသမိုင်းကို သင်ကြားခဲ့ပြီးဖြစ်သဖြင့် ယခု စာသင်ချိန်တွင် မန္တလေးရတနာပုံနန်းမြို့တော်အနေအထားနှင့် မြနန်းစံကျော်ရွှေနန်းတော် တည်ဆောက်ပုံကို သင်ယူရမည်ဟု ပြောပြရပါမည်။

**သင်ကြားခြင်း** **(၁၅)မိနစ်**

ရတနာပုံနန်းမြို့တော်ကို မည်သည့်နေရာတွင် တည်ထားခဲ့သနည်းဟူသော မေးခွန်းကို မေးမြန်းရန်၊ ရတနာပုံနန်းမြို့တော်၏ တည်နေရာ၊ အကျယ်အဝန်း၊ မြို့အနေအထားတို့ကို ရှင်းပြရန်၊ ရတနာပုံနန်းမြို့အတွင်း မြနန်းစံကျော်ရွှေနန်းတော်တည်ဆောက်မှုနှင့် နန်းတော်အတွင်း အဆောင်များ တည်ရှိမှုကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုဖွဲ့ပါ။ ကျောင်းသားများအား ရတနာပုံနန်းမြို့နှင့်ပတ်သက်၍ သိသမျှ ဆွေးနွေးစေပါ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုအလိုက်အဖွဲ့ခေါင်းဆောင်တစ်ဦးချင်းစီက ဆွေးနွေးချက်များကို အတန်းသို့ တင်ပြစေပါ။ ဆရာက ကျောင်းသားများအား ရတနာပုံနန်းမြို့အကြောင်း ဆွေးနွေးချက်ရလဒ်များကို မှတ်စုတွင် ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါဇယားနှင့် မေးခွန်းကို ဖြည့်စွက်ဖြေဆိုစေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁)

| | |
|---|---|
| **မလ္လင်ရှစ်ခန်းထားရှိရာအဆောင်တော်များ** | မြေနန်းဆောင်၊<br>(ဇေတဝန်ဆောင်)<br>ပေါင်းတော်ဆောင်၊<br>မှန်နန်းတော်ဆောင်၊<br>(ပြတိုက်တော်)<br>မြောက်စမုတ်၊<br>တောင်စမုတ်၊<br>(အနောက်ပွဲတက်ဆောင်) |

(၂) မြနန်းစံကျော်ရွှေနန်းတော်ရှိ အဓိကနန်းတော်ဆောင်အကြောင်းကို ရှင်းလင်းတင်ပြပါ။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- မင်းတုန်းမင်းသည် ရတနာပုံနန်းမြို့တော်ကို မန္တလေးတောင်ခြေ၏ အနောက်တောင်ဘက်တွင် တည်ဆောက်ခဲ့ခြင်း။
- လေးကျွန်းအောင်မြေဟုလည်းခေါ်တွင်ပြီး အုတ်မြို့ရိုးဖြင့်ကာရံထားခြင်း။
- အကွက်ချ၍တည်ထားပြီး စတုရန်းပြကွက်ပေါင်း ၁၄၄ ကွက်ရှိခြင်း။
- ပြကွက် ၁၆ ကွက်တွင် မြနန်းစံကျော်ရွှေနန်းတော် တည်ဆောက်ခြင်း။
- အရှေ့အနောက် ရှည်လျားသော အုတ်ခုံပေါ်တွင်တည်ဆောက်ထားခြင်း။
- မြနန်းစံကျော်နန်းတော်တွင် စုစုပေါင်း ၁၁၄ ဆောင်ရှိခြင်း။

**လေ့ကျင့်ခန်းများ** **စာသင်ချိန်(၃)**

၁။ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

(က) မင်းတုန်းမင်းသည် ________ ခုနှစ်တွင် အမရပူရထီးနန်းကို ရရှိခဲ့သည်။ (၁၈၅၃)

(ခ) နေပြည်တော်သစ်တွင် မင်းတုန်းမင်းနှင့် သားတော် သီပေါမင်းတို့ အုပ်စိုးသည့်ခေတ် (၁၈၅၃-၁၈၈၅)ကို ________ ခေတ်ဟုခေါ်ခဲ့သည်။ (ရတနာပုံ)

(ဂ) ရတနာပုံနန်းမြို့တော်ကြီးကို ________ ဟု မှည့်ခေါ်ခဲ့သည်။ (လေးကျွန်းအောင်မြေ)

(ဃ) ရတနာပုံနန်းတော်အုတ်မြို့ရိုးကြီးကို ________ မြောင်းမှ ရေသွယ်ယူထားသောကျုံးဖြင့် ဝန်းရံထားသည်။ (ရတနာနဒီ)

၂။ အောက်တွင်ပေးထားသော အဖြေ (၁) (၂) (၃) မှ အဖြေမှန်ကို ရွေးပါ။

(က) မင်းတုန်းမင်းသည် ________ ခုနှစ်တွင် အမရပူရမှ ရတနာပုံမန္တလေးနေပြည်တော်သို့ ပြောင်းရွှေ့ခဲ့သည်။ (၁)

(၁) ၁၈၅၈ (၂) ၁၈၅၇ (၃) ၁၈၅၆

(ခ) ရတနာပုံနန်းမြို့ရိုး တစ်ဖက်လျှင် တံခါး သုံးပေါက်ထားသဖြင့် စုစုပေါင်း တံခါး ________ ပေါက် ရှိသည်။ (၃)

(၁) ၉ (၂) ၁၅ (၃) ၁၂

(ဂ) မန္တလေးကျုံးသည် ________ အမျိုးအစားဖြစ်သည်။ (၁)

(၁) ရေကျုံး (၂) နွံကျုံး (၃) အခြောက်ကျုံး

DBE BOX - Copyright Protected

(ဃ) သစ်တပ်မြို့ရိုးအတွင်းရှိ ပြကွက် _______ ကွက်တွင် မြနန်းစံကျော်ရွှေနန်းတော်ကြီး တည်ဆောက်သည်။ (၂)

(၁) ၁၅ (၂) ၁၆ (၃) ၁၄

၃။ အောက်ပါတို့ကို မှတ်စုတိုရေးပါ။

(က) မြနန်းစံကျော်ရွှေနန်းတော် တည်ဆောက်ထားပုံ

(ခ) ပလ္လင်ရှစ်ခန်းထားရှိရာ အဆောင်တော်များ

## ၂.၃။ မန္တလေးခေတ်ဗုဒ္ဓဆင်းတုလက်ရာနှင့် မဟာသကျမာရဇိန် စာသင်ချိန်(၄)

**သင်ခန်းစာရည်ရွယ်ချက်**

- မန္တလေးခေတ် ဗုဒ္ဓဆင်းတုလက်ရာဟန်ပန်ကို ရှင်းပြတတ်ရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- သင်ကြားခဲ့ပြီးသော ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသင်ခန်းစာမှ ဗုဒ္ဓဆင်းတုလက်ရာဟန်ပန်များကို မှတ်မိသမျှ ပြောပြစေ၍ ယခုစာသင်ချိန်တွင် မန္တလေးခေတ် ဗုဒ္ဓဆင်းတုထုလုပ်ရာတွင် ပြောင်းလဲတိုးတက်လာသည့် လက်ရာဟန်ပန်ကို သင်ကြားမည်ဖြစ်ကြောင်း ပြောပြရပါမည်။

**သင်ကြားခြင်း** **(၁၅)မိနစ်**

မန္တလေးခေတ် ဗုဒ္ဓဆင်းတုလက်ရာဟန်ပန်အနေအထားကို ရှင်းပြရန်။ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ထုလုပ်မှုအကြောင်းကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်အပေါ် မူတည်၍ အုပ်စုဖွဲ့ပါ။ ကျောင်းသားများအား ရတနာပုံခေတ် ဗုဒ္ဓဆင်းတုဟန်ပန်အနေအထားနှင့် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ထုလုပ်မှုအကြောင်းကို ဆွေးနွေးစေပါ။ ဆွေးနွေးစဉ် ဆရာက လှည့်လည် ကြီးကြပ်ပေးပါ။ အုပ်စုအလိုက် အဖွဲ့ခေါင်းဆောင်တစ်ဦးချင်းစီက ဆွေးနွေးချက်များကို အတန်းသို့ တင်ပြစေပါ။ ဆရာက ကျောင်းသားများအား ရတနာပုံခေတ် ဗုဒ္ဓဆင်းတုဟန်ပန်အနေအထားကို မှတ်စုတွင် ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါမေးခွန်းကို မေးမြန်း၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) ပုဂံခေတ်နှင့် ရတနာပုံခေတ် ဗုဒ္ဓဆင်းတုဦးခေါင်းတော်ပုံစံကို နှိုင်းယှဉ်တင်ပြပါ။

**အဓိကအချက်များ**

- မတ်ရပ်ဟန်၊ ထိုင်တော်မူဟန်၊ လျောင်းတော်မူဟန်ဟူ၍ ထုလုပ်ကြခြင်း။
- ဘူမိဖဿမုဒြာလက်ဟန်နှင့် ဈာနသနခြေဟန်အနေအထားကို အများဆုံးထုလုပ်ခြင်း။
- ထိပ်တော်ကို သဘာဝထက် အနည်းငယ်မို့မောက်ကာ ထုလုပ်ခြင်း။
- နဖူးစည်းပေါ်အောင် ထုလုပ်လာကြပြီး မျက်လွှာချထားသောပုံကို အများဆုံးထုလုပ်ကြခြင်း။
- မင်းဝတ်တန်ဆာများ ဆင်ယင်ပေးသော မင်းဝတ်ဘုရားများ ထုလုပ်ကြခြင်း။
- စကျင်ကျောက်ဖြင့် ကျောက်တော်ကြီးဘုရားကို ကျွမ်းကျင်သော ကျောက်ဆစ်ပညာရှင်တို့က ထုလုပ်ခဲ့ခြင်း။
- မန္တလေးတောင်ခြေ သုဓမ္မာဇရပ်အနီး ထားရှိမည့်နေရာသို့ သယ်ဆောင်လာခြင်း။
- မဟာသကျမာရဇိန်ဘုရားဟု ကမ္ပည်းတပ်ခဲ့ခြင်း။
- ကျောက်သားတော်မှာ အလွန်ကြီးမားသည့်အတွက် ကျောက်တော်ကြီးဘုရားဟုလည်း အမည်တွင်ခြင်း။

DBE BOX - Copyright Protected

**၂.၄။ ကျောက်ထက်အက္ခရာ ပိဋကတ်တော်များ** **စာသင်ချိန်(၅)**

**သင်ခန်းစာရည်ရွယ်ချက်**

- မန္တလေးခေတ်တွင် ရေးထိုးခဲ့သော ကျောက်ထက်အက္ခရာ ပိဋကတ်တော်များအကြောင်းကို သိရှိစေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပိဋကတ်တော်များအကြောင်းကို ရှင်းပြ၍ ယခုသင်ခန်းစာတွင် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ရေးထိုးစိုက်ထူမှုနှင့်ပတ်သက်၍ သင်ကြားမည်ဖြစ်ကြောင်း ပြောပြရပါမည်။

**သင်ကြားခြင်း** **(၁၅)မိနစ်**

မင်းတုန်းမင်းတရား ပိဋကတ်တော်များကို ရေးကူးစေခဲ့ခြင်းနှင့် ကျောက်ထက်အက္ခရာတင် ရေးထိုးမှုအကြောင်း ရှင်းပြရန်။ မဟာလောကမာရဇိန်စေတီ၏ မဟာရံတံတိုင်းအတွင်း စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု တင်စားခေါ်ဝေါ်ကြသည့်အကြောင်း ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ဆရာက ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုဖွဲ့ပါ။ ကျောင်းသားများအား ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ရေးထိုးမှုကို ဆွေးနွေးစေပါ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုအလိုက် အဖွဲ့ခေါင်းဆောင်တစ်ဦးချင်းစီက ဆွေးနွေးချက်များကို အတန်းသို့ တင်ပြစေပါ။ ဆရာက ကျောင်းသားများအား ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင် ရေးထိုးမှုကို မှတ်စုတွင် ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါမေးခွန်းကို ဖြေဆိုစေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု အဘယ်ကြောင့် တင်စားခေါ်ဝေါ်ကြသနည်း။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- မင်းတုန်းမင်းသည် ၁၈၆၀ ပြည့်နှစ်တွင် ပိဋကတ်ကျောက်စာကို စတင်ရေးကူးစေခဲ့ခြင်း။
- ကျောက်ထက်အက္ခရာတင်ရာတွင် ဆရာတော်ကြီးများက အက္ခရာအချွတ်အယွင်း မရှိစေရန် ပြင်ဆင်ပေးရခြင်း။
- ပြင်ဆင်ပြီးသည့် ပိဋကတ်တော်များကို ကျောက်ဆစ်ပညာရှင်တို့က စကျင်ကျောက်များပေါ်တွင် ထွင်းထုခဲ့ခြင်း။
- စကျင်ကျောက်ချပ်များသည် အကျယ် ၃ ပေ အမြင့် ၅ ပေရှိခြင်း။
- မော်ကွန်းကျောက်စာ အပါအဝင် ကျောက်စာချပ်စုစုပေါင်း ၇၃၀ ချပ်ရှိခြင်း။
- "ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး"ဟူ၍ တင်စားခေါ်ဝေါ်ကြခြင်း။

**လေ့ကျင့်ခန်းများ** **စာသင်ချိန်(၆၊၇)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) မန္တလေးခေတ် ဗုဒ္ဓဆင်းတု၏ လက်ဟန်၊ ခြေဟန်အနေအထားတွင် ဘူမိဖဿမုဒြာလက်ဟန်နှင့် ________ ခြေဟန် အနေအထားကို အများဆုံး တွေ့ရသည်။ (ဗျာနသန)

(ခ) မန္တလေးခေတ်တွင် ဗုဒ္ဓဆင်းတု၏မျက်လုံးတော်ပုံစံကို ________ ထားသည့်ပုံစံ အများဆုံး ထုလုပ်ကြသည်။ (မျက်လွှာချ)

(ဂ) လျှောင်းတော်မူ ဗုဒ္ဓဆင်းတုထုလုပ်ရာတွင် ဦးခေါင်းနှင့်ယှဉ်လျက် လက်ျာလက်ကို လက်ဖဝါးလှန်၍ စင်းစင်းချထားသောပုံသည် ________ ပုံဖြစ်သည်။ (ပရိနိဗ္ဗာန်ပြု)

(ဃ) မန္တလေးခေတ် ဗုဒ္ဓဆင်းတု၏ ဆံတော်နှင့်နဖူးအစပ်တွင် ________ ပေါ်အောင်ထုလုပ်လာကြသည်။ (နဖူးစည်း)

(င) ရတနာပုံခေတ်တွင်ထင်ရှားသော မင်းဝတ်ဘုရားမှာ ________ ဖြစ်သည်။ (မဟာသကျမာရဇိန်)

၂။ အောက်ပါတို့ကို မှတ်စုတို ရေးသားပါ။

(က) ကျောက်တော်ကြီးဘုရား

(ခ) ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး


၃။ ရတနာပုံနန်းမြို့အတွင်း မြနန်းစံကျော်ရွှေနန်းတော်ကြီး တည်ဆောက်ထားပုံကို အကဲဖြတ်ပါ။

၄။ ရတနာပုံခေတ် ဗုဒ္ဓဆင်းတုဟန်ပန်အနေအထားကို အကဲဖြတ်ပါ။

DBE BOX - Copyright Protected

၅။ အခန်း (၂) မန္တလေးယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

**အခန်း (၂)**



# အခန်း (၃)
# အိန္ဒိယယဉ်ကျေးမှု

**စုစုပေါင်းစာသင်ချိန် (၄)ချိန်၊ တစ်ချိန် (၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- အိန္ဒိယနိုင်ငံ ဗုဒ္ဓယဉ်ကျေးမှု၏ ဂူ၊ စေတီ၊ ပုထိုးတော်များတည်ဆောက်ပုံ ဗိသုကာလက်ရာများကို လေ့လာဆွေးနွေးနိုင်မည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

- ကမ္ဘာ့မြေပုံ၊ အိန္ဒိယမြေပုံ၊ သင်ခန်းစာနှင့် သက်ဆိုင်သောဓာတ်ပုံများ၊ အိန္ဒိယသမိုင်း အထောက်အထားများကိုအခြေခံ၍ ရိုက်ကူးထားသောရုပ်ရှင်များ၊ ကျမ်းကိုးစာရင်းပါ စာအုပ်များနှင့် အင်တာနက်စာမျက်နှာများမှ သက်ဆိုင်ရာအကြောင်းအရာများကို ကြိုတင် စုဆောင်း လေ့လာထားပါ။

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- အိန္ဒိယနိုင်ငံ၏ ကိုးကွယ်ယုံကြည်မှု ထုံးတမ်းစဉ်လာများ၊ ဗိသုကာလက်ရာများကို ပုံဖော်ပေး သော ဖြစ်ရပ်များကို ဆန်းစစ်ဝေဖန်လာနိုင်မည်။
- အချင်းချင်း အပြန်အလှန်ဆွေးနွေးခြင်းဖြင့် ကြောင်းကျိုးဆက်စပ် စဉ်းစားတတ်လာမည်။

DBE BOX - Copyright Protected

**၃.၁။ ဗုဒ္ဓယဉ်ကျေးမှုနောက်ခံသမိုင်း** **စာသင်ချိန်(၁)**

**၃.၂။ ဗုဒ္ဓသာသနိကအဆောက်အအုံများ**

**သင်ခန်းစာရည်ရွယ်ချက်**

- ဗုဒ္ဓယဉ်ကျေးမှု နောက်ခံသမိုင်းနှင့် ခေတ်လယ်အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓသာသနိက အဆောက်အအုံ များအကြောင်းကို ရှင်းပြနိုင်ရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပုဂံရှိ ဂူဘုရားစေတီများအကြောင်း၊ အိန္ဒိယရှိ ဂူဘုရားစေတီများအကြောင်းကို သိသမျှဖြေဆိုစေပါ။ ထို့နောက် ယခုသင်ခန်းစာတွင် ဗုဒ္ဓယဉ်ကျေးမှု နောက်ခံသမိုင်းနှင့် ခေတ်လယ်အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓသာသနိကအဆောက်အအုံများဖြစ်သော ဂူဘုရားများ၊ စေတီပုထိုးများ၏ ဗိသုကာလက်ရာများကို သင်ယူရမည်ဖြစ်ကြောင်းပြော၍ သင်ခန်းစာကို စတင်မိတ်ဆက်ပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

ဘီစီ ၆ ရာစုတွင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ပုံကို သိဒ္ဓတ္ထမင်းသားဘဝမှ ဘုရားဖြစ်သည်အထိ ရှင်းပြရန်။ သဗ္ဗညုတဉာဏ်တော်၏ အဓိပ္ပာယ်ကို ရှင်းပြရန်။ ဗုဒ္ဓဘာသာသည် အိန္ဒိယမြောက်ပိုင်း၊ တောင်ပိုင်းနှင့် သီရိလင်္ကာတိုင်အောင် ပျံ့နှံ့ခဲ့ကြောင်း မြေပုံကိုအသုံးပြု၍ ရှင်းပြရန်။ ခေတ်လယ်အိန္ဒိယနိုင်ငံ၏ ထင်ရှားသော ဂူဘုရားများနှင့် စေတီများအကြောင်းကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ကျောင်းသုံးစာအုပ်ပါ ဗုဒ္ဓယဉ်ကျေးမှု နောက်ခံသမိုင်းကို ကျောင်းသားများအား ဖတ်စေပါ။ ထို့နောက် ပုဂံရှိ ဂူဘုရား၊ စေတီ၊ ပုထိုး များကို အိန္ဒိယရှိ ဗုဒ္ဓဘာသာ ဂူဘုရား၊ စေတီ၊ ပုထိုးများနှင့် နှိုင်းယှဉ်၍ ဆွေးနွေးစေပါ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ လိုအပ်ချက်များရှိပါက ဆရာက ဖြည့်စွက်ပေး၍ မှတ်စုစာအုပ်တွင် ရေးမှတ်စေပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

ကျောင်းသားများ တတ်မြောက်မှုကို အောက်ပါအတိုင်း စစ်ဆေးပါ။

(၁) အောက်ပါဇယားမှ အချို့ကို ကွက်လပ်ထား၍ ကျောင်းသားများအား ဖြည့်စေပါ။

| | | | |
|---|---|---|---|
| ၁။ | အိန္ဒိယတွင် ဗုဒ္ဓဘာသာထွန်းကားသောကာလ | → | ဘီစီ ၆ ရာစု |
| ၂။ | ဗုဒ္ဓဘာသာ၏ ကျင့်ကြံအားထုတ်ရမည့် တရား | → | မဂ္ဂင်ရှစ်ပါး |
| ၃။ | ဟိုက်ဒရာဘတ်၏ အနောက်မြောက်ဘက်ရှိ ထင်ရှားသော ဂူ | → | အဇန္တာဂူ |

**အဓိကအချက်များ**

- အိန္ဒိယတွင် ဗုဒ္ဓဘာသာထွန်းကားခဲ့ခြင်း။
- ဂူဘုရားများနှင့် ဂူကျောင်းများကို တည်ဆောက်ခဲ့ခြင်း။
- အသောကမင်းလက်ထက် အိန္ဒိယနိုင်ငံတစ်ဝန်း စေတီများ တည်ထားကိုးကွယ်ခဲ့ခြင်း။
- ဆန်ချီစေတီတော်၏ ဗိသုကာလက်ရာမှာ ထင်ရှားကျော်ကြားခြင်း။

**၃.၃။ ဗုဒ္ဓရုပ်ပွားတော်များ** **စာသင်ချိန်(၂)**

**သင်ခန်းစာရည်ရွယ်ချက်**

- ဗုဒ္ဓရုပ်ပွားတော်များထုလုပ်ရာတွင် ထူးခြားမှုနှင့် လက်ရာပြောင်းပုံကို ရှင်းပြတတ်စေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပုဂံခေတ် ဗုဒ္ဓရုပ်ပွားတော်များ၏ မုဒြာပုံများကို သိသမျှပြောစေပြီး သင်ခန်းစာကို စတင်မိတ်ဆက်ပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

မထုရာလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ပုံကို ရှင်းပြရန်။ ဂန္ဓာရလက်ရာ ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ပုံဟန်ကို ရှင်းပြရန်။ ဂုပ္ပတခေတ် မထုရာဒေသမှ ဓမ္မစကြာတရားဟောဟန် ဗုဒ္ဓရုပ်ပွားတော်ကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ကျောင်းသုံးစာအုပ်ပါ ဗုဒ္ဓရုပ်ပွားတော်များအကြောင်းကို ကျောင်းသားများအား ဖတ်စေပါ။ ကျောင်းသားများကို အုပ်စုဖွဲ့စေပြီး ပုဂံရှိ ဗုဒ္ဓရုပ်ပွားတော်များ၏ ထုလုပ်ဟန်နှင့် အိန္ဒိယမှ ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ဟန်ကို နှိုင်းယှဉ်စေပါ။ ရလဒ်များကို အုပ်စုကိုယ်စားပြုကျောင်းသားများက ပြန်လည်တင်ပြဆွေးနွေးစေပါ။ လိုအပ်ချက်များရှိလျှင် ဆရာက ဖြည့်စွက်၍ မှတ်စုစာအုပ်တွင် ရေးမှတ်စေပါ။

DBE BOX - Copyright Protected

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်

ကျောင်းသားများ တတ်မြောက်မှုကို အောက်ပါအတိုင်း စစ်ဆေးပါ။

(၁) အောက်ပါဇယားမှ အချို့ကို ကွက်လပ်ထား၍ ကျောင်းသားများအား ဖြည့်စေပါ။

| | | | |
|---|---|---|---|
| ၁။ | ဂန္ဓာရလက်ရာ ဗုဒ္ဓရုပ်ပွားတော်၏ ဆံတော်ပုံသဏ္ဌာန် | → | အထက်သို့ တွန့်လိမ် |
| ၂။ | မထုရာလက်ရာ ဗုဒ္ဓရုပ်ပွားတော်၏ ဆံတော်ပုံသဏ္ဌာန် | → | ခရုပတ်ခွေ |
| ၃။ | ဂုပ္ပတခေတ် အထင်ရှားဆုံး ဆင်းတုတော်ပုံ | → | မဥ္စဝဂ္ဂီ ငါးဦးကို ဓမ္မစကြာတရား ဟောနေပုံ |

DBE BOX - Copyright Protected

### အဓိကအချက်များ

- ဗုဒ္ဓရုပ်ပွားတော်များထုလုပ်ရာတွင် မထုရာဗုဒ္ဓရုပ်ပွားတော်သည် ထူးခြားမှုသဏ္ဌာန်ရှိခြင်း။
- ဂန္ဓာရဗုဒ္ဓရုပ်ပွားတော်ပုံသည် အိန္ဒိယတွင်သာမက တရုတ်ပြည်အထိ ရောက်ရှိခြင်း။
- ဂုပ္ပတခေတ် ဓမ္မစကြာတရားဟောနေသောပုံတော်သည် လက်ရာပြောင်မြောက်ခြင်း။

### လေ့ကျင့်ခန်းများ စာသင်ချိန်(၃၊၄)

၁။ အောက်ဖော်ပြပါတို့ကို ကွက်လပ်ဖြည့်ပါ။

(က) အိန္ဒိယနိုင်ငံ ဂန္ဓာရဒေသမှ ပြည်သူများသည် ____________ မင်းလက်ထက်မှစတင်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသူများဖြစ်သည်။ (အသောက)

(ခ) ဂန္ဓာရဒေသမှ ပြည်သူများသည် ရုပ်ပွားတော်များထုလုပ်ရန်အတွက် ကျောက်ဆစ်ပညာရှင် ____________ လူမျိုးများကို ခေါ်ယူငှားရမ်းခဲ့သည်။ (ဂရိ)

(ဂ) ဂန္ဓာရလက်ရာပုံသည် အိန္ဒိယတစ်ပြည်လုံးတွင်သာမက ____________ သို့ တိုင်အောင် ပြန့်ပွားခဲ့သည်။ (တရုတ်ပြည်)

(ဃ) အိန္ဒိယနိုင်ငံတောင်ဘက် မထုရာဒေသမှ ပန်းပုဆရာတို့သည် ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ရန်အတွက် ____________ များကို အသုံးပြုကြသည်။ (သဲကျောက်)

(င) မထုရာဒေသမှ ထုလုပ်သည့် ဗုဒ္ဓမြတ်စွာ၏ ပုံသဏ္ဌာန်သည် ____________ လက္ခဏာပုံ သရုပ်ပေါ်အောင် ထုလုပ်နိုင်ခဲ့သည်။ (မဟာပုရိသ)

၂။ အောက်ဖော်ပြပါတို့ကို မှတ်စုတိုရေးပါ။

(က) မထုရာဗုဒ္ဓရုပ်ပွားတော်

(ခ) ဂန္ဓာရဗုဒ္ဓရုပ်ပွားတော်


(ဂ) ဂုပ္ပတဗုဒ္ဓရုပ်ပွားတော်

၃။ အိန္ဒိယရှိ ဗုဒ္ဓဘာသာ ဂူဘုရား၊ စေတီနှင့် ပုဂံရှိ ဗုဒ္ဓဘာသာ ဂူဘုရား၊ စေတီတို့၏ ဗိသုကာပုံသဏ္ဌာန်ကို နှိုင်းယှဉ်၍ ဆွေးနွေးပါ။

၄။ အခန်း (၃) အိန္ဒိယယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

DBE BOX - Copyright Protected

**အခန်း (၄)**



# အခန်း (၄)
# အရှေ့တောင်အာရှယဉ်ကျေးမှု

**စုစုပေါင်းစာသင်ချိန်(၁၁)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- အရှေ့တောင်အာရှတွင်ပါဝင်သော နိုင်ငံများအနက် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများတွင် ပေါ်ပေါက်ခဲ့သော မင်းနိုင်ငံများ၏ နောက်ခံသမိုင်း၊ မင်းနှင့်ပြည်သူတို့၏ လူမှုဘဝအခြေအနေ၊ အစောပိုင်း အိန္ဒိယနှင့် တရုတ်ယဉ်ကျေးမှုတို့ အရှေ့တောင်အာရှသို့ တစ်စတစ်စ ရောက်ရှိလွှမ်းမိုးခဲ့ပုံတို့ကို သိရှိနားလည်နိုင်မည်။
- ခေတ်ဦးနှင့်ခေတ်လယ် အရှေ့တောင်အာရှတွင် ထွန်းကားခဲ့သော ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့ တိုးတက်ပြောင်းလဲလာပုံကို ပိုင်းခြားရှင်းပြတတ်မည်။
- မင်းနှင့်ပြည်သူတို့၏ လူမှုဘဝအခြေအနေနှင့် ကိုးကွယ်ယုံကြည်မှုကို အခြေခံ၍တည်ဆောက်ခဲ့သော အဆောက်အအုံများ၏ အနုပညာဗိသုကာလက်ရာများကို သိရှိနားလည်ခြင်းဖြင့် မိမိနိုင်ငံနှင့် နှိုင်းယှဉ်လေ့လာနိုင်မည်။
- ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် ထင်ရှားသော အနုပညာဗိသုကာလက်ရာတို့၏ အဆင့်အတန်းကိုသိရှိ၍ မြန်မာနိုင်ငံ၏ အနုပညာဗိသုကာအမွေအနှစ်များကိုလည်း အတုယူ မြတ်နိုးထိန်းသိမ်းတတ်သော အလေ့အကျင့်ကောင်းများ ရရှိစေနိုင်မည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

- အရှေ့တောင်အာရှမြေပုံ၊ ရုပ်ပုံပန်းချီကားချပ်များ၊ သင်ခန်းစာပါ အဆောက်အအုံကြီးများ၏ ဓာတ်ပုံများ (အင်တာနက်မှ ရရှိသောပုံများ)၊ စဉ့်ကွင်းကျောက်ချပ်ပုံများ စသည်တို့ကို ရနိုင်သမျှ စုဆောင်းပါ။ ကျမ်းကိုးစာရင်းတွင်ပါသော စာအုပ်များထဲမှ ရှာဖွေဖတ်ရှုပါ။

## ရရှိလာမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်တို့တွင် ပေါ်ပေါက်ခဲ့သော မင်းနိုင်ငံများ၏ နောက်ခံသမိုင်း၊ အစောပိုင်းအိန္ဒိယနှင့် တရုတ်ယဉ်ကျေးမှုတို့ တစ်စတစ်စ ရောက်ရှိလွှမ်းမိုးခဲ့ပုံတို့ကို လေ့လာဆန်းစစ်တတ်လာမည်။
- အုပ်စုလိုက်ဆွေးနွေးခြင်းဖြင့် အရှေ့တောင်အာရှ၌ ခေတ်ဦးနှင့် ခေတ်လယ်တွင် ထွန်းကားခဲ့သော ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုတို့ တိုးတက်ပြောင်းလဲလာပုံကို ကြောင်းကျိုးဆက်စပ်ခြင်းဖြင့် အပြန်အလှန် ဆွေးနွေးသုံးသပ်တတ်လာမည်။

DBE BOX - Copyright Protected

- အနုပညာဗိသုကာလက်ရာ ယဉ်ကျေးမှုများကို လေ့လာသိရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် နှိုင်းယှဉ်၍ အချင်းချင်းအပြန်အလှန် ဆွေးနွေးပြောဆိုတတ်လာမည်။
- ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် အဆောက်အအုံတို့၏ အရင်းအမြစ်များကို ကာလကြာရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်များ ရရှိစေမည်။

## ၄.၁။ ဗောရောဗုဓော (Borobudur) **စာသင်ချိန်(၁)**

### သင်ခန်းစာရည်ရွယ်ချက်

- ဗောရောဗုဓောစေတီတော်ကြီးသည် အိန္ဒိယရှိ စေတီများပုံကို အတုယူ၍ ဂျာဗားအနုပညာများဖြင့် မွမ်းမံထားသော ဗုဒ္ဓဘာသာစေတီတော်ကြီးဖြစ်ကြောင်း ရှင်းပြတတ်စေရန်။

### သင်ခန်းစာမိတ်ဆက် **(၅)မိနစ်**

- ယခုစာသင်ချိန်တွင် ဗောရောဗုဓောစေတီတော်ကြီး၏ ဗိသုကာအနုပညာလက်ရာအကြောင်း သင်ကြားမည်ဖြစ်ကြောင်း ပြောပြရမည်။

### သင်ကြားခြင်း **(၁၅)မိနစ်**

စေတီတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်များနှင့် ပါဝင်ရမည့်အရာများကို မေးရန်။ ဗောရောဗုဓောစေတီတော်ကြီး၏ ပုံကိုပြ၍ အနုပညာဗိသုကာလက်ရာများဖြစ်ကြောင်း ရှင်းပြရန်။ စိုင်လင်ဒြာမင်းအဆက်ဆက်နှင့် ပြည်သူတို့တည်ထားခဲ့သော ဂျာဗားကျွန်းအလယ်ပိုင်း ဂျော့ဂျာကာတာမြို့အနောက်ဘက်တွင် တည်ရှိပြီး ဗုဒ္ဓဘာသာ စေတီတော်ကြီးဖြစ်ခြင်းကို ရှင်းပြရန်။ ဗောရောဗုဓော၏ အဓိပ္ပာယ်နှင့် စေတီတွင်ရှိသော ဂျာဗားအနုပညာလက်ရာများအကြောင်း ရှင်းပြရန်။

### လေ့ကျင့်ခြင်း **(၁၅)မိနစ်**

ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ဆရာက အုပ်စုဖွဲ့ပေးပါ။ စေတီဘုရားများသည် မည်သည့်အရာများနှင့် တည်ဆောက်ထားသနည်း။ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အနုပညာလက်ရာတို့ဖြင့် မည်သို့မွမ်းမံထားပုံတို့ကို ဆွေးနွေးစေပါ။ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြီးကြပ်ပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးစီက ဆွေးနွေးမှုရလဒ်များကို အတန်းသို့ တင်ပြစေပါ။ ဆရာက သင်ခန်းစာပါ ဗောရောဗုဓောစေတီ၏ တည်နေရာ၊ ဗောရောဗုဓော၏ အဓိပ္ပာယ်နှင့် စေတီတော်ကြီးအား အိန္ဒိယစေတီပုံကိုအတုယူ၍ ဂျာဗားဗိသုကာအနုပညာလက်ရာတို့ဖြင့် မွမ်းမံတည်ဆောက်ထား

DRELOX - Copyright Protected

သော ဗုဒ္ဓဘာသာအဆောက်အအုံဖြစ်ကြောင်းတို့ကို ဖတ်စေပါ။ ဆရာက စေတီတည်ထားရာတွင် အခြေခံလိုအပ်ချက်များ (တည်မည့်နေရာ၊ လူ၊ ကျောက်၊ ဘိလပ်မြေ၊ သဲ၊ မီးတောင်ကျောက်၊ သဲကျောက်၊ ပန်းလက်ရာများ၊ . . . . )၊ စေတီပုထိုး၏ပုံသဏ္ဍာန် (ဥပမာ- ရှေ့တွင်သင်ကြားပြီးသော ပုဂံခေတ်၊ အလယ်ခေတ်နှင့် မန္တလေးရတနာပုံခေတ်ရှိ အနုပညာဗိသုကာတို့ဖြင့် ထင်ရှားသော စေတီဘုရား) များကို ရှင်းပြ၍ မှတ်စုတွင်ရေးမှတ်စေပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်

အောက်ပါမေးခွန်းများနှင့် ဇယားကို ဖြေဆိုဖြည့်စွက်စေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) ဟောရောဗုဓောစေတီအကြောင်း မှတ်စုတိုရေးပါ။

(၂) ဟောရောဗုဓောစေတီ၏ အနုပညာလက်ရာများကို ဖြည့်စွက်ပါ။

| | |
|---|---|
| **စဥ့်ကွင်းကျောက်ချပ်များ၏ လက်ရာနှင့် ဇာတ်ကွက်** | (ပန်းတမော့လက်ရာ၊ မဟာယာနဇာတ်ကွက်) |
| **စေတီ၏ ပစ္စယာအဆင့်ဆင့်ရှိ ပုံသဏ္ဍာန်** | (ထပ်တွန့်စတုရန်းပုံ) |

(၃) ဟောရောဗုဓောစေတီကြီး တည်ဆောက်ထားပုံအဆင့်ဆင့်ကို သင်သိသမျှ အကဲဖြတ်ပါ။

DBE BOX Copyright Protected

**အဓိကအချက်**

- ဂျော့ဂျကာတာမြို့အနီးရှိ ဟောရောဗုဓောစေတီတော်ကြီးမှာ အခမ်းနားဆုံးနှင့် အံ့သြဖွယ် အကောင်းဆုံး ဗုဒ္ဓဘာသာဆိုင်ရာ စေတီတော်ကြီးဖြစ်ခြင်း။

## ၄.၁။ ဗောရောဗုဓော (Borobudur) **စာသင်ချိန်(၂)**

### သင်ခန်းစာရည်ရွယ်ချက်

- ဗောရောဗုဓောစေတီ၏ ဗိသုကာအနုပညာလက်ရာများအကြောင်း ရှင်းပြတတ်စေရန်။

### သင်ခန်းစာမိတ်ဆက် (၅)မိနစ်

- ဗုဒ္ဓ၏ဖြစ်တော်စဉ်ကို ဘုရားလောင်းနတ်သားဘဝမှ ဘုရားဖြစ်ပြီးနောက် ဓမ္မစကြာတရား ထူးဟောသည်အထိ အကြောင်းအရာများကို ကျောင်းသားများအားမေးရန်။
- ဘုရားစေတီတို့ရှိ သရုပ်ဖော်ထားသော ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်များ၏ အနုပညာလက်ရာများ အကြောင်း သိထားသမျှ ပြောစေရန်။
- ယခုစာသင်ချိန်တွင် ဗောရောဗုဓော၏ ဗိသုကာအနုပညာလက်ရာများအကြောင်း သင်ယူရမည်ဟု ပြောပြရမည်။

### သင်ကြားခြင်း (၁၅)မိနစ်

မြတ်စွာဘုရား၏ဖြစ်စဉ် စဉ့်ကွင်းကျောက်ချပ်ပုံကိုပြ၍ အဓိပ္ပာယ်ကို ရှင်းပြရန်။ ကံ ကံ၏ အကျိုးကိုခံစားရသောပုံ၊ ငရဲခန်းအဖုံဖုံတို့ကို သရုပ်ဖော်ထားသော ရုပ်ကြွများသည် စာမတတ် သူတို့အတွက် ဗုဒ္ဓ၏ အဆုံးအမကို လျင်မြန်စွာ သိနိုင်ခြင်းကို ရှင်းပြရန်။ ဂျာဗားၥ မဟာယာနဗုဒ္ဓ ဘာသာ ထွန်းကားသည်ကိုရှင်းပြရန်။ တိုင်းရင်းပုံပေါက်အောင် ပြောင်းလဲ၍ တည်ဆောက်ထား ကြောင်းကို ရှင်းပြရန်။

### လေ့ကျင့်ခြင်း (၁၅)မိနစ်

စေတီဘုရားတို့တွင်တွေ့ရသော ဗုဒ္ဓဝင်အကြောင်းအရာတို့နှင့် ပုံဖော်ထားသောအနုပညာ လက်ရာများအကြောင်းကို အုပ်စုဖွဲ့၍ဆွေးနွေးစေပါ။ အုပ်စုများကိုယ်စား ကျောင်းသားတစ်ဦးစီက ဆွေးနွေးမှုရလဒ်များကို ကျောက်သင်ပုန်း၌ ရေးမှတ်စေပါ။ သင်ခန်းစာပါစေတီတော်ကြီး၏ ဗိသုကာ လက်ရာ သရုပ်ဖော်ထားသော အနုပညာအဆင်တန်ဆာလက်ရာများနှင့် အိန္ဒိယမှ အနုပညာလက်ရာကို ပုံစံယူ၍ တည်ဆောက်သော်လည်း တိုင်းရင်းပုံပေါ်အောင် ပြောင်းလဲတည်ဆောက်ထားပုံတို့ကို ဖတ်စေပါ။ ဗုဒ္ဓဝင်နှင့် ဇာတ်နိပါတ်တို့မှ သရုပ်ဖော်ထားသောပုံကို ရေးမှတ်စေပါ။ (ဖွား၊ တောထွက်၊ တရားကျင့်၊ ဘုရားဖြစ်၊ တရားဦးဟော)

DRE BOX - Copyright Protected

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်

အောက်ပါမေးခွန်းနှင့် ဇယားများကို ဖြည့်စွက်ဖြေဆိုစေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) ဗောရောဗုဒေါစေတီ၏ စဉ့်ကွင်းနှစ်တန်း သရုပ်ဖော်ထားပုံကို တင်ပြပါ။

**ဗောရောဗုဒေါစေတီအပေါ်ဆုံးပစ္စယာနံရံရှိ စဉ့်ကွင်းနှစ်တန်း သရုပ်ဖော်ထားဟန်**

| အပေါ်တန်းရှိ စဉ့်ကွင်းများပုံ | အောက်တန်းရှိ ရုပ်ကြွများပုံ |
|---|---|
| (ဘုရားလောင်းနတ်သားဘဝမှစ၍ ဘုရားဖြစ်ပြီး ဓမ္မစကြာတရားဟော သည်အထိ ရုပ်လုံးဖော်ထားသော စဉ့်ကွင်း) | (ကံ၊ ကံ၏အကျိုးကိုပေါ်လွင်အောင် နှင့် ငရဲခန်းအဖုံဖုံကို ပေါ်လွင်အောင် ထုလုပ်ထားသော ရုပ်ကြွများ) |

(၂) ဗောရောဗုဒေါစေတီကြီးအား အနုပညာလက်ရာတို့ဖြင့် သရုပ်ဖော်မွမ်းမံထားပုံကို တင်ပြပါ။

DBE BOX Copyright Protected

**အဓိကအချက်များ**

- စေတီတော်ရှိ သရုပ်ဖော်စဉ့်ကွင်းများသည် စာမတတ်သူတို့အတွက် ဗုဒ္ဓ၏ အဆုံးအမကို လျင်မြန်စွာ နားလည်နိုင်အောင် သရုပ်ဖော်ထားခြင်း။
- စေတီတော်တစ်ဆူလုံးကို ခြုံငုံလေ့လာလျှင် ဂျာဗား၌ မဟာယာနဗုဒ္ဓဘာသာ ထွန်းကားလာပုံကို တွေ့မြင်နိုင်ခြင်း။
- ၁၉၉၁ ခုနှစ်တွင် ဗောရောဗုဒေါစေတီတော်ကြီးကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီး က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ခြင်း။

**လေ့ကျင့်ခန်းများ** **စာသင်ချိန်(၃၊၄)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ဗောရောဗုဓောစေတီသည် ဂျာဗားကျွန်းအလယ်ပိုင်း ဂျော့ဂျကာတာမြို့၏ ___________ အကွာတွင် တည်ရှိသည်။ (အနောက်မြောက်ဘက်မိုင် ၂၀)

(ခ) ဗောရောဗုဓောသည် သဘာဝတောင်ကုန်းကြီးတစ်ခုကို ကျောက်တုံးကျောက်ခဲကြီးများနှင့် ငုံ၍ ___________ ရှိသောစေတီတော်ကြီးဖြစ်သည်။ (ပစ္စယာအဆင့်အဆင့်)

၂။ မေးခွန်းတို

(က) ဗောရောဗုဓောစေတီသည် မည်သည့်နေရာတွင် တည်ရှိ၍ မည်သည့်အချိန်ခန့်က တည်ထားခဲ့သနည်း။

၃။ မေးခွန်းရှည်

(က) ဗောရောဗုဓောစေတီကြီး၏ ဗိသုကာအနုပညာလက်ရာ အဆင့်အတန်းကို သင်သိသမျှ အကဲဖြတ်ပါ။

(ခ) ဗောရောဗုဓောစေတီရှိ စဉ့်ကွင်းကျောက်ချပ်များသည် မည်သည့်အဓိပ္ပာယ်ဖြင့် သရုပ်ဖော်ထားသည်ကို ဝေဖန်ဆန်းစစ်ပါ။

## ၄.၂။ အန်ကောဝတ် (Angkor Wat) စာသင်ချိန်(၅)

**သင်ခန်းစာရည်ရွယ်ချက်**

- အန်ကောဝတ်ကျောင်းတော်ကြီးသည် ရှေးခမာတို့၏ ကြီးကျယ်ခမ်းနားသော ဗိသုကာနှင့် အနုပညာလက်ရာတို့ဖြင့် တည်ဆောက်ထားသော အဆောက်အအုံဖြစ်ကြောင်း ရှင်းပြတတ်စေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ယခုစာသင်ချိန်တွင် အန်ကောဝတ်ကျောင်းတော်ကြီးကို ရှေးခမာတို့၏ ဗိသုကာအနုပညာလက်ရာတို့ဖြင့် တည်ဆောက်ထားပုံကို သင်ယူရမည်ဟု ပြောပြရမည်။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅)မိနစ်**

အန်ကောဝတ်ကျောင်းတော်ကြီး တည်ဆောက်ပုံကို ပုဂံခေတ်နှင့် နှိုင်းယှဉ်၍ မေးရန်။ အန်ကောဝတ်ကျောင်းတော်ကြီးပုံပြ၍ သင်ခန်းစာကို ရှင်းပြရန်။ မူလက ဗိဿနိုးနတ်မင်းကို ရည်စူး တည်ဆောက်ခဲ့သော်လည်း သတ္တမဇယဝါယမန်မင်းလက်ထက်တွင် ဗုဒ္ဓသာသနိက အဆောက်အအုံ အဖြစ် ပြောင်းလဲခဲ့ပုံကို ရှင်းပြရန်။ ကျောက်တုံး၊ ကျောက်ခဲကြီးများကို အသုံးပြု၍ ခမာတို့၏ ဗိသုကာလက်ရာများဖြင့် ကျောင်းတော်ကြီးတည်ဆောက် မွမ်းမံထားပုံကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ပုဂံခေတ်စေတီတည်ထားပုံနှင့် ကမ္ဘောဒီးယားရှိ အန်ကောဝတ်ကျောင်းတော်ကြီးအကြောင်း သိသမျှ ဆွေးနွေးစေပါ။ ဆွေးနွေးပြီးနောက် အုပ်စုကိုယ်စား ကျောင်းသားတစ်ဦးစီက အတန်းသို့ တင်ပြစေပါ။ အန်ကောဝတ်ကျောင်းတော်ကြီးကို ဗိဿနိုးနတ်မင်းအားရည်စူး၍ တည်ခဲ့ပြီး ဗုဒ္ဓသာသနိက အဆောက်အအုံအဖြစ် ပြောင်းလဲသတ်မှတ်ပုံ၊ ကျောက်များကိုအသုံးပြု၍ ခမာတို့၏ ဗိသုကာအနုပညာတို့ဖြင့် မွမ်းမံတည်ဆောက်ခဲ့ပုံအကြောင်း သင်ခန်းစာအား ဖတ်စေပါ။ ပုဂံခေတ်စေတီတည်ထားပုံနှင့် အန်ကောဝတ်ကျောင်းတော်ကြီး၏ ဗိသုကာလက်ရာမြောက်စွာတည်ထားပုံကို နှိုင်းယှဉ်၍ မှတ်စုတွင် ရေးသားစေပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါမေးခွန်းကို ဖြေဆိုစေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) ပုဂံခေတ်စေတီတစ်ဆူနှင့် အန်ကောဝတ်ကျောင်းတော် တည်ထားပုံ ကွဲပြားမှုကို ဆန်းစစ်လေ့လာပါ။

**အဓိကအချက်**

- မူလက ဗိဿနိုးမင်းအား ရည်စူး၍ တည်ထားခဲ့ခြင်းဖြစ်သော်လည်း သတ္တမဇယဝါရမန်မင်း လက်ထက်သို့ရောက်သောအခါ ဗုဒ္ဓသာသနိကအဆောက်အအုံအဖြစ် ပြောင်းလဲသတ်မှတ် ခဲ့ခြင်း။

DBE BOX - Copyright Protected

## ၄.၂.၂။ အန်ကောဝတ် (Angkor Wat) စာသင်ချိန်(၆)

**သင်ခန်းစာရည်ရွယ်ချက်**

- အန်ကောဝတ်ကျောင်းတော်ကြီး၏ အနုပညာလက်ရာသရုပ်ဖော်ထားပုံမှာ ရှေးခမာပြည်သူတို့၏ လူမှုဘဝထင်ဟပ်လျက်ရှိသည်ကို ရှင်းပြတတ်စေရန်။

**သင်ခန်းစာမိတ်ဆက် (၅)မိနစ်**

- အန်ကောဝတ်ကျောင်းတော်ကြီး၏ ဗိသုကာလက်ရာများအကြောင်း သင်ယူပြီးဖြစ်၍ ယခုစာသင်ချိန်တွင် ကျောင်းတော်ကြီး၏ အနုပညာလက်ရာသရုပ်ဖော်ထားပုံမှာ ရှေးခမာပြည်သူတို့၏ လူမှုဘဝထင်ဟပ်လျက်ရှိသည်ကို သင်ယူရမည်ဟု ပြောပြရမည်။

**သင်ကြားခြင်း (၁၅)မိနစ်**

ကျောင်းတော်ကြီးတွင် အနုပညာလက်ရာတို့ဖြင့် သရုပ်ဖော်ထားဟန်အဆင့်ဆင့်ကို ရာမာယနဇာတ်ကွက် ရုပ်ကြွပုံကိုပြ၍ ဆရာက ရှင်းပြရန်။ ဒုတိယသူရိယဝါရမန်မင်း၏ပုံတူ ရုပ်ကြွနှစ်ကွက်နှင့် ရှေးခမာပြည်သူတို့၏ လူမှုဘဝ သရုပ်ဖော်ရုပ်ကြွများအကြောင်း ရှင်းပြရန်။

**လေ့ကျင့်ခြင်း (၁၅)မိနစ်**

ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အန်ကောဝတ်ကျောင်းတော်၏ အနုပညာလက်ရာမြောက်ပုံကို ဆရာက ဆွေးနွေးစေပါ။ ဆွေးနွေးချက် ရလဒ်များကို အုပ်စုကိုယ်စားကျောင်းသားတစ်ဦးစီက သင်ပုန်းတွင် ရေးစေပါ။ ကျောင်းတော်ကြီး၏ အနုပညာလက်ရာများ၊ ဇာတ်၊ နိပါတ်၊ ကဗျာများမှ ထုတ်နုတ်ထားသော သရုပ်ဖော်ရုပ်ကြွများ၊ မင်းနှင့်ပြည်သူတို့၏ လူမှုဘဝသမိုင်းကို ပုံဖော်ထားသော ရုပ်ကြွအနုပညာလက်ရာများအကြောင်း သင်ခန်းစာအား ဖတ်စေပါ။ ဗောရောဗုဓောစေတီတော်ကြီးနှင့် အန်ကောဝတ်ကျောင်းတော်ကြီးတို့၏ အနုပညာလက်ရာများအကြောင်း ဆရာက နှိုင်းယှဉ်ရှင်းပြ၍ မှတ်စုတွင် ရေးမှတ်စေပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်**

အောက်ပါမေးခွန်းကို ဖြေဆိုစေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) ဗောရောဗုဓောစေတီနှင့် အန်ကောဝတ်ကျောင်းတော်၏ အနုပညာလက်ရာများကို နှိုင်းယှဉ်ဆွေးနွေးပါ။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ကျောင်းတော်ကြီးကိုတည်ထားပုံမှာ ရှေးခမာတို့၏ အယူအဆအရ စကြဝဠာတည်နေပုံ အတိုင်းဖြစ်ခြင်း။
- ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၁၉ ဖေဖော်ဝါရီ ၁၉၉၅ ခုနှစ်တွင် သတ်မှတ်ခဲ့ခြင်း။

**လေ့ကျင့်ခန်းများ** **စာသင်ချိန်(၇)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) အန်ကောဝတ်ကျောင်းတော်ကြီးကို __________ တို့ဖြင့် တည်ဆောက်ခြင်းမပြုဘဲ သဲ၊ ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည်။ (အုတ်၊ အင်္ဂတေ)

(ခ) အန်ကောဝတ်ကျောင်းတော်ကြီးတည်ထားပုံမှာ ရှေးခမာတို့၏ အယူအဆအရ __________ တည်နေပုံ အတိုင်းဖြစ်သည်။ (စကြဝဠာ)

(ဂ) ရုပ်ကြွထုလုပ်ပုံမှာ ရှေးအီဂျစ်၊ __________နှင့် ဂရိခေတ် ရုပ်ကြွများထက် အနုပညာလက်ရာမြောက်သည်ဟု ယူဆကြသည်။ (အဆီးရီးယား)

၂။ အန်ကောဝတ်ကျောင်းတော်ကြီး၏ ဗိသုကာလက်ရာ အဆင့်အတန်း မြင့်မားပုံကို အကဲဖြတ်ပါ

၃။ ရှေးခမာပြည်သူတို့၏ လူမှုဘဝသမိုင်းကို ထင်ဟပ်သော သရုပ်ဖော်ရုပ်ကြွများ၏ အနုပညာလက်ရာမြောက်ပုံကို ဆွေးနွေးတင်ပြပါ။

**၄.၃။ အယုဒ္ဓယ (Ayuthia)** **စာသင်ချိန်(၈)**

**သင်ခန်းစာရည်ရွယ်ချက်**

- သောက္ကတဲတွင် ထွန်းကားသော အနုပညာလက်ရာတို့ကို အတုယူ၍ အယုဒ္ဓယ၌ သီဟိုဠ်ပုံ ဗုဒ္ဓရုပ်ပွားထုလုပ်သည့် အတတ်ပညာထွန်းကားပုံကို ရှင်းပြတတ်စေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ဗောရောဗုဓောစေတီနှင့် အန်ကောဝတ်ကျောင်းတော်ကြီးတို့၏ ဗိသုကာအနုပညာအကြောင်း သင်ယူပြီး၍ ယခုစာသင်ချိန်တွင် အယုဒ္ဓယ၌ ဗုဒ္ဓရုပ်ပွားတော်များထုလုပ်ပုံကို သင်ယူရမည်ဟု ပြောပြရမည်။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅)မိနစ်**

ဆရာက အယုဒ္ဓယရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ ပုံကိုပြ၍ ထူးခြားချက်ကို ရှင်းပြရန်။အယုဒ္ဓယ အနုပညာလက်ရာတို့သည် ၁၃ ရာစုခန့်တွင် သောက္ကတဲဟန်ဖြင့် ထုလုပ်ခဲ့ရာမှ သီဟိုဠ်ပုံကို အခြေခံပြီး တိုင်းရင်းဟန်အဖြစ် ထုလုပ်ခဲ့ပုံတို့ကို ရှင်းပြရန်။ ဝတ်ချတ်ယော့စေတီသည် ဗုဒ္ဓဂယာစေတီကို အတုယူ၍ တည်ထားကြောင်းကို ရှင်းပြရန်။ ပုဂံတွင် လက်မြေထိဟန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ထားပုံနှင့် အယုဒ္ဓယတွင်လည်း ထိုသို့ ရုပ်ပွားဆင်းတုတော်များ ထုလုပ်ထားပုံကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

ဆရာက ပုဂံနှင့် အယုဒ္ဓယရှိ လက်မြေထိဟန် ရုပ်ပွားဆင်းတုတော်များအကြောင်း ဆွေးနွေးစေပါ။ ဆွေးနွေးမှုရလဒ်ကို အုပ်စုကိုယ်စား ကျောင်းသားတစ်ဦးစီမှ တင်ပြစေပါ။ ဆရာက ကျောင်းသားများကို သောက္ကတဲဟန်၊ သီဟိုဠ်ဟန် ဗုဒ္ဓဆင်းတုထုလုပ်သည့် အနုပညာလက်ရာနှင့် ဝတ်ချတ်ယော့စေတီ တည်ထားပုံပါရှိသည့် သင်ခန်းစာကို ဖတ်စေပါ။ ပုဂံနှင့် အယုဒ္ဓယရှိလက်မြေထိဟန် ရုပ်ပွားဆင်းတုတော်များအကြောင်း နှိုင်းယှဉ်၍ ဆရာက ရှင်းပြပြီး ရေးမှတ်စေပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါမေးခွန်းကိုမေး၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁) အယုဒ္ဓယရှိ ဗိသုကာအနုပညာလက်ရာများအပေါ် ပြင်ပသြဇာလွှမ်းမိုးမှုရှိပုံကို ဝေဖန်ဆွေးနွေးပါ။

**အဓိကအချက်**

- အယုဒ္ဓယမင်းများနှင့် ပြည်သူတို့သည် သောက္ကတဲ၌ ထွန်းကားနေသော ဗုဒ္ဓဝါဒနှင့် အနုပညာလက်ရာတို့ကို အတုယူခဲ့ကြခြင်း။

DBE BOX - Copyright Protected

## ၄.၃.၂။ အယုဒ္ဓယ (Ayuthia) စာသင်ချိန်(၉)

**သင်ခန်းစာရည်ရွယ်ချက်**

- အယုဒ္ဓယခေတ်တွင်တည်ထားသည့် စေတီများ၏ အနုပညာလက်ရာမြောက်ပုံကို နှိုင်းယှဉ်ရှင်းပြတတ်စေရန်။

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ပုဂံခေတ် စေတီ၊ ဂူဘုရားများအကြောင်း သင်ယူပြီး၍ ယခုစာသင်ချိန်၌ အယုဒ္ဓယခေတ်တွင် တည်ထားသည့် စေတီများအကြောင်း သင်ယူရမည်ဟု ပြောပြရမည်။

DBE BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅)မိနစ်**

ဆရာက အယုဒ္ဓယရှိ စေတီဘုရားများအကြောင်းရှင်းပြရန်။ ၁၃ ရာစု တွင် တည်ထားသည့် ဝတ်ဗုဒ္ဓဆွာရိယ ထင်ရှားပုံ၊ ၁၄ ရာစုနှင့် ၁၅ ရာစုများတွင် တည်ထားသည့် စေတီတို့သည် ပုဂံရှိ ဘုရားစေတီများကဲ့သို့ တည်ထားကြောင်း ရှင်းပြရန်။ ဝတ်ဘုရားမဟာသတ်နှင့် ဝတ်လောကယဆုသာ ဘုရားများ၏ ထူခြားချက်ကို ရှင်းပြရန်။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

၁၃ ရာစု အယုဒ္ဓယရှိ စေတီများတည်ထားပုံ၊ ၁၄ ရာစုနှင့် ၁၅ ရာစုတို့တွင် တည်ထားသည့် စေတီများအကြောင်းပါ သင်ခန်းစာကို ဖတ်စေပါ။ ဆရာက အယုဒ္ဓယရှိ စေတီများ၏ အနုပညာလက်ရာများကို ဆွေးနွေးစေ၍ လိုအပ်ချက်များကို ဖြည့်စွက်ပြီး မှတ်စုတွင် မှတ်သားစေပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

အောက်ပါဇယားများကိုဖြည့်စွက်စေ၍ ကျောင်းသားများ၏ တတ်မြောက်မှုကို စစ်ဆေးပါ။

(၁)

| | |
|---|---|
| **ထုလုံးရှည်အောက်ခံအဆောက်အအုံပေါ်တွင် စေတီပေါက်ထားသည့်ဘုရား** | (ဝတ်ဗုဒ္ဓဆွာရိယ) |

(၂)

| | |
|---|---|
| **၁၄ ရာစုနှင့် ၁၅ ရာစုနှစ်များအတွင်း တည်ခဲ့သည့် လက်ရာမြောက်သောစေတီများ** | (ဝတ်ဘုရားရမ်၊ ဝတ်ဘုရားမဟာသတ်၊ ဝတ်ရတ်ဘုရားနား၊ ဝတ်သီရိစန်ပတ်) |

(၃)

| | |
|---|---|
| **(မဟာသတ်)၏ ဝေါဟာရအဓိပ္ပာယ်** | မြင့်မြတ်သော ဓာတ်တော်မွေတော် |

(၄)

| | |
|---|---|
| **(လျောင်းတော်မူ) ဗုဒ္ဓရုပ်ပွားရှိသည့်ဘုရား** | ဝတ်လောကယဆုသာ |

**အဓိကအချက်များ**

- ဆင်းတုတော်များ၏ထူးခြားချက်မှာ ဆံထုံးပေါ်တွင် ရောင်လျှံပါရှိခြင်း။
- ဝတ်ဘုရားရမ်၊ ဝတ်ဘုရားမဟာသတ်၊ ဝတ်ရတ်ဘုရားနား၊ ဝတ်သီရိစန်ပတ်တို့မှာ လက်ရာမြောက်သော စေတီများဖြစ်ခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ခန်းများ** **စာသင်ချိန်(၁၀၊၁၁)**

၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ထေရဝါဒထွန်းကားလာသောအခါ အယုဒ္ဓယရှိ ရုပ်ပွားဆင်းတုများကို ____________ အတိုင်းသာ ထုလုပ်ကြသည်။ (မဟာပုရိသလက္ခဏာတော်)

(ခ) ၁၄ ရာစုအတွင်းတည်ခဲ့သော ဝတ်ဘုရားမဟာသတ်သည် အယုဒ္ဓယခေတ်တွင် ____________ ကျောင်းတော်အဖြစ် ထင်ရှားခဲ့သည်။ (ဝတ်စလက်)

(ဂ) ဝတ်လောကယဆုသာဘုရားသည် ____________ ဟန် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။ (လျောင်းတော်မူ)

၂။ မေးခွန်းတို

(က) အယုဒ္ဓယရှိ ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ဟန်ကို ဆွေးနွေးတင်ပြပါ။

(ခ) အယုဒ္ဓယခေတ် စေတီ၊ ပုထိုး၊ ဂူကျောင်း တည်ဆောက်ပုံကို ဥပမာပေး၍ ဖော်ပြပါ။

(ဂ) မဟာသတ်ဝတ်ကျောင်းအကြောင်း ဆွေးနွေးပါ။


၃။ မေးခွန်းရှည်

(က) အယုဒ္ဓယရှိ သာသနိကအဆောက်အအုံများ အဆင့်ဆင့်ပြောင်းလဲတည်ရှိလာပုံကို ဆွေးနွေးတင်ပြပါ။

DBE BOX - Copyright Protected

၄။ အခန်း (၄) အရှေ့တောင်အာရှယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

**အခန်း (၄)**



ဆရာလမ်းညွှန်

# လူမှုရေးသိပ္ပံ

ဘောဂဗေဒ

ဒသမတန်း

DBE BOX - Copyright Protected

DBE BOX - Copyright Protected

# အခန်း(၁)
# ဘောဂဗေဒဆိုသည်မှာ
# What Economics is

**စုစုပေါင်းစာသင်ချိန်(၅)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- ဘောဂဗေဒဘာသာရပ်၏ အဓိပ္ပာယ်ကို နားလည်သိရှိလာနိုင်ပြီး နေ့စဉ်ဘဝနှင့် ဆက်စပ်အသုံးချတတ်မည်။
- အခြေခံကျသောလိုအပ်ချက်များနှင့် အခြေခံမကျသောလိုအပ်ချက်များကို ရှင်းပြတတ်မည်။
- လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် ထုတ်လုပ်မှုကိရိယာများအားလုံးကို ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များ (productive resources) ဟု ခေါ်ခြင်းကို ရှင်းပြတတ်မည်။
- အကန့်အသတ်မရှိသောလူသားတို့၏ လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသောအရင်းအမြစ်များကြား ခွဲခြမ်းစိတ်ဖြာတတ်လာမည်။
- ချွေတာရေးသဘောတရားကို သိရှိနားလည်လာနိုင်၍ နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- အခြေခံကျသောလိုအပ်ချက်များနှင့် အခြေခံမကျသောလိုအပ်ချက်များ၊ ကုန်ထုတ်အင်အားစုများ၊ ကုန်ချောများနှင့် ကုန်ကြမ်းများ၊ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ကုန်ထွက်နှင့် သွင်းအားစုအမျိုးအစားများကို ဥပမာပေးနိုင်ရန်စဉ်းစားထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- လူသားတို့၏ အတောမသတ်သည့် လိုအင်ဆန္ဒများနှင့် ရှားပါးသည့် အင်အားစုများအကြောင်းကို အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆို တတ်လာမည်။
- အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ အုပ်စုလိုက်ဆောင်ရွက်တတ်ခြင်း၊ ကြောင်းကျိုးဆက်စပ်စဉ်းစားခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်းစသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများကို ရရှိစေမည်။

DBE BOX Copyright Protected

**၁.၁။ "အီးကိုစ်"(Ecos) + "နိုမီ"(Nomy)** **စာသင်ချိန်(၁)**

**သင်ခန်းစာရည်ရွယ်ချက်**

- ဘောဂဗေဒဝေါဟာရ ဖြစ်ပေါ်လာပုံကို ရှင်းပြတတ်စေရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးတွင် မိသားစုများ၊ အိမ်ထောင်စုများဖြင့်ဖွဲ့စည်းထားသည်ကို သိရှိပြီးဖြစ်သဖြင့် အောက်ပါမေးခွန်းကို ဖြေဆိုပါစေ။
- မိသားစုများ၊ အိမ်ထောင်စုများ၏နေ့စဉ်ဘဝတွင် ဆောင်ရွက်မှုများကို မိမိမိသားစုဖြင့် ဥပမာပြု၍ ပြောပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- မိသားစု သို့မဟုတ် အိမ်ထောင်စုစီမံခန့်ခွဲခြင်းကိုအသုံးပြုပြီး အောက်ပါအချက်များကို ရှင်းပြပါ။
- ဘောဂဗေဒတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် ၃ မျိုးရှိကြောင်း၊ ပထမမှာ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပြီး မိသားစုစီမံခန့်ခွဲခြင်းအဓိပ္ပာယ်နှင့်သက်ဆိုင်ကြောင်း ရှင်းပြပါ။
- ဒုတိယယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားအရေအတွက်အပေါ် မူတည်၍အုပ်စုဖွဲ့ပေးပါ။ ထို့နောက် ကျောင်းသားများအား ဘောဂဗေဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အုပ်စုလိုက် ဖတ်ပါစေ။
- စီးပွားရေးအဆောက်အအုံအကြောင်းကို အုပ်စုလိုက် ဆွေးနွေးပါစေ။ ဆွေးနွေးစဉ်ဆရာက လှည့်လည် ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ်ကျောင်းသားတစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပေးပါ။
- ဘောဂဗေဒ၏ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှတ်စုတွင်ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- "အီကိုနိုမီ" ဟူသောစကားလုံး၏ ခေတ်သစ်အဓိပ္ပာယ်ဆိုလိုချက်နှင့် ဂရိဘာသာစကား၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့သည် အခြေခံအားဖြင့် တူညီမှုရှိပါသလား။ မည်သို့ တူညီကြသနည်း။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏စာမျက်နှာ(၇၉) မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၁.၂။ လူသားတို့၏ အကန့်အသတ်မရှိသောလိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များ စာသင်ချိန်(၂၊ ၃)

### သင်ခန်းစာရည်ရွယ်ချက်

- အခြေခံကျသောလိုအပ်ချက်များ (basic requirements) နှင့်အခြေခံမကျသောလိုအပ်ချက်များ (non-basic requirements)ကို ရှင်းပြတတ်စေရန်
- လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် ထုတ်လုပ်မှုကိရိယာများ အားလုံးကို ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များ (productive resources) ဟု ခေါ်ခြင်းကို ရှင်းပြတတ်စေရန်

### သင်ခန်းစာမိတ်ဆက် (၁၅)မိနစ်

- ဘောဂဗေဒတွင် အမိပ္ပာယ်ဖွင့်ဆိုချက် ၃ မျိုးရှိသည်ကိုသိရှိခဲ့ပြီး ၂ မျိုးသင်ကြားပြီးဖြစ်သည့်အတွက် တိုက်ရိုက်အမိပ္ပာယ်နှင့် ယေဘုယျအမိပ္ပာယ်များကို ကျောင်းသားများ မှတ်မိသလောက်ပြောပါစေ။
- ထို့နောက်ဘောဂဗေဒ၏ တတိယအမိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်သင်ကြားမည်ဖြစ်ကြောင်းပြောကြားပါ။

### သင်ကြားခြင်း (၃၀)မိနစ်

- ကျောင်းသားများကို လိုချင်မှုနှင့်လိုအပ်မှု မည်သို့ကွာခြားသနည်းဟူသော မေးခွန်းကို မေးမြန်းပါ။ အဖြေများပေါ်မူတည်၍ အခြေခံကျသောလိုအပ်ချက်များ(basic requirements) နှင့် အခြေခံမကျသော လိုအပ်ချက်များ (non-basic requirements)ကို ရှင်းပြရမည်။
- လူသားတို့၏လိုအင်ဆန္ဒကြောင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရသည်ကို ရှင်းပြပါ။
- လူသားတို့၏ လိုအင်ဆန္ဒများဖြည့်ဆည်းရန်အတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင် ကုန်ထုတ်အင်အားစုများ (factors of production) သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များ (productive resources) ကို အသုံးပြုရကြောင်း ရှင်းပြပါ။
- ထုတ်လုပ်မှုအရင်းအမြစ်များ(productive resources) ရရှိနိုင်မှု အကန့်အသတ်ရှိခြင်းကို ဥပမာများနှင့် ရှင်းပြပါ။
- ဘောဂဗေဒဘာသာရပ်၏ တတိယအမိပ္ပာယ်ဖွင့်ဆိုချက်ကို သင်ကြားပါ။
- ဘောဂဗေဒဘာသာရပ်သည် လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်ပြီး သိပ္ပံနည်းကျစူးစမ်းလေ့လာမှုများကို အသုံးပြုသဖြင့် ယင်းကို လူမှုရေးသိပ္ပံဘာသာခွဲတစ်ရပ်အနေဖြင့် သတ်မှတ်ထားသည်ကို ရှင်းပြပါ။

DRE BOX Copyright Protected

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ကုန်စည်နှင့် ဝန်ဆောင်မှုခြားနားချက်များကို အုပ်စုလိုက် ဆွေးနွေးစေပြီး ဝန်ဆောင်မှုလုပ်ငန်း ၁၀ မျိုးကို ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးစဉ် ဆရာက လှည့်လည်ကြီးကြပ်ပေးပါ။ အုပ်စုကိုယ်စားလှယ် ကျောင်းသားတစ်ဦးစီက ဆွေးနွေးချက်ရလဒ်များကို အတန်းသို့တင်ပြပေးပါ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။
- ထို့နောက် ကျောင်းသားများကို မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်နိုင်သော အကန့်အသတ်မရှိသော လူသားတို့၏လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသောအရင်းအမြစ်များကို အချင်းချင်းဆွေးနွေးပါစေ။ ဆွေးနွေးစဉ်ဆရာက လှည့်လည် ကြီးကြပ်ပေးပါ။ ရလဒ်များကို အုပ်စုကိုယ်စားလှယ် ကျောင်းသားတစ်ဦးစီက သင်ပုန်း သို့မဟုတ် ကားချပ်တွင်ရေးပြပါစေ။ ထို့နောက် ကျောင်းသားများအား ဆွေးနွေးချက်ရလဒ်များကို ၎င်းတို့၏မှတ်စုစာအုပ်တွင် ရေးမှတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- လူသားတို့သည် မိမိတို့လိုအင်ဆန္ဒရှိသည့် အရာဟူသရွေ့ကို ရရှိနိုင်ခြင်း ရှိ မရှိကို ရှင်းလင်းပါစေ။
- သင့်အတွက် အရေးအကြီးဆုံးလိုအပ်ချက် ၃ ခုကိုဖော်ပြပြီး ၎င်းတို့အနက် ၂ ခုသာ ရနိုင်မည်ဆိုပါက မည်သည့်အရာကို ရွေးချယ်မည်နည်း။ အဘယ်ကြောင့်ထိုသို့ ရွေးချယ်ရသနည်း။
- မိမိ နေ့စဉ်ရရှိသော မုန့်ဖိုးအားသုံးစွဲမှုသည် ဘောဂဗေဒဟူသောအဓိပ္ပာယ်နှင့် ဆက်စပ်မှုရှိ မရှိကို ကျိုးကြောင်းပြ၍ ရှင်းလင်းပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၈၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX Copyright Protected


**အခန်း(၁)ကို ပြန်လည်သုံးသပ်ခြင်း** **စာသင်ချိန်(၄)**

**ဘောဂဗေဒဆိုသည်မှာ** သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

- ဘောဂဗေဒ၏အဓိပ္ပာယ်သတ်မှတ်ချက်သုံးခုကို ကျောင်းသားများအား အုပ်စုများခွဲ၍ တင်ပြခိုင်းပါ။
- အောက်ပါအချက်များကို ကျောင်းသားများအား အုပ်စုဖွဲ့၍ ဆွေးနွေးခိုင်းပါ။

အခြေခံကျသောလိုအပ်ချက်များ (basic requirements) နှင့် အခြေခံမကျသောလိုအပ်ချက်များ(non-basic requirements)၊ အကန့်အသတ်မရှိသော လူသားတို့၏ လိုအင်ဆန္ဒများ၊ ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှုအရင်းအမြစ်များရရှိနိုင်မှု အကန့်အသတ်ရှိခြင်း

- အောက်ပါပုံပြဇယားတွင်ကွက်လပ်ထားရှိ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၁) တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




DBE BOX - Copyright Protected

## လေ့ကျင့်ခန်းများ

**စာသင်ချိန်(၅)**

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) အီကိုနိုမီ ဟူသောဝေါဟာရတွင် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း အခြေအနေများ အားလုံးအကျုံးဝင်သည်။

(ခ) ချွေတာရေးဟူသည် အသုံးစရိတ်များသုံးစွဲရာတွင်လည်းကောင်း၊ စွမ်းအားစုများအသုံးပြုရာတွင် လည်းကောင်း အလေအလွင့်မရှိစေရန် ဂရုတစိုက်သုံးစွဲခြင်းကိုဆိုလိုသည်။

(ဂ) လူသားတို့သည်နေ့စဉ်စားသောက်မှုများအတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများ မလိုအပ်ပါ။

(ဃ) ဘောဂဗေဒဆိုသည်မှာ စီးပွားရေးအဆောက်အအုံကို လေ့လာခြင်းနှင့် ချွေတာသုံးစွဲရေးတို့ကို လေ့လာခြင်းဖြစ်သည်။

(င) အခြေခံကျသောလိုအပ်ချက်များမှာ ပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေမှု၊ အနားယူအပန်းဖြေခြင်း စသည်တို့ပါဝင်သည်။

(စ) ကုန်ထုတ်လုပ်ရန်အတွက် လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ကုန်ထုတ်ကိရိယာများ ကို လိုသလောက်ရရှိနိုင်ပါသည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) အီကိုနိုမီဟူသောစကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မိသားစု သို့မဟုတ် အိမ်ထောင်စု -------------------- ဖြစ်သည်။

(ခ) စီးပွားရေးအဆောက်အအုံဟုဆိုလျှင် နိုင်ငံအတွင်းရှိ -------------------- များ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများကိုဆိုလိုသည်။

(ဂ) အိမ်ထောင်စု၏ဝင်ငွေနှင့် အသုံးစရိတ်များစီမံခန့်ခွဲသည့်ဆုံးဖြတ်ချက်များကို ------------------- က ပြုလုပ်ရသည်။

(ဃ) အခြေခံကျသောလိုအပ်ချက်များတွင် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ---------------------တို့ ပါဝင်သည်။

(င) လူသားတို့၏ လိုအင်ဆန္ဒများသည် -------------------- များပြားလှသည်။

(စ) -------------------- အရင်းအမြစ်များရရှိနိုင်မှုသည် အကန့်အသတ်ဖြင့် တည်ရှိသည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) ဘောဂဗေဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၃ မျိုးအနက် ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ (က) မိသားစုစီမံခန့်ခွဲခြင်း (ခ) ကုန်စည်နှင့်ဝန်ဆောင်မှုများခွဲဝေအသုံးပြုခြင်း (ဂ) ထုတ်လုပ်မှုအရင်းအမြစ်များကို စီမံခန့်ခွဲအသုံးပြုခြင်း ဖြစ်သည်။

(ခ) ဘောဂဗေဒဆိုသည်မှာ (က) ကုန်စည်နှင့်ဝန်ဆောင်မှု (ခ) စီးပွားရေးအဆောက်အအုံ (ဂ) ကုန်ထုတ်အင်အားစုများကို လေ့လာခြင်းနှင့် ချွေတာသုံးစွဲရေးတို့ကို လေ့လာခြင်းဖြစ်သည်။

(ဂ) အခြေခံမကျသောလိုအပ်ချက်များတွင် (က) စားသောက်ဖွယ်ရာများ (ခ) အဝတ်အထည်များ (ဂ) ပျော်ပွဲရွှင်ပွဲများ ပါဝင်ပါသည်။

(ဃ) ဘောဂဗေဒဘာသာရပ်သည် လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်ပြီး သိပ္ပံနည်းကျစူးစမ်းလေ့လာမှုများကို အသုံးပြုသဖြင့် (က) သိပ္ပံဘာသာရပ် (ခ) ဝိဇ္ဇာဘာသာရပ် (ဂ) လူမှုရေးသိပ္ပံဘာသာရပ်ခွဲ တစ်ရပ်အနေဖြင့် သတ်မှတ်ထားသည်။

UBE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ဘောဂဗေဒဘာသာရပ်ကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သနည်း။

(ခ) လူသားတို့၏ အခြေခံလိုအပ်ချက်နှင့် အခြေခံမကျသောလိုအပ်ချက်များကို ကိုယ်ပိုင်ဥပမာများပေး၍ ဖြေဆိုပါ။

(ဂ) လူသားတို့သည် မိမိတို့ လိုအင်ဆန္ဒရှိသည့်အရာဟူသမျှကို ရရှိနိုင်မှုရှိ မရှိကို ကျိုးကြောင်းပြ၍ ရှင်းပြပါ။

DBE BOX - Copyright Protected

# အခန်း(၂)
# ကုန်စည်နှင့်ဝန်ဆောင်မှုများ
# Goods and Services

**စုစုပေါင်းစာသင်ချိန်(၁၃)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- နေ့စဉ်အသုံးပြုနေသော အရာဝတ္ထုများကို ဘောဂဗေဒဝေါဟာရအရ ကုန်စည်ဟု ခေါ်ဆိုကြောင်း၊ ကုန်စည်အပြင် ဝန်ဆောင်မှုလည်းရှိကြောင်းကို ရှင်းပြတတ်လာမည်။
- ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကိုလိုက်၍ ကုန်စည်များကို အမျိုးအစားခွဲခြားနိုင်လာမည်။
- ထို့ပြင်ကုန်စည်သိုလှောင်မှုပေါ်မူတည်၍ ကုန်လက်ကျန်နှင့် ကုန်စီးဆင်းမှုကိုလည်း ခွဲခြားလာနိုင်မည်။

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်၊ သွင်းအားစု၊ ကုန်ထွက်၊ ကုန်ချောနှင့် ကုန်ကြမ်း၊ နောက်ဆုံးသုံးကုန်စည်၊ စားသုံးကုန်စည်၊ ထုတ်လုပ်သူသုံးကုန်စည်၊ ကြာရှည်သုံးကုန်စည်၊ တစ်ခါသုံးကုန်စည်၊ ပျက်စီးလွယ်သောကုန်စည်၊ မပျက်စီးလွယ်သောကုန်စည် အမျိုးအစားများကို ဖော်ပြသောပုံပြကားချပ်များကို ပြင်ဆင်ထားပါ။
- ထုတ်လုပ်မှုဖြစ်စဉ်ကိုရှင်းပြရန် သွင်းအားစုနှင့် ကုန်ထွက်များကိုပြသသော ထုတ်လုပ်ခြင်းဖြစ်စဉ်အဆင့်ဆင့်၊ ပရိဘောဂများရောင်းချခြင်း လုပ်ငန်းအဆင့်ဆင့်ကို ပြသသောဗီနိုင်းရုပ်ပုံကားချပ်များကို ပြင်ဆင်ထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကိုလိုက်၍ ကုန်စည်အမျိုးအစားများကွဲပြားခြင်း၊ ကုန်လက်ကျန်များ(stocks)၊ ကုန်စီးဆင်းမှုများ(flows)အကြောင်းကို ဆရာနှင့်သော်လည်းကောင်း၊ ကျောင်းသားအချင်းချင်းသော်လည်းကောင်း အပြန်အလှန်ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆိုတတ်လာမည်။
- အုပ်စုလိုက်ဆောင်ရွက်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- ကုန်စည်အမျိုးအစားများနှင့် ကုန်ထုတ်စွမ်းအားစုများ၏ သဘောသဘာဝကို လေ့လာခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများကိုရရှိလာမည်။

DBE BOX Copyright Protected

## ၂.၁။ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အဓိပ္ပာယ် စာသင်ချိန်(၁၊ ၂)

- ကုန်စည်များ(Goods)မှာ လူသားတို့အတွက် အသုံးဝင်ပြီး ထိတွေ့ကိုင်တွယ်နိုင်သည့် ဒြပ်ရှိအရာများ (Tangible Things)ဖြစ်သည်။ ဝန်ဆောင်မှုများ (Services) မှာ လူသားတို့အတွက် အသုံးဝင်သော်လည်း ထိတွေ့ကိုင်တွယ်၍ မရသောဒြပ်မဲ့အရာများ (Intangible Things) ဖြစ်သည်။

## ၂.၂။ အခမဲ့ကုန်စည်နှင့်ရှားပါးကုန်စည်များ

### သင်ခန်းစာရည်ရွယ်ချက်

- ကုန်စည်၊ ဝန်ဆောင်မှုနှင့် သက်ဆိုင်သောသဘောတရား၊ အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်တို့၏ သဘောတရားကို ရှင်းပြတတ်စေရန်

### သင်ခန်းစာမိတ်ဆက် (၁၀)မိနစ်

- ဘောဂဗေဒဘာသာရပ်သည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လူသားတို့က မည်သို့မည်ပုံ ထုတ်လုပ်၍ မည်သို့မည်ပုံအသုံးပြုကြသည်ကို လေ့လာသောဘာသာရပ် ဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်သဖြင့် ကုန်စည်များနှင့်ဝန်ဆောင်မှုများကို ဆက်လက်ရှင်းပြမည်ဟု ပြောကြားပါ။
- ထို့နောက်ကျောင်းသားများ နေ့စဉ်အသုံးပြုနေသော အရာအချို့ကို ပြောပြခိုင်းပါ။ (ဥပမာ- စားပွဲ၊ ဂဏန်းပေါင်းစက်၊ တံမြက်စည်း)၊ ထိုအရာဝတ္ထုများကို မည်သို့အသုံးပြုနိုင်ကြောင်း မေးမြန်းပါ။ ထို့နောက် နေ့စဉ်အသုံးပြုသောအရာများကို ကုန်စည်များဟုခေါ်ပြီး ထိုအရာများကို အသုံးပြု၍ လုပ်ဆောင်နိုင်မှုများသည် ဝန်ဆောင်မှုများဖြစ်ကြောင်းပြောပြပါ။

### သင်ကြားခြင်း (၁၅)မိနစ်

- ကုန်စည်များ(Goods)နှင့်ဝန်ဆောင်မှုများ(Services)၏ သဘောသဘာဝကို ရှင်းပြပါ။

### လေ့ကျင့်ခြင်း (၂၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကုန်စည်နှင့်ဝန်ဆောင်မှုများစာရင်းကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်၍ တင်ပြစေပါ။ ထို့နောက်အရေးအကြီးဆုံး ကုန်စည်နှင့် ဝန်ဆောင်မှု ၅ မျိုးစီကို စာရင်းတွင်မှတ်သားပြ၍ အဘယ်ကြောင့်အရေးကြီးသည်ကို အုပ်စုလိုက်ရှင်းပြစေပါ။ လိုအပ်သည်များကို ဖြည့်စွက်ရှင်းပြပါ။

### သင်ကြားခြင်း (၁၅)မိနစ်

- အခမဲ့ကုန်စည်(Free Goods)နှင့် ရှားပါးကုန်စည်(Scarce Goods)တို့၏ သဘောတရားတို့ကို သင်ကြားမည်။

DBE BOX. Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကိုအုပ်စုဖွဲ့ပါ။ နေ့စဉ်အသုံးပြုနေသော ကုန်စည်များထဲမှ အခမဲ့ကုန်စည်၊ ရှားပါးကုန်စည်၊ စီးပွားရေးကုန်စည်များကို ဇယားကွက်ချ၍ ခွဲခြားသတ်မှတ်ပေးပါ။ အုပ်စုလိုက်တင်ပြခိုင်းပြီး လိုအပ်သည်များကို ဖြည့်စွက်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- ကုန်စည်နှင့်ဝန်ဆောင်မှု၏ သဘောသဘာဝကို ရှင်းလင်းပြီး ဥပမာ ၅ မျိုးစီခွဲခြားဖော်ပြပါ။
- အရာဝတ္ထုတစ်ခုသည် နေရာတိုင်းနှင့် အချိန်တိုင်း၌ အခမဲ့ကုန်စည်ဖြစ်ပါသလား၊ အကြောင်းပြ၍ဖြေဆိုပါ။
- ဘောဂဗေဒဘာသာရပ်သည် မည်သည့်ကုန်စည်နှင့် သက်ဆိုင်သနည်း၊ အဘယ့်ကြောင့်နည်း။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၈၅) နှင့် (၈၆)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

## ၂.၃။ သွင်းအားစုနှင့်ကုန်ထွက်များ **စာသင်ချိန်(၃)**

**သင်ခန်းစာရည်ရွယ်ချက်**

- သွင်းအားစုများ၊ ကုန်ထွက်များနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းလင်းစွာသိရှိ၍ လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- အခမဲ့ကုန်စည်၊ ရှားပါးကုန်စည်တို့၏သဘာဝနှင့် အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည် ဆွေးနွေးပါစေ။
- ထို့နောက် ကျောင်းသားကျောင်းသူများဝတ်သော ကျောင်းဝတ်စုံ(ဥပမာ-အင်္ကျီအဖြူ)ကို ထုတ်လုပ်ရန် မည်သည့်အရာများ လိုအပ်မည်နည်းဟုမေးပါ။ ဖြေဆိုလာသော အဖြေများအရ ထုတ်လုပ်ရာတွင် အသုံးပြုရသောအရာများသည် ကုန်ထုတ်စွမ်းအားစုများ ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- သွင်းအားစုများနှင့် ကုန်ထွက်များအကြောင်းကို ရှင်းပြသင်ကြားပါ။
- ဆက်လက်၍ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရန် ကုန်ထုတ်စွမ်းအားစုများ ပေါင်းစပ်အသုံးပြုရပုံနှင့် ထုတ်လုပ်မှုလုပ်ငန်းသည် ဖြစ်စဉ်တစ်ခုအဖြစ် အဆင့်ဆင့်လုပ်ဆောင်ရပုံကို ရှင်းလင်းပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ ထို့နောက် အုပ်စုတစ်စုစီက အိမ်တွင်တွေ့မြင်နိုင်သော ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုနှင့် လက်ဖက်ရည်ဆိုင်တွင်တွေ့မြင်နိုင်သော ထုတ်လုပ်မှုဖြစ်စဉ်တစ်ခုစီ လေ့လာတင်ပြစေပြီး အိမ်တွင်အသုံးပြုသောကုန်စည်နှင့် လက်ဖက်ရည်ဆိုင်တွင်အသုံးပြုသောကုန်စည်များကို ခွဲခြားဖော်ထုတ်၍ အတန်းသို့ ပြန်လည်တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ယေဘုယျအားဖြင့် သွင်းအားစုများတွင် ကုန်ထုတ်စွမ်းအားစုများနှင့် ကုန်ကြမ်းများပါဝင်ကြောင်း ကုန်စည် ၃ မျိုးကို ဥပမာပြုပြီး ဖြေဆိုပါစေ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၈၇)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၄။ ကုန်ချောများနှင့်ကုန်ကြမ်းများ **စာသင်ချိန်(၄)**

**သင်ခန်းစာရည်ရွယ်ချက်**

- ကုန်ချော၊ ကုန်ကြမ်းနှင့် သက်ဆိုင်သောသဘောတရားများကို ရှင်းလင်းစွာသိရှိ၍ လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- သွင်းအားစုများနှင့် ကုန်ထွက်များ၏ သဘာဝနှင့် အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။
- ကျောင်းသားများအား သင်နေထိုင်သော အိမ် သို့မဟုတ် သင်၏ကျောင်းအဆောက်အဦကို မည်သည့်အရာများနှင့် တည်ဆောက်ထားသနည်းဟု မေးပါ။ ကျောင်းသားများ၏ဖြေဆိုမှုအရ အဆောက်အဦတစ်ခု တည်ဆောက်ရာတွင် သွင်းအားစုများ သုံးရကြောင်း ပြောပြပြီး သင်ခန်းစာသစ်ကို နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကုန်ချောနှင့် ကုန်ကြမ်းများအကြောင်းကို ရှင်းပြသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုဖွဲ့ပါ။ မိမိတို့ပတ်ဝန်းကျင်ဒေသရှိ ကုန်စည် ၁၀ မျိုးကို ယင်းတို့အသုံးပြုမှုအပေါ်မူတည်၍ ကုန်ချော သို့မဟုတ် ကုန်ကြမ်းအဖြစ် ခွဲခြားသတ်မှတ်ပုံကို အုပ်စုတစ်အုပ်စုစီ လေ့လာပါစေ။ လေ့လာတွေ့ရှိချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည်တင်ပြပါစေ။

DREBOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- အရာဝတ္ထုတစ်ခုသည် နေရာတိုင်း၌ ကုန်ချောဖြစ်ပါသလား။ အကြောင်းပြဖြေဆိုပါ။
- ကုန်ချောနှင့်တစ်ဝက်တစ်ပျက်ပြီးကုန်ချော၏ ခြားနားချက်ကိုရှင်းပြပြီး ကုန်စည် ၅ မျိုးကို ဥပမာပေး၍ ခွဲခြားဖော်ထုတ်ပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၈၈)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၅။ နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည် **စာသင်ချိန်(၅)**

**သင်ခန်းစာရည်ရွယ်ချက်**

- နောက်ဆုံးသုံးကုန်စည်၊ ကြားသုံးကုန်စည်နှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းပြနိုင်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကုန်ချော၊ ကုန်ကြမ်းများ၏ သဘာဝနှင့်အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။
- ထို့နောက် နောက်ဆုံးအသုံးပြုမှုနှင့် ကြားအသုံးပြုမှုကို ထင်ရှားစွာခွဲခြားပြသနိုင်သော ကုန်စည်တစ်ခု (ဥပမာ-ထမင်းတစ်ပန်းကန်၊ ရေတစ်ပုလင်း)ကို ပြသ၍ဖြစ်စေ၊ ပြောပြ၍ဖြစ်စေ၊ မည်သို့အမျိုးမျိုးအဖုံဖုံ အသုံးပြုနိုင်ကြောင်းကို ကျောင်းသား ၅ ဦးကို မေးမြန်းပါ။ ကျောင်းသားများ၏ ဖြေဆိုမှုမှနောက်ဆုံး အသုံးပြုမှုနှင့် ကြားအသုံးပြုမှုကို ခွဲခြားပြောပြပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်များကို ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကုန်ချောများနှင့် နောက်ဆုံးသုံးကုန်စည်များ ထပ်တူဖြစ်မဖြစ်ကို ကျောင်းသားများကို အုပ်စုလိုက်ခွဲ၍ ဥပမာ ၃ ခုစီဖြင့် အုပ်စုတွင်းဆွေးနွေးပြီး ဆွေးနွေးရရှိချက်များ ရေးသားပါစေ။ အုပ်စုလိုက်ပြန်ပြောပါစေ။ ဆရာက လှည့်လည်ကြည့်ရှုပါ။
- စားသုံးမှုအတွက်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက်သော်လည်းကောင်း၊ ပို့ကုန်တင်ပို့မှုအတွက်သော်လည်းကောင်း အသုံးပြုသည့် နောက်ဆုံးသုံးကုန်စည် ၁၀ မျိုးကို အုပ်စုတွင်းဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အကြောင်းပြချက်များနှင့် ရှင်းလင်းတင်ပြပါစေ။

DBEBOX - Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- မူလသွင်းအားစုနှင့် ကြားသုံးသွင်းအားစုများကို ဥပမာများပြ၍ နှိုင်းယှဉ်ရှင်းလင်းပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၈၉)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၆။ စားသုံးကုန်စည်များနှင့် ထုတ်လုပ်သူသုံးကုန်စည်များ **စာသင်ချိန်(၆)**

**သင်ခန်းစာရည်ရွယ်ချက်**

- စားသုံးကုန်စည်များ၊ ထုတ်လုပ်သူသုံးကုန်စည်များနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းလင်းစွာနားလည်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်များ၏သဘာဝနှင့် အရေးပါမှုတို့ကို ကျောင်းသားများအား ပြန်လည်ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည်များကို ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- အသုံးချမှုအပေါ်မူတည်၍ စားသုံးကုန်စည်၊ ထုတ်လုပ်သူသုံးကုန်စည်ဟူ၍ခွဲခြားသည်ကို ကျောင်းသားများကို အုပ်စုလိုက်ခွဲ၍ ဥပမာ ၃ ခုစီဖြင့် အုပ်စုတွင်းဆွေးနွေးပြီး ဆွေးနွေးရရှိချက်များကို မှတ်စုစာအုပ်တွင် ရေးသားပါစေ။ အုပ်စုလိုက်ပြန်ပြောပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ထုတ်လုပ်သူသုံးကုန်စည်များတွင် ရင်းနှီးကုန်စည်များနှင့် ကုန်ကြမ်းများပါဝင်မှုကို ဥပမာများနှင့် ရှင်းလင်းပါ။
- သင်တို့ပတ်ဝန်းကျင်ဒေသတွင်ရှိသော စားသုံးသူသုံး သို့မဟုတ် ထုတ်လုပ်သူသုံးလုပ်ငန်းတစ်ခုကိုဖော်ပြပြီး မည်သည့်ကုန်စည်များ ထုတ်လုပ်သည်ကို ခွဲခြားဖော်ပြပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၀)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၂.၇။ ကြာရှည်သုံးကုန်စည်နှင့် တစ်ခါသုံးကုန်စည် **စာသင်ချိန်(၇)**

**သင်ခန်းစာရည်ရွယ်ချက်**

- ကြာရှည်သုံးကုန်စည်၊ တစ်ခါသုံးကုန်စည်နှင့် သက်ဆိုင်သောသဘောတရားများကို ရှင်းပြတတ်ပြီး လက်တွေ့ခွဲခြားတတ်ရန်

DBE BOX Copyright Protected

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည်များ၏ သဘာဝနှင့်အရေးပါမှုတို့ကို ပြန်လည်ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- နောက်ဆုံးသုံးကုန်စည်နှင့် ကြားသုံးကုန်စည်များကို ရှင်းပြဆွေးနွေးပါ။ ကြာရှည်သုံးကုန်စည်များသည် စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံး ကုန်စည်နှစ်မျိုးစလုံး ဖြစ်နိုင်ကြောင်း၊ တစ်ခါသုံးကုန်စည်များကို ကုန်ထုတ်လုပ်ရာတွင်အသုံးပြုပါက တစ်ခါသုံးထုတ်လုပ်သူသုံးကုန်စည်ဖြစ်ကြောင်း ရှင်းပြဆွေးနွေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကြာရှည်သုံးထုတ်လုပ်သူသုံးကုန်စည်သည် ရင်းနှီးကုန်စည်များဖြစ်သည်ကို ကျောင်းသားများကို အုပ်စုလိုက်ခွဲ၍ ဥပမာ ၃ ခုစီဖြင့် အုပ်စုတွင်းဆွေးနွေးပြီး ဆွေးနွေးရရှိချက်များကို မှတ်စုစာအုပ်တွင် ရေးသားပါစေ။ အုပ်စုလိုက်ပြန်ပြောပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည် နှစ်မျိုးစလုံးဖြစ်နိုင်သည့် ကုန်စည်များကို ဖော်ထုတ်၍ အဘယ်ကြောင့်ဖြစ်နိုင်ကြောင်း ရှင်းလင်းပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၂.၈။ ပျက်စီးလွယ်သောကုန်စည်နှင့် မပျက်စီးလွယ်သောကုန်စည် စာသင်ချိန်(၈)

**သင်ခန်းစာရည်ရွယ်ချက်**

- ပျက်စီးလွယ်သောကုန်စည်၊ မပျက်စီးလွယ်သောကုန်စည်များနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းပြတတ်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၅)မိနစ်**

- ကြာရှည်သုံးကုန်စည်များနှင့် တစ်ခါသုံးကုန်စည်များ၏ သဘာဝနှင့်အရေးပါမှုတို့ကို ပြန်လည်ဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ပျက်စီးလွယ်သောကုန်စည်ဆိုသည်မှာ ကြာရှည်မခံဘဲ တိုတောင်းသောအချိန်အတွင်း ပျက်စီးသွားနိုင်သောကုန်စည်များဖြစ်ပြီး မပျက်စီးလွယ်သောကုန်စည်ဆိုသည်မှာ အထိုက်အလျောက်ကြာရှည်သိမ်းဆည်းထား၍ရသော ကုန်စည်များဖြစ်ကြောင်း ဥပမာများနှင့် ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ မပျက်စီးလွယ်သော ကုန်စည်ဖြစ်ပြီး တစ်ခါသုံးကုန်စည်ဖြစ်သောကုန်စည် ၃ မျိုး၊ ပျက်စီးလွယ်သောကုန်စည်ဖြစ်ပြီး တစ်ခါသုံး ကုန်စည်ဖြစ်သော ကုန်စည် ၃ မျိုး၊ မပျက်စီးလွယ်သောကုန်စည်ဖြစ်ပြီး ကြာရှည်သုံး ကုန်စည်ဖြစ်သောကုန်စည် ၃ မျိုးကို အုပ်စုအလိုက် ဆွေးနွေးတင်ပြပါစေ။ ကျောင်းသားများ လုပ်ငန်းလုပ်နေစဉ်တွင် အုပ်စုများကို လှည့်လည်ကြည့်ရှုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ပျက်စီးလွယ်သောကုန်စည် (perishable goods)နှင့် မပျက်စီးလွယ်သောကုန်စည် (non-perishable goods)မည်သို့ကွာခြားသနည်း။ ဇယားရေးဆွဲ၍ပျက်စီးလွယ်နှင့် မပျက်စီးလွယ် သော ကုန်စည်များကို ဥပမာများနှင့် နှိုင်းယှဉ်ပြပါ။

**ရည်ညွှန်းချက်– ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်**

## ၂.၉။ ကုန်လက်ကျန်နှင့်ကုန်စီးဆင်းမှု **စာသင်ချိန်(၉၊၁၀)**

**သင်ခန်းစာရည်ရွယ်ချက်**

- ကုန်လက်ကျန်၊ ကုန်စီးဆင်းမှုများနှင့် သက်ဆိုင်သော သဘောတရားများကို ရှင်းပြတတ်ပြီး လက်တွေ့ခွဲခြားတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၂၀)မိနစ်**

- ပျက်စီးလွယ်သောကုန်စည် (perishable goods)နှင့် မပျက်စီးလွယ်သောကုန်စည် (non-perishable goods)တို့၏ သဘာဝနှင့်အရေးပါမှုတို့ကို ပြန်လည်ဆွေးနွေးပါစေ။
- ကျောင်းသားများအား မိမိတို့အိမ်တွင်စားသုံးသောဆန်သည် စားသုံး၍ ကုန်ခန်းသွားမှု ရှိမရှိ မေးပါ။ ကုန်ခန်းသွားလျှင် မည်သို့လုပ်ဆောင်ကြောင်းမေးပါ။ ဖြေဆိုမှုအပေါ် မူတည်၍ ကုန်စည်ပမာဏကို ပုံသေသဘောအရသော်လည်းကောင်း၊ စီးဆင်းမှုသဘောအရသော် လည်းကောင်း လေ့လာနိုင်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကုန်လက်ကျန်(stocks)ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလတွင်ရှိနေသောကုန်စည် များသို့မဟုတ် ကုန်ထုတ်စွမ်းအားစုများ၏အစုအပုံပမာဏဖြစ်သည်။ ကုန်စီးဆင်းမှု(flows) ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း ကုန်လက်ကျန်တွင် ထပ်ပေါင်းထည့်လိုက်သော ပမာဏ သို့မဟုတ် ထုတ်နုတ်လိုက်သော ပမာဏဖြစ်သည်တို့ကို ဥပမာများနှင့် ရှင်းပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို ၅ ယောက်တစ်အုပ်စုစီ အုပ်စုဖွဲ့ပါ။ အုပ်စုတိုင်းအား အောက်ပါပုစ္ဆာကို တွက်ခိုင်းပါ။ ဆန်ဆိုင်တစ်ဆိုင်တွင် နှစ်စဦး ပေါ်ဆန်းမွှေးဆန်အိတ် ၁၅၀၀ နှင့် မနောသုခ ဆန်အိတ် ၁၀၀၀ ရှိသည်။ ထိုနှစ်အတွင်းတွင် ပေါ်ဆန်းမွှေးဆန်အိတ် ၃၀၀ ရောင်းချရပြီး အိတ် ၅၀၀ ဝယ်ယူသည်။ ထို့နောက် အိတ် ၇၀၀ ထပ်မံရောင်းချရသည်။ မနောသုခ ဆန်အိတ်သည် ထိုနှစ်အတွင်း အိတ် ၂၀၀ ရောင်းချရပြီး အိတ် ၅၀၀ ဝယ်ယူသည်။ ဆန်နှစ်မျိုး လုံး၏ စုစုပေါင်းကုန်စီးဆင်းမှုနှင့် ကုန်လက်ကျန်ကို ရှာခိုင်းပါ။ အုပ်စုအလိုက် ဆွေးနွေးတွက်ချက်တင်ပြချက်များကို သင်ပုန်းပေါ်တွင်ကပ်ထားပါ။ အချင်းချင်းလှည့်လည် ကြည့်ခိုင်းမည်။ တစ်အုပ်စု၏ လိုအပ်ချက်ကိုတစ်အုပ်စုက ဖြည့်စွက်မည်။ ကျောင်းသားများ လုပ်ငန်းလုပ်နေစဉ်တွင် အုပ်စုများကို လှည့်လည်ကြည့်ရှုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**


- ကုန်စည် သို့မဟုတ် ကုန်ထုတ်စွမ်းအားစုတို့၏ ပုံသေသဘောနှင့် စီးဆင်းခြင်းသဘောကို နှိုင်းယှဉ်ရေးသားပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၂)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၂.၁၀။ အခန်း(၂)ကို ပြန်လည်သုံးသပ်ခြင်း **စာသင်ချိန်(၁၁)**

- ကုန်စည်များ၏ သဘောသဘာဝများကို ကျောင်းသားများနှင့် ခွဲခြားဖော်ထုတ်မည်ဖြစ်ပါသည်။
- ထို့နောက် အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်း ပြီး အခန်း(၂)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကိုပြန်လည်သုံးသပ်ပါ။




-----------------------------

## လေ့ကျင့်ခန်းများ 		စာသင်ချိန်(၁၂၊၁၃)

၁။ အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က) နေအိမ်အဆောက်အဦ၊ ပရိဘောဂ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်တို့သည် ကုန်စည်များဖြစ်ကြသည်။

(ခ) ကုန်ထွက်များသည် ကုန်ချောများဖြစ်ပြီး၊ ကုန်ချောတိုင်းသည်လည်း နောက်ဆုံးသုံးကုန်စည်များဖြစ်သည်။

(ဂ) ကုန်ထုတ်လုပ်ငန်းများမှ ဝယ်ယူထားသော မော်တော်ယာဥ်များသည် စားသုံးသူသုံးကုန်စည်များဖြစ်သည်။

(ဃ) ကြာရှည်သုံးထုတ်လုပ်သူသုံးကုန်စည်သည် ရင်းနှီးကုန်စည်များဖြစ်သည်။

(င) အရာဝတ္ထုတစ်ခုသည် နေရာတိုင်းနှင့် အချိန်တိုင်း၌ အခမဲ့ကုန်စည် ဖြစ်နေနိုင်ပါသည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) စုပေါင်းတပ်ဆင်ခြင်းမပြုရသေးသည့် စက်ကိရိယာအပိုင်းအစများ၊ အရောင်မတင်ရသေးသော ပရိဘောဂများ၊ ကော်ဖီအောက်ခံများ စသည်တို့ကို ------------------- ဟု ခေါ်သည်။

(ခ) --------------------- ဆိုသည်မှာ သတ်မှတ်ထားသော အချိန်ကာလတွင် ရှိနေသော ကုန်စည်များ သို့မဟုတ် ကုန်ထုတ်အင်အားစုများ၏ အစုအပုံပမာဏပင်ဖြစ်သည်။

(ဂ) ထုတ်လုပ်မှုအဆင့်တစ်ဆင့်၏ ကုန်ချောသည် အခြားထုတ်လုပ်မှု တစ်ခု၏ --------------------- ဖြစ်ကြောင်းတွေ့ရသည်။

(ဃ) အကန့်အသတ်ဖြင့်သာရရှိနိုင်သော ရှားပါးသောကုန်စည်များကို ------------------- ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

(င) ဆန်သည် စားသုံးမှုပြုလိုက်သဖြင့် ထုတ်လုပ်မှုဖြစ်စဉ်တွင် ပြန်လည်ပါဝင်နိုင်ခြင်းမရှိသဖြင့် ၎င်းကို --------------------- ကုန်စည်ဟုခေါ်သည်။

DBE BOX Copyright Protected

Option

၃။ အဖြေမှန်ရွေးပါ။

(က) ကုန်ထုတ်အင်အားစုများကို (က) မူလသွင်းအားစုများ (ခ) ကြားသုံးသွင်းအားစုများ (ဂ) ကြားသုံးကုန်စည်များဟုခေါ်သည်။

(ခ) ကြာရှည်သုံးစားသုံးကုန်စည်များမှာ (က) အဝတ်အထည်များ (ခ) မီးသွေး (ဂ) လောင်စာဆီ တို့ ဖြစ်သည်။

(ဂ) ကြားသုံးသွင်းအားစုများမှာ (က) လုပ်အား (ခ) အရင်းအနှီး (ဂ) ကုန်ကြမ်း တို့ဖြစ်သည်။

(ဃ) ခရမ်းရောင်ဌက်မွေးတောင်သည် အသုံးဝင်တန်ဖိုးနှင့် ဖလှယ်မှုတန်ဖိုးမရှိပါက (က) အခမဲ့ ကုန်စည် (ခ) စီးပွားရေးကုန်စည် (ဂ) ရှားပါးကုန်စည်သာဖြစ်ပါသည်။

(င) ၂၀၁၇ ခုနှစ်တွင် လယ်သမားတစ်ဦး၏ စပါးကျီတွင် စပါးတင်း (၁၅၀)ရှိပြီး ထိုနှစ်တွင်ပင် တင်း (၅၀)ကို ရောင်းချလိုက်ပါက နှစ်ဆုံးတွင် ကုန်လက်ကျန်မှာ (က) ၁၅၀ တင်း (ခ) ၁၀၀ တင်း (ဂ) ၅၀ တင်း ဖြစ်သည်။

DBE BOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်သို့ခွဲခြားနိုင်သနည်း။ သင့်ပတ်ဝန်းကျင်တွင် တည်ရှိနေသည်များကို ဥပမာပေး၍ဖြေဆိုပါ။

(ခ) စီးပွားရေးကုန်စည်ဆိုသည်မှာအဘယ်နည်း။ ဥပမာပေး၍ဖြေဆိုပါ။

(ဂ) နောက်ဆုံးသုံးကုန်စည်တိုင်းသည် ကုန်ချောဖြစ်သော်လည်း ကုန်ချောတိုင်းသည် နောက်ဆုံး သုံးကုန်စည် မဖြစ်ကြောင်းကို ပေါ်လွင်အောင်ရှင်းပြပါ။

(ဃ) ကျောင်းသားတစ်ဦးအနေဖြင့် နေ့စဉ်အသုံးပြုနေသော ကုန်စည်များသည် တစ်ခါသုံး ကုန်စည် သို့မဟုတ် ကြာရှည်သုံးကုန်စည်ဖြစ်နိုင်သည်ကို ဥပမာပေး၍ဖြေဆိုပါ။

(င) အောက်ပါကုန်စည်များသည် မည်သည့်ကုန်စည်အမျိုးအစားဖြစ်သည်ကို အကြောင်းပြ ဖြေဆိုပါ။ အချို့ကုန်စည်များသည် အမျိုးအစားတစ်မျိုးမကဖြစ်နိုင်ကြောင်းကိုလည်းရှင်းပြပါ။
(၁) ဂဏန်းပေါင်းစက် (၂) အဝတ်အစား (၃) မုန့်ဟင်းခါး (၄) လက်ကိုင်တယ်လီဖုန်း (၅) ရုပ်မြင်သံကြားစက်

# အခန်း(၃)

# စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများ

# Economic Activities, Economic Structure, Economic System and Economic Organizations


**စုစုပေါင်းစာသင်ချိန်(၁၈)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

## သင်ယူမှုရလဒ်များ

- နေ့စဉ်နေထိုင်မှုဘဝသည် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိကြောင်း ရှင်းပြတတ်လာမည်။
- စီးပွားရေးလုပ်ဆောင်ချက်များကို သိရှိနားလည်လာပြီး ၎င်းတို့၏ဆက်စပ်မှုများကို နေ့စဉ်လူနေမှုဘဝတွင် အသုံးချတတ်လာနိုင်မည်။
- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိနားလည်လာပြီး ၎င်းအပေါ်မူတည်၍ စီးပွားရေးလုပ်ဆောင်ချက်များကို အဆင့်ဆင့်ဖော်ထုတ်တတ်မည်။
- ကမ္ဘာပေါ်တွင် စီးပွားရေးစနစ် ၃ မျိုးရှိသည်ကို သိရှိပြီး နိုင်ငံများ၏စီးပွားရေး လုပ်ဆောင်ချက်များပေါ် အခြေခံ၍ မည်သည့်စီးပွားရေးစနစ်ကျင့်သုံးနေသည်ကို သုံးသပ်တတ်လာမည်။
- စီးပွားရေးစနစ်များပေါ်အခြေခံ၍ လက်ရှိမြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော စီးပွားရေးလုပ်ဆောင်ချက်များကို ဆက်စပ်သုံးသပ်တတ်လာမည်။

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- စီးပွားရေးလုပ်ဆောင်ချက်များ အဆင့်ဆင့်ချိတ်ဆက်မှုပြပုံ၊




## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- စီးပွားရေးလုပ်ဆောင်ချက်များ အဆင့်ဆင့်ချိတ်ဆက်မှုကို အုပ်စုလိုက် ဖော်ပြဆွေးနွေးနိုင်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာမည်။
- စီးပွားရေး အဖွဲ့အစည်းများ၏ ဝိသေသလက္ခဏာများကို ဥပမာများဆောင်၍ အုပ်စုလိုက်ဖော်ပြဆွေးနွေးနိုင်ခြင်းကြောင့် အပြန်အလှန်ပြောဆို ဆက်သွယ်တတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ စသည့်ကျွမ်းကျင်မှုများ ရရှိလာမည်။
- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်နှင့် စီးပွားရေးစနစ်အကြောင်း အုပ်စုလိုက် ဆွေးနွေးခြင်းဖြင့် ကြောင်းကျိုးဆက်စပ်စဉ်းစားခြင်း၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်ခြင်း၊ ဆန်းစစ်ဝေဖန်တတ်ခြင်း စသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများကို ရရှိစေမည်။

BOX Copyright Protected

## ၃.၁။ စီးပွားရေးလုပ်ဆောင်ချက်များ **စုစုပေါင်းစာသင်ချိန်(၉)ချိန်၊ တစ်ချိန်(၄၅)မိနစ်**

### သင်ခန်းစာရည်ရွယ်ချက်

- ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုရာတွင်လည်းကောင်း လူသားတို့သည် တစ်ဦးနှင့်တစ်ဦးနီးကပ်စွာ ဆက်နွှယ်လျက်ရှိပြီး အလုပ်ပြီးမြောက်စေရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရသော အခြေအနေများစွာရှိကြောင်းကို ရှင်းပြတတ်ရန်

### (က)ထုတ်လုပ်ခြင်း **စာသင်ချိန်(၁၊၂)**

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ဘောဂဗေဒဘာသာရပ်သည် လူတို့၏လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန်အတွက် အကန့်အသတ်ဖြင့်သာရရှိနိုင်သော ထုတ်လုပ်မှုအရင်းအမြစ်များကို လူသားများအနေဖြင့် မည်သို့မည်ပုံ စီမံခန့်ခွဲအသုံးပြုသည်ကို လေ့လာသောဘာသာရပ်ဖြစ်သည်ကို သိရှိပြီးဖြစ်၍ စီးပွားရေးကိစ္စရပ်များအတွက် လူသားတို့ ပူးပေါင်းစီမံခန့်ခွဲလုပ်ကိုင်ခြင်းအကြောင်းကို ဆက်လက်လေ့လာကြမည်ကို ရှင်းပြမည်။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ရှေးဦးစွာစီးပွားရေးကိစ္စရပ်များ အတွက်လူသားတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းကို စီးပွားရေးလုပ်ဆောင်ချက်များ(Economic Activities)ဟုခေါ်ပြီး ထိုလုပ်ဆောင်ချက်များကို အဓိကအားဖြင့် အမျိုးအစား ၅ ခု ခွဲခြားဖော်ပြကြောင်း ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီး ရှင်းပြပေးမည်။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပေးပါ။ ကုန်စည်တစ်မျိုးစီ၏ ထုတ်လုပ်မှုကို အုပ်စုများအလိုက် ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ရှင်းလင်းပြောပြပါစေ။ လိုအပ်သည်များကို ကျန်သူများက ဝိုင်းဝန်းဆွေးနွေးဖြည့်စွက်ပါစေ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် ဇောက်ချလုပ်ကိုင်ခြင်းကို ဆက်လက်ရှင်းပြပေးပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် ဇောက်ချလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်းနှင့် ကုန်သွယ်ခြင်းတို့ အလွန်အရေးပါလာခြင်းကို ဆွေးနွေးပါစေ။ ပြီးလျှင် အုပ်စုလိုက်တင်ပြပါစေ။ အတန်းတွင်းအုပ်စုများ ဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ လိုအပ်လျှင် ဖြည့်စွက်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- ကုန်ထုတ်စွမ်းအားစုများ၊ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့် ဇောက်ချလုပ်ကိုင်ခြင်းတို့ကို နားလည်သလို ရှင်းပြပါ။
- ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းအားဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ဖော်ထုတ်ရှင်းပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၇)နှင့်(၉၈)မှ အဓိကအချက်များကို အသုံးပြု၍ သင်ကြားရန်။**

**(ခ)ဖြန့်ဖြူးခြင်း** **စာသင်ချိန်(၃၊၄)**

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားများအား ကုန်စည် ၁ မျိုး ဥပမာ စပါးမှဆန်ကို ရရှိစေရန်စိုက်ပျိုးထုတ်လုပ်ရာတွင် ပါဝင်သူများကို မေးမြန်းပါ။ ၎င်းတို့ ဝင်ငွေတူညီစွာ ရရှိခြင်းရှိ မရှိကိုလည်း မေးမြန်းပြီး မရှိပါက မည်သည့်အချက်များကြောင့် ဝင်ငွေကွာခြားသည်ကို မေးမြန်းပါ။
- ထို့နောက် ဖြန့်ဖြူးခြင်းဆိုသည်မှာ ထုတ်လုပ်မှုတွင်ပါဝင်သူများအကြား ထုတ်လုပ်မှု၏ ရလဒ်များကို ကုန်ထုတ်စွမ်းအားစုများ၏ ပါဝင်မှုအချိုးအစားအတိုင်း ခွဲဝေဖြန့်ဖြူးခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ဝင်ငွေခွဲဝေဖြန့်ဖြူးမှု ကွာခြားမှုကို ဆက်လက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပေးပါ။ အုပ်စုများအလိုက် ပညာအရည်အချင်း၊ အတွေ့အကြုံ၊ ဥစ္စာခနပိုင်ဆိုင်မှုပေါ်မူတည်ပြီးဝင်ငွေကွာခြားပုံကို ဥပမာများနှင့် ရှင်းလင်းပြောပြပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- အင်အားစုအခဝင်ငွေ(factor income)ကို ဆက်လက်ရှင်းပြပေးပါ။

DRL BOY - Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ အုပ်စုများအလိုက် ကျောင်းသုံးစာအုပ်ပါ ဖြန့်ဖြူးခြင်းကို လေ့လာဖတ်ရှုစေပြီး အုပ်စုကိုယ်စားလှယ်တစ်ဦးစီက ရှင်းလင်းပြောပြပါစေ။ လိုအပ်သည်များကို ကျန်သူများကဝိုင်းဝန်းဆွေးနွေးဖြည့်စွက်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- ထုတ်လုပ်မှု၏ရလဒ်များအား ခွဲဝေဖြန့်ဖြူးခြင်းကို နားလည်သလို ရှင်းပြပါ။
- ဖြန့်ဖြူးမှုကို ဆောင်ရွက်ခြင်းအားဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို နားလည်သလို ဖော်ထုတ်ရှင်းပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၉၉)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်**

DBE BOX - Copyright Protected

## (ဂ)လဲလှယ်ခြင်း **စာသင်ချိန်(၅၊၆)**

**သင်ခန်းစာမိတ်ဆက်** **(၁၅)မိနစ်**

- ပြီးခဲ့သည့်သင်ခန်းစာတွင် ကျောင်းသားများသိရှိခဲ့ပြီးသည့် အကြောင်းအရာများဖြစ်သော အလုပ်ခွဲခြားလုပ်ကိုင်ခြင်းနှင့်ဇောက်ချလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်းနှင့် ကုန်သွယ်ခြင်းတို့ အလွန်အရေးပါလာခြင်းကို ဆရာကမေးမြန်းမည်။ ကျောင်းသားများမှတ်မိသလောက် ပြောပြပါစေ။
- ထို့နောက် လဲလှယ်ခြင်းသည် အလွန်အရေးပါသော စီးပွားရေးလုပ်ဆောင်ချက်ဖြစ်ကြောင်း ပြောပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- လဲလှယ်ခြင်းဆိုသည်မှာ လုပ်သားတို့၏ဇောက်ချလုပ်ကိုင်မှုကြောင့် ရရှိလာသောကုန်စည် အပိုအလျှံများကို မိမိတို့အလိုရှိရာ အခြားကုန်စည်များဖြင့် ဖလှယ်ရယူခြင်းဖြစ်ကြောင်းကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို လူဦးရေ ၅ ဦးနှင့် ဆန် ၁၀ ပြည်၊ လူဦးရေ ၈ ဦးနှင့် ဆီ ၅ ပိဿာ၊ လူဦးရေ ၆ ဦးနှင့် နွား ၅ ကောင်၊ လူဦးရေ ၃ ဦးနှင့် ဆိတ်၂၀ကောင်စီ ပိုင်ဆိုင်သည့် အုပ်စု ၄ စု ဖွဲ့ပေးပါ။ မိမိတို့ကုန်စည်နှင့် ကျန်ကုန်စည်များ၏ လဲလှယ်နှုန်းများကိုလည်း အုပ်စုအလိုက်သတ်မှတ်ပါစေ။ ကုန်စည်ချင်းတိုက်ရိုက်ဖလှယ်သည့် စနစ်ကိုအသုံးပြုပြီး မိမိလူဦးရေအတွက် လိုအပ်သည့်အရေအတွက်ကို တွက်ချက်ပြီး ကုန်စည်များကို လဲလှယ်

ပါစေ။ ထို့နောက် အုပ်စုတစ်စုလျှင်တစ်ဦးက လဲလှယ်ရရှိမှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းပြပါစေ။

- ကုန်စည်ချင်းတိုက်ရိုက်ဖလှယ်သည့်စနစ်အစား ငွေကြေးအသုံးပြုပါက မည်ကဲ့သို့ ဆောင်ရွက်မည်ကို အုပ်စုများကိုမေးမြန်းပါ။ ထို့နောက် ကျောင်းသုံးစာအုပ်နှင့် တိုက်ဆိုင်ဖတ်ရှုပါစေ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျောင်းသုံးစာအုပ်ကို အသုံးပြုပြီးဈေးကွက်(market)နှင့် ဈေးနှုန်း(price)တို့ကို ခွဲခြားရှင်းပြပေးပါ။
- ဆက်လက်၍ ရောင်းကုန်ဈေးနှုန်း၊ နှိုင်းယှဉ်ဈေးနှုန်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးတို့ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို ပဲခူးတိုင်းဒေသကြီးမှဆန်ကို ကချင်ပြည်နယ်သို့ တင်ပို့ရောင်းချရာနှင့် ကချင်ပြည်နယ်မှသစ်သီးကို ပဲခူးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချရာတွင် ဒေသဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိမရှိ မေးမြန်းပါ။ ဝေးကွာသောဒေသများကြား ကုန်စည်များလဲလှယ်ရာတွင် မည်သည့်အချက်များနှင့် မည်သည့်စရိတ်များ ထည့်သွင်းစဉ်းစားရမည်ကို ဆွေးနွေးပြောကြားပါစေ။ ထို့နောက် ကျောင်းသုံးစာအုပ်တွင် ပြန်လည်စစ်ဆေးခိုင်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- ခေတ်သစ်စီးပွားရေးအဆောက်အအုံတွင် ငွေကြေးသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းကို ဥပမာများဖြင့် ရှင်းပြပါ။
- နှိုင်းယှဉ်ဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်းတို့ကို ခွဲခြားဖော်ပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၁)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## (ဃ)စားသုံးခြင်းနှင့်စုဆောင်းခြင်း **စာသင်ချိန်(၇၊၈)**

**သင်ခန်းစာမိတ်ဆက်** **(၁၅)မိနစ်**

- ပြီးခဲ့သည့်သင်ခန်းစာတွင် ကျောင်းသားများသိရှိခဲ့ပြီးသည့် အကြောင်းအရာများဖြစ်သော ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လဲလှယ်ခြင်းတို့ကို ဆရာက မေးမြန်းမည်။ ကျောင်းသားများ မှတ်မိသလောက် ပြောပြပါစေ။
- လဲလှယ်ပြီးသောကုန်စည်များကို လတ်တလောလိုအင်ဆန္ဒများ ဖြည့်စွမ်းရန်အတွက် အသုံးပြုခြင်းကို စားသုံးခြင်းဟုခေါ်ကြောင်း သင်ကြားပါ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- ကုန်စည်တစ်ခုကို စားသုံးလိုက်သည့်အခါ နောက်ထပ်အသုံးပြု၍ရ မရ ကျောင်းသားများအား မေးမြန်းပါ။ ဖြေဆိုချက်ပေါ် မူတည်ပြီး စားသုံးမှုသည် နောက်ဆုံးသုံးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပတင်ပို့မှုတို့သည်လည်း နောက်ဆုံးသုံးဖြစ်ကြောင်းသင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- တစ်ဦးချင်းစားသုံးမှုနှင့် စုပေါင်းစားသုံးမှုကို အုပ်စုလိုက် ခွဲခြားဆွေးနွေးပါစေ။

**သင်ကြားခြင်း** **(၂၀)မိနစ်**

- စားသုံးခြင်းကို စီးပွားရေးလုပ်ဆောင်ချက် ၅ မျိုးမှ ခွဲခြားရှင်းပြပြီး၊ စားသုံးခြင်းနှင့် စုဆောင်းခြင်းတို့ကို ဒင်္ဂါးပြားတစ်ခု၏ မျက်နှာပြင်နှစ်ဖက်အဖြစ် ရှုမြင်နိုင်ကြောင်းကို သင်ထောက်ကူ ပစ္စည်းသုံး၍ ရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသား ၅ ဦးကို မိမိရရှိသည့်မုန့်ဖိုးထဲမှ စားသုံးမှုနှင့် စုဆောင်းမှု ဆုံးဖြတ်ချက် ရွေးချယ်မှုကို မေးမြန်းပါ။ ၎င်းရွေးချယ်မှုသည် ကာလ ၂ ခု၏ စားသုံးမှုကြား ရွေးချယ်ခြင်း ဖြစ်ကြောင်း မည်သည့်ကာလကို ပိုမိုရွေးချယ်သင့်ကြောင်း၊ ထိုသို့ရွေးချယ်နိုင်ရန် မည်သို့ ဆောင်ရွက်သင့်ကြောင်း အတန်းသို့ တင်ပြဆွေးနွေးပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ရွေ့ဆိုင်းထားသောစားသုံးမှုသည် စီးပွားရေးအဆောက်အအုံတွင် အရေးပါကြောင်း ရှင်းလင်း ဖြေဆိုပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၃)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**(င)ရင်းနှီးမြှုပ်နှံခြင်း** **စာသင်ချိန်(၉)**

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ရင်းနှီးမြှုပ်နှံမှု၏အဓိပ္ပာယ်ကို ကျောင်းသားများ သိသလောက်ပြောပြပါစေ။ ထို့နောက် ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ ကုန်ထုတ်အရင်းအနှီးသစ်များ တိုးပွားလာခြင်း၊ ထုတ်လုပ်မှုကို အဆက်မပြတ် ဖြစ်ပေါ် စေရန် အသုံးပြုသည့် ကုန်ထုတ်အရင်းအနှီးများ၏ ချွတ်ယွင်းပြုန်းတီးမှု (depreciation) ကိုအစားထိုးခြင်းနှင့် အရင်းအနှီးကုန်လက်ကျန်များသို့ အရင်းအနှီးသစ်များ ထပ်ပေါင်းဖြည့်စွက်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်းသင်ကြားပါ။

DBE-BOX - Copyright Protected

**သင်ကြားခြင်း** **(၁၅)မိနစ်**

- မိမိတို့ဒေသရှိ ထင်ရှားသည့်စက်ရုံအလုပ်ရုံများ၊ အဆောက်အဦများ၊ လမ်းများကို မေးမြန်းမည်။ ကျောင်းသားများ မှတ်မိသလောက်ပြောပြပါစေ။ ၎င်းတို့သည် ပုံသေအရင်းအနှီးများဖြစ်ကြောင်း၊ ၎င်းတို့တည်ဆောက်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်းရှင်းပြပါ။ အခြားရင်းနှီးမြှုပ်နှံမှုပုံစံများလည်းရှိကြောင်း ရှင်းပြပါ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်သင်ကြားပါ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ရင်းနှီးမြှုပ်နှံမှုပြုရန် မည်သည့်စီးပွားရေးလုပ်ဆောင်ချက်ရှိရန် လိုအပ်သည်ကို ဆွေးနွေးပြောကြားပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ရင်းနှီးမြှုပ်နှံမှုကို ဥပမာများဖြင့်ခွဲခြား ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၄)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

## ၃.၂။ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန် **စာသင်ချိန်(၁၀)**

**သင်ခန်းစာရည်ရွယ်ချက်**

- စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်သည် ထိုနိုင်ငံ၏စီးပွားရေးလုပ်ဆောင်ချက်များ၏ အချိုးအစားပုံသဏ္ဌာန်ဖြစ်သည်ကို ရှင်းပြတတ်စေရန်
- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံကိုလေ့လာရာတွင် အဓိကအပိုင်းဖြစ်သော ထုတ်လုပ်မှုအချိုးအစားများကို ဖော်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ပြီးခဲ့သည့်သင်ခန်းစာတွင် စီးပွားရေးလုပ်ဆောင်ချက်များအကြောင်းကို သိရှိပြီးဖြစ်၍ တစ်တန်းလုံးအား အောက်ပါမေးခွန်းကို ပြန်လည်မေးမြန်းမည်။
- စီးပွားရေးလုပ်ဆောင်ချက်မည်မျှရှိသနည်း။ စီးပွားရေးလုပ်ဆောင်ချက်အားလုံး၏ အကြောင်းရင်းနှင့် စီးပွားရေးလုပ်ဆောင်ချက်များသည် တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြသနည်း စသည့်မေးခွန်းများကို ကျောင်းသားများသိသလောက်မေးမြန်းပါ။ ဖြေဆိုချက်ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်သည် ထိုနိုင်ငံ၏စီးပွားရေး လုပ်ဆောင်ချက်များ၏ အချိုးအစားပုံသဏ္ဌာန်ပင်ဖြစ်သည်ကို ဥပမာများနှင့် ရှင်းပြပါ။



DBE BOX- Copyright Protected

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စုဖွဲ့ပါ။ နိုင်ငံ၏စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်ကို သိရှိရန် မည်သည်တို့ကို သိရှိရန်လိုအပ်သနည်းဟူသောမေးခွန်းကို အုပ်စုလိုက်ဆွေးနွေးစေပြီး တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ချက်များသည် ထိုနိုင်ငံ၏စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်တွင် ပါဝင်ပေါင်းစပ်နေကြောင်းကို ဥပမာများဖြင့် ရှင်းပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၅)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

**၃.၃။ စီးပွားရေးစနစ်** **စာသင်ချိန်(၁၁)**

**သင်ခန်းစာရည်ရွယ်ချက်**

- စီးပွားရေးစနစ်အကြောင်း လေ့လာသုံးသပ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်** **(၁၀)မိနစ်**

- ကျောင်းသားများအား ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးစနစ်များကို သိသလောက် မေးမြန်းပါ။ ကျောင်းသားများ ဖြေဆိုချက်ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။
- ထို့နောက် စီးပွားရေးစနစ်၏ အဓိပ္ပာယ်ကို ကျောင်းသုံးစာအုပ်ကိုအသုံးပြုပြီး ရှင်းပြပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- စီးပွားရေးစနစ်ကို နိုင်ငံရေးဆိုင်ရာရှုထောင့်နှင့် နည်းပညာဆိုင်ရာရှုထောင့်နှစ်ရပ်မှ ရှုမြင်နိုင်သည်ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် အရင်းရှင်စီးပွားရေးစနစ်တို့ကို နိုင်ငံရေးဆိုင်ရာရှုထောင့်မှ ဆွေးနွေးစေပြီး တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- စီးပွားရေးစနစ်ကို မည်သည့်ရှုထောင့်မှ လေ့လာနိုင်သနည်း။
- ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးစနစ်များကို ဖော်ပြပါ။

**ရည်ညွှန်းချက်–ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၀၆)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX - Copyright Protected

## ၃.၄။ စီးပွားရေးအဖွဲ့အစည်းများ **စာသင်ချိန်(၁၂၊၁၃၊၁၄၊၁၅)**

### သင်ခန်းစာရည်ရွယ်ချက်

- စီးပွားရေးအဖွဲ့အစည်းများ၏ အမျိုးအစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်တို့ကို ခွဲခြား ဖော်ထုတ်တတ်ရန်
- စီးပွားရေးနှင့် လက်ရှိမြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော စီးပွားရေးလုပ်ဆောင်ချက်များကို ဆက်စပ်ဆွေးနွေးတတ်ရန်

### သင်ခန်းစာမိတ်ဆက် **(၁၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စု ၃ စုဖွဲ့ပါ။ ပြီးလျှင် လေကြောင်းဝန်ဆောင်မှု လုပ်ငန်း၊ ဆန်စပါးထုတ်လုပ်မှုလုပ်ငန်း၊ လက်ဖက်ရည်ဆိုင်စသည်တို့တွင် ပါဝင်ဆောင်ရွက် သည့် လုပ်သားအမျိုးအစားများကို အုပ်စုလိုက်ဆွေးနွေးပြီး အုပ်စုကိုယ်စားတစ်ဦးစီက တင်ပြပါစေ။
- ထိုသို့သောကုန်စည်နှင့် ဝန်ဆောင်မှုများထုတ်လုပ်ရာတွင် တစ်ဦးတည်း ဆောင်ရွက်၍မရဘဲ လုပ်သားအုပ်စုများဖြင့် ဆောင်ရွက်ရကြောင်း ပြောကြားပါ။

### သင်ကြားခြင်း **(၁၅)မိနစ်**

- ထိုသို့ကုန်စည်နှင့် ဝန်ဆောင်မှုထုတ်လုပ်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသော လုပ်သားအုပ်စုကို စီးပွားရေးအဖွဲ့အစည်းဟုခေါ်ကြောင်း၊ စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများ ဟုလည်း ခေါ်ကြောင်းသင်ကြားပါ။
- ခေတ်သစ်စီးပွားရေးအဆောက်အအုံအတွက် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည် ထောင်ရန် လိုအပ်မှုရှိ မရှိနှင့် လိုအပ်ပါက အဘယ်ကြောင့်လိုအပ်သည်ကို ကျောင်းသား အုပ်စုများအား မေးမြန်းပါ။

### လေ့ကျင့်ခြင်း **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ နိုင်ငံတစ် နိုင်ငံကိုပင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် သဘောထားနိုင်ကြောင်း ဟူသည့်အချက်ကို အုပ်စုလိုက် ဆွေးနွေးစေပြီး တင်ပြပါစေ။

### သင်ကြားခြင်း **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကုန်ထုတ်လုပ်ငန်း၏ နည်းပညာဆိုင်ရာ အခြေအနေများသည် စီးပွားရေးအဖွဲ့အစည်းများ၏အရွယ်အစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို အုပ်စုလိုက်ဆွေးနွေးစေပြီး တင်ပြပါစေ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ အချက်အလက်များအား ဖတ်ရှုပါစေ။ သိလိုသည်များကို ဆရာက ရှင်းပြဆွေးနွေးပါ။



DBE-BOX Copyright Protected

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ နိုင်ငံအများတွင်လုပ်ငန်းခွဲများရှိသည့် စီးပွားရေးအဖွဲ့အစည်းများ (Multinational Organizations)ကို သိရှိသလောက် ပြောကြားစေပြီး ၎င်းတို့သည် မည်သည့်အတွက်ကြောင့်ဖြစ်ပေါ်လာနိုင်သည်ကို အုပ်စုလိုက်ဆွေးနွေးစေပြီး တင်ပြပါစေ။
- မိမိဒေသအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ အရွယ်အစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များကို ဖော်ပြပြီး မည်သည့်စီးပွားရေးအမျိုးအစားတွင် အကျုံးဝင်ကြောင်းတင်ပြပါစေ။

**သင်ကြားခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပါ။ ကျောင်းသုံးစာအုပ်ပါ ပြည်သူသုံးလုပ်ငန်းများကို လေ့လာစေပြီး ၎င်းတို့၏လက္ခဏာရပ်များကို အုပ်စုလိုက်ဆွေးနွေးကာ ဥပမာ ၃ ခုစီဖြင့် တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- မိမိနေထိုင်ရာဒေသတွင် မည်သည့်ပြည်သူသုံးလုပ်ငန်းများ ရှိသနည်း။ မည်သည့်လုပ်ငန်းများ ထပ်မံလိုအပ်သနည်း။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအဖွဲ့အစည်းအမျိုးအစားကို ပြဋ္ဌာန်းရာတွင် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုသည် အရေးကြီးသောအချက်တစ်ရပ်ဖြစ်ကြောင်း ဆက်လက်ရှင်းပြပါ။
- ကုန်ထုတ်အရင်းအနှီး ပိုင်ဆိုင်မှုရှုထောင့်မှ စီးပွားရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် သမဝါယမပိုင်အဖွဲ့အစည်းများဟူ၍ ခွဲခြားနိုင်သည်ကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှု ပြောင်းလဲပါက စီးပွားရေးအဖွဲ့အစည်းများ၏ အမျိုးအစား၊ အရွယ်အစား၊ သဘာဝနှင့် လုပ်ဆောင်ချက်များ ပြောင်းလဲမှုရှိမရှိကို ပြည့်စုံစွာဖော်ပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- စီးပွားရေးအဖွဲ့အစည်းကို မည်သို့နားလည်သနည်း။
- ပြည်သူသုံးလုပ်ငန်းဟူသည် အဘယ်နည်း။ မြန်မာနိုင်ငံရှိ ပြည်သူသုံးလုပ်ငန်း လက္ခဏာရပ်များနှင့် ကိုက်ညီသောလုပ်ငန်းသုံးခုအကြောင်း ဝေဖန်ဆန်းစစ်ရေးသားပါ။

**ရည်ညွှန်းချက်-ကျောင်းသုံးစာအုပ်၏ စာမျက်နှာ(၁၁၀)မှ အဓိကအချက်များကို အသုံးပြု၍သင်ကြားရန်။**

DBE BOX Copyright Protected

**အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း**　　**စာသင်ချိန်(၁၆)**

- နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ချက်များသည် ထိုနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်တွင် ပါဝင်ပေါင်းစပ်နေကြောင်းကို ဥပမာများဖြင့်ရှင်းပြပါ။ စီးပွားရေးလုပ်ဆောင်ချက်များ အဆင့်ဆင့်ချိတ်ဆက်မှုကို အုပ်စုလိုက်ဖော်ပြဆွေးနွေးပါ။
- စီးပွားရေးစနစ်ကို မည်သည့်ရှုထောင့်မှ လေ့လာနိုင်သနည်း။
- တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအဖွဲ့အစည်းအမျိုးအစားကို ပြဋ္ဌာန်းရာတွင် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုသည် အရေးကြီးသောအချက်တစ်ရပ်ဖြစ်သည်ကို ပြည့်စုံစွာရှင်းလင်းပါ။
- ထို့နောက် အောက်ပါပုံပြဇယားတွင် ကွက်လပ်ထား၍ လိုအပ်သောအချက်များကို ဖြည့်ခိုင်းပြီး အခန်း(၃)တွင်သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




DBE BOX - Copyright Protected

**လေ့ကျင့်ခန်းများ**　　**စာသင်ချိန်(၁၇၊၁၈)**



၁။　အောက်ပါမေးခွန်းများကို မှား မှန် ရွေးပါ။

(က)　ကုန်ထုတ်စွမ်းအားစုများကို မြေယာ၊ လုပ်အား၊ အရင်းအနှီးဟူ၍ သုံးမျိုးခွဲခြားထားသော်လည်း အရင်းအနှီးသည် အခြေခံအကျဆုံးသော စွမ်းအားစုဖြစ်သည်။

(ခ)　အိမ်ထောင်စုတစ်စုအတွက် ဆေးဝါးဝယ်ယူခြင်းကို စုပေါင်းစားသုံးခြင်းဟုခေါ်ပါသည်။

(ဂ)　လယ်သမားတစ်ဦး၏ စားသုံးရန်ဆုံးဖြတ်ချက်သည် သွယ်ဝိုက်သောအားဖြင့် စုဆောင်းရန်ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

(ဃ)　မြေယာတွင် မြေအောက်ရှိ သဘာဝသယံဇာတ အားလုံးလည်း ပါဝင်သည်။

၂။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။

(က) ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ရန်အတွက် ----------------- များကို ပေါင်းစပ်အသုံးပြုရသည်။

(ခ) လက်သမားက ပရိဘောဂများထုတ်လုပ်ခြင်း၊ လယ်သမားကစပါးစိုက်ပျိုးထုတ်လုပ်ခြင်း တို့ကို -------------------- ဟုခေါ်သည်။

(ဂ) ဇောက်ချလုပ်ကိုင်ခြင်း၊ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်းနှင့် ---------------------- တို့ အလွန်အရေးပါလာပေသည်။

(ဃ) ကုန်ထုတ်အင်အားစုများအတွက် ရရှိသည့်ဝင်ငွေများကို ----------------ဟု ခေါ်ပါသည်။

(င) မိမိတွင်ပိုလျှံနေသော ကုန်ပစ္စည်းကို မိမိလိုအပ်လျက်ရှိသော ကုန်ပစ္စည်းနှင့်တိုက်ရိုက်ဆက်သွယ်၍ လဲလှယ်ခြင်းကို ---------------------- စနစ်ဟုခေါ်သည်။

(စ) ကုန်စည်များကို နောက်ဆုံးအသုံးပြုခြင်းတွင် စားသုံးခြင်း၊ -------------------နှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချခြင်းတို့ပါဝင်သည်။

(ဆ) ----------------------လုပ်ငန်းများသည် ပြည်သူလူထုကောင်းကျိုးအတွက် မရှိမဖြစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးပါသည်။

Option

၃။ အဖြေမှန်ရွေးပါ။

(က) စီးပွားရေးလုပ်ဆောင်ချက်များကို (က) ၃မျိုး (ခ) ၄မျိုး (ဂ) ၅မျိုး ခွဲခြားဖော်ပြနိုင်ပါသည်။

(ခ) လူ့လုပ်အားတွင် ကာယလုပ်အားအပြင် ကျွမ်းကျင်မှုနှင့် (က)အဆောက်အဦများ (ခ) ရုပ်ဝတ္ထုများ (ဂ) အတတ်ပညာများလည်း ပါဝင်ပါသည်။

(ဂ) မြေယာပိုင်ဆိုင်သူများက (က) အမြတ်ဝေစု (ခ) ငှားရမ်းခ (ဂ) လုပ်ခနှင့်လစာ များရရှိကြပါသည်။

(ဃ) စီးပွားရေးစနစ်၏ နိုင်ငံရေးရှုထောင့်သည် (က) ကုန်စည်နှင့်ဝန်ဆောင်မှုများ (ခ) ကုန်ထွက်များ (ဂ) ကုန်ထုတ်အင်အားစုများကို မည်သူတို့ကပိုင်ဆိုင်ပြီး စုစုပေါင်းထုတ်ကုန်အားလူတန်းစားများအကြားတွင် မည်သို့ခွဲဝေဖြန့်ဖြူးသည်နှင့် သက်ဆိုင်ပါသည်။

(င) စီးပွားရေးလုပ်ဆောင်ချက်များ၏ အဓိကဦးတည်ချက်မှာ (က) စားသုံးခြင်း (ခ) စုဆောင်းခြင်း (ဂ)ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။

DBEBOX - Copyright Protected

၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

(က) လဲလှယ်ခြင်းမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဖြစ်ပေါ်လာနိုင်ကြောင်းကို မြန်မာနိုင်ငံဒေသအသီးသီးရှိ ကုန်စည်အချင်းချင်း လဲလှယ်ခြင်းကို အစပြု၍ရှင်းပြပါ။

(ခ) စီးပွားရေးလုပ်ဆောင်ချက်များတွင် စားသုံးခြင်းသည်မည်သို့အရေးပါသနည်း၊ ကျိုးကြောင်းပြ၍ ရှင်းပြပါ။

(ဂ) စီးပွားရေးစနစ်ဟူသည်မှာ အဘယ်နည်း။ ကမ္ဘာပေါ်ရှိစီးပွားရေးစနစ်ကို မည်သို့ခွဲခြားနိုင်ကြောင်း လက်ရှိကျင့်သုံးနေသောနိုင်ငံများဖြင့် ဥပမာပေး၍ဖြေဆိုပါ။

(ဃ) စီးပွားရေးအဖွဲ့အစည်းများ၏အမျိုးအစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များကို ခွဲခြားဖော်ထုတ်၍ လက်တွေ့ဥပမာများဖြင့် သုံးသပ်ပြပါ။

DBE BOX - Copyright Protected

## ဝေါဟာရ

**အခန်း(၁)**
အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ
ချွေတာရေး
အခြေခံကျသောလိုအပ်ချက်
အခြေခံမကျသောလိုအပ်ချက်
ထုတ်လုပ်မှုအရင်းအမြစ်များ
ဘောဂဗေဒဘာသာရပ်

**အခန်း(၂)**
ကုန်စည်
ဝန်ဆောင်မှု
အခမဲ့ကုန်စည်
ရှားပါးကုန်စည်
စီးပွားရေးကုန်စည်
သွင်းအားစု
ကုန်ထွက်
ကုန်ထုတ်သွင်းအားစု
မူလသွင်းအားစု
ကြားသုံးသွင်းအားစု
ကုန်ချော
ကုန်ကြမ်း
တစ်ဝက်တစ်ပျက်ပြီးကုန်ချော
နောက်ဆုံးသုံးကုန်စည်
ကြားသုံးကုန်စည်
စားသုံးကုန်စည်
ထုတ်လုပ်သူသုံးကုန်စည်
ကြာရှည်သုံးကုန်စည်
တစ်ခါသုံးကုန်စည်
ပျက်စီးလွယ်သောကုန်စည်
မပျက်စီးလွယ်သောကုန်စည်
ကုန်လက်ကျန်
ကုန်စီးဆင်းမှု

**အခန်း(၃)**
စီးပွားရေးလုပ်ဆောင်ချက်များ
ထုတ်လုပ်ခြင်း
အလုပ်ခွဲခြားလုပ်ကိုင်ခြင်း
ဖြန့်ဖြူးခြင်း
အင်အားစုအခဝင်ငွေ
လဲလှယ်ခြင်း
တိုက်ရိုက်ဖလှယ်သည့်စနစ်
ရောင်းကုန်များ
ဈေးနှုန်းများ
နှိုင်းယှဉ်ဈေးနှုန်း
ငွေကြေးဈေးနှုန်း
အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး
စားသုံးခြင်း
တစ်ဦးချင်း သို့မဟုတ်
အိမ်ထောင်စုအလိုက်စားသုံးခြင်း
စုပေါင်းစားသုံးခြင်း
စုဆောင်းခြင်း
ရင်းနှီးမြှုပ်နှံခြင်း
စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်
စီးပွားရေးစနစ်
စီးပွားရေးအဖွဲ့အစည်း
နိုင်ငံစုံစီးပွားရေးအဖွဲ့အစည်းများ

DBE BOX - Copyright Protected